# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၀၅)


# ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့်အတူဒွန်တွဲလျက် ပြည်ထောင်စုအတွင်း တရားဥပဒေစိုးမိုးမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အလေးထားဖော်ဆောင်

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့သော သဝဏ်လွှာ

**(၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလ ၁၃ ရက် )**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်နေ့သည် ကရင်တိုင်းရင်းသား အားလုံးတို့၏ အလေးအမြတ်ထား ဂုဏ်ယူတန်ဖိုးထားကြသည့် ကရင်အမျိုးသားနှစ်သစ်ကူးမင်္ဂလာ နေ့ထူးနေ့မြတ် ဖြစ်သည်နှင့်အညီ နှစ်သစ်အခါသမယတွင် ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာပျော်ရွှင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် COVID–19 ရောဂါကို မြန်မာနိုင်ငံတွင် အစိုးရ၊ ပြည်သူတို့ ပူးပေါင်းရင်ဆိုင်ခဲ့ကြရပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း အိမ်နီးချင်းနိုင်ငံတွင် အလုပ်အကိုင်အမျိုးမျိုး လုပ်ကိုင်နေကြရသည့် ပြည်ပရောက် အလုပ်သမားများ COVID–19 ကပ်ရောဂါကြောင့် နေရပ်ပြန်ရချိန်တွင် ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖေးမကူညီပံ့ပိုးခဲ့ကြသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာအတိဟု ဆိုနိုင်ပါသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းချိန်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးအချိန်ကာလတွင် နှစ်ဟောင်းကို နောက်တွင် ချန်ထားခဲ့ပြီး နှစ်သစ်အတွက် စိတ်သစ်၊ လူသစ်၊ သန္နိဋ္ဌာန်အသစ်များဖြင့် လန်းဆန်းတက်ကြွနေကြမည်ဟုလည်း အခိုင်အမာ ယုံကြည်ပါသည်။

ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ငြိမ်းချမ်းရေးကို အတူတကွတည်ဆောက်ရန်သာမက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကိုပါ ခိုင်ခိုင်မာမာ ကတိကဝတ်ပြုခဲ့ပြီးသည့်နောက် လက်နက်ကိုင် ပဋိပက္ခကြောင့် မှေးမှိန်ငုပ်လျှိုးခဲ့ရသည့် အခွင့်အလမ်းများလည်း အရှိန်အဟုန်နှင့် ပေါ်ထွက်လာခဲ့ပါသည်။ ကရင်ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေး၏ အချက်အချာဒေသတစ်ခု၊ မပျက်စီးသေးသည့် သဘာဝ အလှတရားများနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ စတင်ဖွံ့ဖြိုးစ ရပ်ဝန်းတစ်ခု၊ အာဆီယံ အရှေ့–အနောက် စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိသည့် ပေါင်းကူးတစ်ခုဖြစ်သည့်အားလျော်စွာ နယ်ပယ်စုံ၊ ကဏ္ဍစုံမှ တိုးတက်မှု အလားအလာကောင်းများ စုစည်းလျက်တည်ရှိနေပါသည်။


နယ်စပ်ဒေသဖြစ်သည်နှင့်အညီ ဒေသတွင်း သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများ၏ လူမှု–စီးပွားကို မထိခိုက်စေဘဲ တိုးတက်မှုများကို စနစ်တကျ ဖော်ဆောင်နိုင်ရန် အထူးအရေးကြီးလှပါသည်။ စီးပွားရေး အခွင့်အလမ်းများနှင့် ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာတွင် ရေရှည်တည်တံ့မှု၊ စနစ်တကျရှိမှု၊ ဒေသနှင့် ဒေသခံပြည်သူများအတွက် စစ်မှန်သည့် တိုးတက်မှုစသည်တို့ ဖြစ်ရန်လည်း အထူးလိုအပ်လှပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့်အတူဒွန်တွဲလျက် ပြည်ထောင်စုအတွင်း တရားဥပဒေစိုးမိုးမှု၊ လွတ်လပ်မှု၊ *စာမျက်နှာ ၃ ကော်လံ ၁* ❑

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းဆွေးနွေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**မိတ်ကောင်း ဆွေလာ နှစ်သစ်မှာ ငြိမ်းချမ်း မင်္ဂလာ တိုးပါစေ**

ဆောင်းပါး စာ ၆

**နည်းဥပဒေများ ထုတ်ပြန်ခြင်း**

ဥပဒေရေးရာ ဆောင်းပါး စာ ၂၀


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# မမေ့မလျော့ မပေါ့မတန် ထက်သန်သော သတိတရားဖြင့်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကမ္ဘာ့နိုင်ငံကြီးများတွင် စတင်အသုံးပြု ထိုးနှံနေပြီဖြစ်၏။ သို့သော်လည်း အခြားတစ်ဖက်တွင် ကိုဗစ်ရောဂါ၏ မူလဘူတ အရင်းခံဖြစ်သော ကိုရိုနာဗိုင်းရပ်စ်ပိုးက ဗီဇပြောင်းပုံစံဖြင့် ထွက်ပေါ်လာပြီး ပိုမိုဆိုးရွားလာနိုင်ဖွယ်ရှိသည်ဟု နိုင်ငံကြီးများကို ခြိမ်းခြောက်လာနေပြန်သည်။

ယခု ဗီဇပြောင်းဗိုင်းရပ်စ်ပိုးသည် ဝေဒနာထိခိုက်ပြင်းထန်သည် ဆိုခြင်းနှင့် ပတ်သက်၍ သေချာထင်ရှားမှုမရှိသော်လည်း ကူးစက်မြန်ဆန်သည်၊ ကလေးငယ်များကိုလည်း ကူးစက်လွယ်သည်ဆိုခြင်းကိုမူ အထောက်အထားများဖြင့် တွေ့ရှိနေရသည်။

လက်ငင်းအခြေအနေတွင် ကျန်းမာရေးဆိုင်ရာ သိပ္ပံပညာရှင်များ အထူးစိတ်ပူနေကြ၊ သတိထားနေကြသည်မှာ အင်္ဂလန်နိုင်ငံနှင့် တောင်အာဖရိကတွင် တွေ့နေရသော ဗီဇပြောင်းဗိုင်းရပ်စ်ပိုး ဖြစ်၏။ အဓိကအကြောင်းမှာ ယင်းဗီဇပြောင်းဗိုင်းရပ်စ်ပိုး ကူးစက် ပြန့်ပွားနေမှုမှာ လွန်စွာစိုးရိမ်လောက်အောင် မြန်ဆန်များပြားနေသောကြောင့် ဖြစ်သည်။

ဗီဇပြောင်းဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုသည် နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ ရောက်ရှိနေသည်ဟု မှတ်ချက်ပြုထားပြီး ပြည်တွင်းကူးစက်ပြန့်ပွားနေမှုကို နိုင်ငံ တစ်ဒါဇင်ထက်မနည်း တွေ့ရသည်ဟုလည်း ဆိုပါသည်။ ဗီဇပြောင်းဗိုင်းရပ်စ်ပိုးသည် တစ်မျိုးထက်မက ရှိနေနိုင်ပြီး ပိုးရောက်ရှိနေသည့် နိုင်ငံအားလုံးကို တိတိကျကျ မသိနိုင်သေးဟုလည်း သိရပါသည်။

ယနေ့ကမ္ဘာတစ်ခွင်တွင် စတင်ထိုးနှံနေပြီဖြစ်သော ကာကွယ်ဆေး၏ အာနိသင်သည် မည်မျှလောက်ကြာအောင် ကာကွယ်နိုင်မည်ဆိုသည်ကိုလည်း ယတိပြတ် မပြောနိုင်သေးပါ။ သို့သော်လည်း လူများများကို ကာကွယ်ဆေးထိုးပေးနိုင်ပြီဆိုလျှင်မူ လတ်တလော ပူပန်နေရသည်တို့ များစွာလျော့နည်း သက်သာသွားမည် ဖြစ်ပါသည်။

ကျန်းမာရေးဆိုင်ရာ ပညာရှင်ကြီးများက ကာကွယ်ဆေးထိုးနှံပြီးပြီဆိုလျှင်သော်မှ နှာခေါင်းနှင့် ပါးစပ်စည်း တပ်ဆင်၊ လက်ဆေးအစရှိသည့် ကိုဗစ်ရောဂါကာကွယ်ရေး အခြေခံ စည်းမျဉ်းများကို ဆက်လက် လိုက်နာကြရန် လိုအပ်နေဦးမည်ဟု ဆိုပါသည်။

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၊ စတုတ္ထလှိုင်းတို့ဟူသည် ရှိနေလိမ့်ဦးမည်။ ဗီဇပြောင်းဗိုင်းရပ်စ်ပိုးကလည်း တစ်မျိုး နှစ်မျိုးမက ရှိနေမည်။ မည်သည့် ဗီဇပြောင်းပိုးက မည်မျှလောက်ပြင်းထန်မည်၊ မည်မျှလောက် ဆိုးရွားမည်ဆိုသည်ကို အခိုင်အမာမပြောနိုင်သော်လည်း ယနေ့တွေ့ရှိနေသည့် ဗီဇပြောင်းပိုးသည် လူတစ်ဦးနှင့်တစ်ဦးကြား ကူးစက်မြန်သည်ကတော့ အသေအချာဖြစ်သည်။

ယနေ့အချိန်ထိ ဗီဇပြောင်းဗိုင်းရပ်စ်ပိုး မြန်မာနိုင်ငံတွင်းသို့ ရောက်ရှိမလာသေးသည့်အတွက် မြန်မာနိုင်ငံသားတို့အနေဖြင့် အထိတ်တလန့်ဖြစ်စရာ၊ စိုးရိမ်ပူပန်လွန်ဖြစ်စရာမရှိဟု ဆိုရပါမည်။ ဤနေရာတွင် ယနေ့အချိန်ထိ မတွေ့သေးဟုဆိုသည်မှာ မှန်သော်လည်း လုံးဝရောက်မလာဟု ဆိုလိုခြင်းမဟုတ်သည့်အတွက် ရောက်လာနိုင်သည်ဟု မှန်းဆထားရန်လိုမည်ဟု ယူဆပါသည်။ ယခုအခါမှစ၍ အချိန်မရွေး ရောက်လာနိုင်သည်ဟု သဘောထားကာ စီမံစရာရှိတာ စီမံ၊ ကြိုတင်ပြင်ဆင်စရာရှိတာ ပြင်ဆင်၊ ပြည်သူတစ်ဦးချင်းကလည်း အသိစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ကြစသည်ဖြင့် လုပ်ကြရမည်ဟု မြင်ပါသည်။

ယနေ့ထွက်ပေါ်လာနေပြီဖြစ်သော ကာကွယ်ဆေးတို့က ဗိုင်းရပ်စ်ပိုးကူးစက်မှုကို များစွာထိန်းချုပ်ကာကွယ်နိုင်မည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း လုံးဝဥဿုံ ချုပ်ငြိမ်းပျောက်ကွယ်သွားမည်တော့ မဟုတ်ချေ။ ထို့ကြောင့် အကြိမ်ကြိမ် သတိပေးနေကျ ဖြစ်သည့်၊ လူစုလူဝေးမပြုလုပ်ကြရန်၊ အတတ်နိုင်ဆုံး အိမ်တွင်းမှာ နေနိုင်သမျှနေကြရန်၊ အပြင်သို့ မဖြစ်မနေထွက်ရသည့်အခါ မျက်နှာဖုံးကာ၊ နှာခေါင်းနှင့် ပါးစပ်စည်း ဝတ်ဆင်၊ မကြာခဏနှင့် စနစ်တကျ လက်ဆေး၊ လူချင်းဆက်ဆံပြောဆိုရာတွင် အနည်းဆုံး ခြောက်ပေခွာနေကြရန်ဟူသည့် ကိုဗစ်ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းများကို သတိကြီးစွာ၊ မမေ့မလျော့ လိုက်နာကြရန် လိုပါမည့်အကြောင်း နှိုးဆော်သတိပေးလိုက်ရပါသည်။ ။

## ခေါင်းဆောင်ဟူသည်

❖ ခေါင်းဆောင်တရား၊ သိမှတ်သား၍
သင်ကားမသွေ၊ ဆန်းစစ်လေပြီး
ဝေဖန်ဆုံးဖြတ်၊ ယူသုံးသပ်၍
မှတ်သားထွေထွေ၊ ပြုကျင့်နေက
သင်လေခေါင်းဆောင်၊ ပြည်ကျိုးဆောင်မို့
ထွန်းပြောင်တို့ပြည်၊ သာလို့စည်။

❖ ခေါင်းဆောင်ဟူသည် -
ရိုးသားဖြောင့်မတ်၊ အကျင့်မြတ်မှ
တပ်အပ်သေချာ၊ အောင်မြင်စွာဖြင့်
ညီညာစုပေါင်း၊ နောက်လိုက်ကောင်းနှင့်
မိတ်ဟောင်းစုံမည်၊ တူညီညီ။

❖ ခေါင်းဆောင်ဟူသည် -
ယုံကြည်ပြည့်ဝ၊ စိတ်ဆန္ဒဖြင့်
မရမနေ၊ ဖွဲသန်ပေမှ
ထိုလေလူများ၊ ယုံကိုးစားပြီး
နောက်ပါးမသွေ၊ ထက်ကြပ်နေ။

❖ ခေါင်းဆောင်ဟူသည် -
ရှေးရှုမေတ္တာ၊ စေတနာနှင့်
ဝေးကွာသမှု၊ သင်မပြုဘဲ
ကူမှုထွေထွေ၊ မြဲပြုနေပြီး
စဉ်လေတွဲခေါ်၊ လက်တွဲဖော်။

❖ ခေါင်းဆောင်ဟူသည် -
ကတိသစ္စာ၊ မြဲတည်စွာနှင့်
စဉ်သာဆောင်ရွက်၊ နေ့ရက်ဆက်ဖြင့်
လက်တွန့်နောက်ဆုတ်၊ မတုန်လှုပ်ဘဲ
အားထုတ်မသွေ၊ ဆောင်ရွက်နေ။

❖ ခေါင်းဆောင်ဟူသည် -
တိကျပြတ်သား၊ မိန့်စကားဖြင့်
ညွှန်ကြားမသွေ၊ ဆောင်ရွက်နေပြီး
သူလေမျှော်မှန်း၊ ရည်ရွယ်နန်းကို
မပန်းမပင်၊ စခန်းဝင်။

❖ ခေါင်းဆောင်ဟူသည် -
အဆုံးအဖြတ်၊ လွယ်မမှတ်ဘဲ
မပြတ်အစဉ်၊ မြဲတိုင်ပင်ပြီး
ထဲဝင်သုံးသပ်၊ သူဆုံးဖြတ်၍
တပ်အပ်သေချာ၊ ဖြေမှန်ရှာ။

❖ ခေါင်းဆောင်ဟူသည် -
တာဝန်ခံမှု၊ အမြဲပြုပြီး
ဝေစုကဏ္ဍာ၊ မတူမျှဘဲ
ပြစ်ကျလျှင်မူ၊ သူပိုယူ၍
ကျိုးမူခံစား၊ စဉ်နောက်နား။

❖ ခေါင်းဆောင်ဟူသည် -
ငါပဲအားလုံး၊ ဆောင်ရွက်ထုံးကား
ယူသုံးမရ၊ သဘာဝမို့
တူမျှကာဝေ၊ ဆောင်ရွက်စေပြီး
မသွေပန်းတိုင်၊ တူလှမ်းကိုင်။

❖ ခေါင်းဆောင်ဟူသည် -
ဆန်းသစ်တီထွင်၊ ဉာဏ်သိမြင်ဖြင့်
မြဲပင်ကြိုးစား၊ ရပ်မနားဘဲ
အရဲကြိုးကုတ်၊ ကြက်ရဲသုတ်သို့
အားထုတ်အစဉ်၊ ခရီးနှင်။

❖ ခေါင်းဆောင်ဟူသည် -
ကိုယ်တည်းကြိုးစား၊ နေနိုင်အားပြီး
ပစ်ထားနောက်ပါ၊ မပြုကာမို့
ကြုံလာတွေ့ဆဲ၊ သူ့ခက်ခဲကို
အမြဲအစဉ်၊ ကူဖို့ပြင်။

❖ ခေါင်းဆောင်ဟူသည် -
တွေ့ကြုံဆုံမြဲ၊ သည်ခက်ခဲကို
ရဲရဲရင်ဆိုင်၊ ကြံ့ကြံ့ခိုင်ပြီး
တူပြိုင်ညီညာ၊ ပေါင်းစုကာဖြင့်
ဖြေရှာသမှု၊ အမြဲပြု။

❖ ခေါင်းဆောင်ဟူသည် -
စိတ်မှုခံစား၊ နာမ်တရားကို
ကျော်လွှားထိန်းချုပ်၊ ခန္တီထုတ်ပြီး
မယုတ်အလျဉ်း၊ ဆက်ဆံခြင်းကို
မယွင်းမသွေ၊ ခိုင်မြဲစေ။

❖ ခေါင်းဆောင်ဟူသည် -
နှိမ့်ချစိတ်အား၊ အမြဲထားပြီး
အများဗိုလ်လူ၊ မေတ္တာမူဖြင့်
မြဲယူဆက်ဆံ၊ ကိုယ်ကောင်းကြံဘဲ
မှန်ကန်အမှု၊ အမြဲပြု။

❖ ခေါင်းဆောင်ဟူသည် -
နောက်ပါခပင်း၊ ဆွေရောင်းရင်းအား
သတင်းအမှန်၊ မခြွင်းချန်ဘဲ
ဇာကန်သိပေး၊ စဉ်ဆွေးနွေးပြီး
မြင်တွေးထင်ရှား၊ သိစေသား။

❖ ခေါင်းဆောင်ဟူသည် -
မဟာဗျူဟာ၊ နည်းဗျူဟာနှင့်
ဗျူဟာစုံညီ၊ ခင်းကျင်းစီ၍
တူညီစုစည်း၊ ဒီခရီးကို
ပြီးဆုံးထိတိုင်၊ ဖွဲခိုင်ခိုင်။ ။

မောင်ဇေယျ

## သုတေသနစာတမ်းနှင့် သုတေသနပိုစတာ ဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၁၂

တတိယအကြိမ် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ ၂၀၂၁ ကို ၂၀၂၁ ခုနှစ် မေလ နောက်ဆုံးရက်သတ္တပတ်တွင် ရန်ကုန်တက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ သုတေသီများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် မိမိတို့၏ သုတေသနစာတမ်း၊ သုတေသနပိုစတာများ ညီလာခံသို့ တင်သွင်းလိုပါက Website: http;//www.nepc.edu.mm/murc 2021/ သို့ ဝင်ရောက်ကြည့်ရှု တင်သွင်းနိုင်ကြောင်း ပါမောက္ခချုပ်များ ကော်မတီက ဖိတ်ခေါ်ထားကြောင်း သိရသည်။ မြန်မာ့အလင်း



ကိုဗစ်-၁၉ ကာလ အထောက်အပံ့ဖြစ်စေရေးအတွက် သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်-ဇနီး သီဟသုဓမ္မသီဂီ ဒေါ်အေးမြင့်သန်း၊ သမီး မစိုးစိုးသန်း(အောင်ရတနာသက်န်းတိုက်) မိသားစုက ကြည့်မြင်တိုင်မြို့နယ်ရှိ အနေးယာဉ်လုပ်သား ၄၃၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီဖြင့် စုစုပေါင်း ငွေကျပ် ၁၃၁၄၀၀၀၀ ကို ဇန်နဝါရီ ၁၂ ရက်က နေအိမ်၌ ထောက်ပံ့ပေးအပ်စဉ်။
တင်ဝင်းလေး (ကြည့်မြင်တိုင်)

# ပြည်သူသာလျှင် အဓိက

❑ *ရှေ့ဖုံးမှ*

တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အလေးထား ဖော်ဆောင်သွားနိုင်ရန်မှာ ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ်တွင် အထူးပင်တည်မှီနေပါသည်။

နောင်လာမည့် (၁၀) နှစ်၊ သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့ ကရင်ပြည်နယ်ကြီးကို မည်သည့်အနေအထားမျိုး၊ မည်သည့်အဆင့်အတန်းမျိုး ဖြစ်နေသည်ကို မြင်ချင်ကြပါသနည်း။ အဆိုပါ မေးခွန်းကို ယနေ့လက်ရှိ ကရင်ပြည်နယ်ရှိ တာဝန်ရှိသူများ၊ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၏ အမြော်အမြင်နှင့် စိတ်ပိုင်းဖြတ်ချက်တို့က အဖြေပေးသွားမည်ဖြစ်ပါသည်။ ယခုလာမည့်နှစ်သစ်မှစတင်၍ ဆယ်စုနှစ် တစ်ခုစာအတွင်း လက်ရှိတာဝန်ရှိသူ ခေါင်းဆောင်များ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် မိမိတို့၏ မျိုးဆက်သစ်လူငယ်များအပေါ်ထားရှိသော စေတနာ၊ မေတ္တာနှင့် မျှော်မှန်းချက်တို့ဖြစ်ပြီး ၎င်းသည်ကို လာမည့် သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် ထင်ထင်ရှားရှား တွေ့မြင်လာကြရမည်သာ ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကရင်ပြည်နယ်ကစ၍ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး၊ စစ်မှန်သည့်ဖွံ့ဖြိုးရေးတို့ ဖြစ်ထွန်းရရှိစေလိုပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော မျိုးဆက်သစ်များ၊ မိမိခြေထောက်ပေါ် မိမိတို့ ခိုင်ခိုင်မာမာ ရပ်တည်ပြီး နည်းပညာလူ့အဖွဲ့အစည်းတွင် တန်းတူရည်တူ ရပ်တည်နိုင်သည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လူငယ်များ၏ အင်အားဖြင့် နိုင်ငံတည်ဆောက်ရေးကို ဆက်လက်ဆင့်ကမ်း ဆောင်ရွက်သွားစေလိုပါသည်။ သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် ကရင်ပြည်နယ်ကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိပြီး ခရီးသွားလုပ်ငန်း ဗဟိုချက်တစ်ခု၊ ခေတ်မီ နယ်စပ်ကုန်သွယ်ရေးဇုန်ကြီးတစ်ခု၊ အထူးစိုက်ပျိုးရေးဇုန်၊ အထူးစက်မှုဇုန်ကြီးများနှင့် အထူးစီးပွားရေးဇုန်ကြီးများ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိပြီး ၎င်းပြည်နယ်ကို နည်းပညာအခြေခံ ကရင်လူ့အဖွဲ့အစည်းက မိမိတို့၏ ကျွမ်းကျင်မှုဖြင့် ညီညီညွတ်ညွတ် တည်ဆောက်နေကြသည်ကို မြင်လို၊ တွေ့လို၊ လက်တွေ့ဖြစ်ပေါ် လာစေလိုပါသည်။

မိမိတို့ပြည်နယ်အတွက် ပညာနှင့်ယှဉ်တွဲသော သတ္တိရှိခြင်း၊ မိမိတို့ မျိုးဆက်သစ်များအတွက် မေတ္တာနှင့်ယှဉ်တွဲသော ရဲရင့်ခြင်းသည် မွန်မြတ်သော စိတ်ဓာတ်၊ ထားအပ်သည့် ခံယူချက်၊ မြင့်မြတ်သည့် တာဝန်များဖြစ်သည်ဟု ရှုမြင်လျက် ပိုမိုငြိမ်းချမ်း၊ ပိုမိုတိုးတက်၊ ပိုမိုကောင်းမွန်သော နှစ်သစ်ကို လက်တွဲ ပူးပေါင်းဖော်ဆောင်ကြရန်လည်း အလေးအနက် ဖိတ်ခေါ်လိုပါသည်။

ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ယနေ့ ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့မှအစပြု၍ ပြည်ထောင်စုငြိမ်းချမ်းရေးကို စံနမူနာကောင်းများဖြင့် ဆက်လက်ဖော်ဆောင်ပေးနိုင်ကြပါစေ၊ ကရင်တိုင်းရင်းသားများ၏ မေတ္တာတရား ပေါင်းစည်း ညီညွတ်မှုစွမ်းအားဖြင့် ကရင်ပြည်နယ်ကြီး အရှိန်အဟုန်နှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေ၊ ကရင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ၊ နှစ်သစ်ကူးကာလတွင် ပျော်ပျော်ရွှင်ရွှင် ငြိမ်းငြိမ်းချမ်းချမ်း နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် ကောင်းကျိုးမင်္ဂလာအဖြာဖြာ ခံစားနိုင်ကြပါစေ၊ COVID-19 ကပ်ရောဂါ အပါအဝင် ဘေးရန်အပေါင်းမှ ကင်းဝေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် နွေးထွေးသောမေတ္တာဖြင့် ၎င်းသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**❑ နိုင်ငံတော်အစိုးရအနေဖြင့် ကရင်ပြည်နယ်ကစ၍ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး၊ စစ်မှန်သည့်ဖွံ့ဖြိုးရေးတို့ ဖြစ်ထွန်းရရှိစေလို**

**❑ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော မျိုးဆက်သစ်များ၊ မိမိခြေထောက်ပေါ် မိမိတို့ ခိုင်ခိုင်မာမာရပ်တည်ပြီး နည်းပညာလူ့အဖွဲ့အစည်းတွင် တန်းတူရည်တူ ရပ်တည်နိုင်သည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လူငယ်များ၏ အင်အားဖြင့် နိုင်ငံတည်ဆောက်ရေးကို ဆက်လက်ဆင့်ကမ်းဆောင်ရွက်**

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) အတွက် ထောက်ပံ့လှူဒါန်းငွေ ပေးအပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) အတွက် ထောက်ပံ့လှူဒါန်းငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ရုံးအမှတ် (၄၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




### အထိရောက်ဆုံးဖြစ်မည်ဟု ယူဆ

အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ က ရခိုင်ပြည်နယ်တွင်ရှိနေသည့် အိမ်ထောင်စု ၁၅၀၀၀ ကျော်အတွက် ဆောင်းတွင်းကာလတွင် အမှန်တကယ် လိုအပ်သည့် နေရာများ၏ စာရင်းကိုတောင်းခံ၍ စောင်များကို လှူဒါန်းရန် စီစဉ်ရခြင်း ဖြစ်ပါကြောင်း၊ ၎င်းသို့ လှူဒါန်းသည့်အခါတွင် မည်သို့လှူဒါန်းပါက အထိရောက်ဆုံးဖြစ်မည်နှင့် အောက်ခြေအထိ သက်ဆိုင်ရာပုဂ္ဂိုလ်များ လက်ထဲအထိရောက်အောင် အကောင်းဆုံး မည်သို့လှူဒါန်း၍ရမည်ကို စဉ်းစားသည့်အခါတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် လှူဒါန်းခြင်းသည် အထိရောက်ဆုံးဖြစ်မည်ဟု ယူဆ၍ ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ပါကြောင်း။

### ထိထိရောက်ရောက် ဖြန့်ဖြူးပေး

တစ်နည်းအားဖြင့်ဆိုရပါက ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသူများအားလုံးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တတ်နိုင်သည့်နေရာမှ ပံ့ပိုးကူညီချင်သည့် ဆန္ဒကို ထုတ်ဖော်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့သိရှိရသည်မှာ ယခုအချိန်တွင် ဆောင်းရာသီ၏ အအေးဒဏ်ကိုကာကွယ်ရန် အနွေးထည်များနှင့်စောင်များ လိုအပ်သည်ဟုပြောသည့်အတွက် လှူဒါန်းရခြင်း ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့၏ လှူဒါန်းငွေကို ထိထိရောက်ရောက် ဖြန့်ဖြူးပေးမည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပုဂ္ဂိုလ်များအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### အကောင်အထည်ဖော် ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ က ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်းတွင်ရှိသည့် ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောဒေသများမှ ရခိုင် Community နှင့် မွတ်ဆလင် Community IDP စခန်းများတွင်ရှိသည့် အသိုက်အဝန်း နှစ်ခုစလုံးမှ မိသားစုပေါင်း ၁၅၈၁၂ စုအတွက် ထောက်ပံ့လှူဒါန်းငွေစုစုပေါင်း (သိန်းခြောက်ရာနှင့် ရှစ်သောင်း ငါးထောင့်ခြောက်ရာကျပ်) ကို ဆောင်းရာသီဖြစ်သည့်အတွက် လိုအပ်နေသည့် ခြုံစောင်များဝယ်ယူပြီး ထောက်ပံ့ပေးသွားမည့် အစီအစဉ်တွင် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်တွင်ရှိသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် ဆက်လက်ဖြစ်မြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်အတွင်း၌ရှိသည့် လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး (Social Cohesion) လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်တည်တံ့သော တည်ငြိမ်အေးချမ်းရေးကို ရရှိစေရန်နှင့် မတူကွဲပြားသော အသိုက်အဝန်းများကြား ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်စေရန် ရည်ရွယ်၍ မောင်တောမြို့နယ်ကို လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး စံပြမြို့နယ်စီမံကိန်းအဖြစ် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အမျိုးသားသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center for Diversity and National Harmony–CDNH) တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ လုပ်ငန်း (၅) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ရခိုင်ပြည်နယ်တွင်ရှိသည့် IDP စခန်းများနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် IDP စခန်းများအတွက် လိုအပ်နေသည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သမျှ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ ထောက်ပံ့လှူဒါန်းပေးမှုအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ က ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) အတွက် ထောက်ပံ့လှူဒါန်းငွေကျပ် ၆၀၀၈၅၆၀၀ ကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက လက်ခံရယူသည်။ (ဓာတ်ပုံ)

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်တင်နှင့် ဦးမင်းလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိဘုရားများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် သာသနာရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ဘုရားပုထိုးများ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများဖြစ်သော မင်္ဂလာစေတီ၊ လောကဥဿျောင်ဘုရား၊ လောကထိပ်ပန်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဘုရားသုံးဆူဘုရား၊ စူဠာမဏိဘုရား၊ နရသီဟပတေ့ဘုရား၊ သဗ္ဗညုလဘုရားအပါအဝင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားများ ပြန်လည်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ထားမှုများနှင့် လုပ်ငန်းပြီးစီးမှုကို လှည့်လည်စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ **(ယာပုံ)**



၂၀၁၆ခုနှစ် ဩဂုတ် ၂၄ ရက်က မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီပုထိုးများအနက် ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါ ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများကို လေးနှစ်စီမံကိန်းဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၃၇၅ ဆူနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၇)က ၁၄ ဆူ ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲရေးဌာနက ကိုးနှစ်ကြာ ပြုပြင်ထိန်းသိမ်းလျက်ရှိသည့် ရေရှည်ကြံ့ခိုင်ရေးလုပ်ငန်း ဆောင်ရွက်ရမည့် သဗ္ဗညုဘုရား တစ်ဆူသာ ကျန်ရှိပြီး ကျန် ၃၈၈ ဆူလုံး ရာနှုန်းပြည့် ပြုပြင်ပြီးစီးသွားပြီဖြစ်သည်။ ထို့အပြင် ထပ်မံကွင်းဆင်းတွေ့ရှိချက်အရ ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် ရှေးဟောင်းဘုရားစေတီပုထိုး အဆူ ၁၁၀ ကိုပါ တစ်ပါတည်း ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်နိုင်ခဲ့သဖြင့် လေးနှစ် စီမံကိန်းကာလအတွင်း စုစုပေါင်းစေတီပုထိုး ၄၉၈ ဆူ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိအစိုးရတာဝန်ယူပြီးခါစဖြစ်သည့် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ချောက်မြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းဘုရားစေတီ ၃၈၉ ဆူ၊ ကျောက်ပန်းတောင်းမြို့နယ် ရေဆုံးရွာရှိ ဘုရားစေတီ ၉၃ ဆူ၊ ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ စေတီပုထိုးနှင့် ရှေးဟောင်းအဆောက်အအုံ ခြောက်ဆူ အပါအဝင် အနယ်နယ်အရပ်ရပ်မှ ရှေးဟောင်းအဆောက်အအုံ ၆၀၀ ကျော် ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ ပုဂံရှိ စေတီပုထိုးများ ပျက်စီးခဲ့မှုအတွက် ပြည်သူလူထုနှင့် အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများက အလှူရှင်များ၏ လှူဒါန်းငွေကျပ် သန်း ၆၇၉၉ ဒသမ ၁၁၀ နှင့် နိုင်ငံခြားငွေ မျိုးစုံ ၁၀ မျိုး၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းကျော် ရရှိခဲ့သည်။ ထို့အပြင် အသေးစား ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီ ၂၂၄ ဆူကို မူလအလှူရှင်များက ဆွေစဉ်မျိုးဆက် ဆက်လက်ပြုပြင်လှူဒါန်းခဲ့ကြသည်။

ဝန်ကြီးဌာနအနေဖြင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို ယခုအစိုးရ၏ ပထမသက်တမ်းကာလအတွင်း ၌ပင် ရာနှုန်းပြည့် အားလုံးပြီးစီးအောင် ပြုပြင်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ အတွင်းရေးမှူးဖြစ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုကိုဗစ်-၁၉ ဖြစ်ပွားနေသောကာလအတွင်းတွင် ပုဂံဒေသသို့ ကွင်းဆင်းသွားရောက်စစ်ဆေးပြီး လေးနှစ်စီမံကိန်းဖြင့် ငလျင်ဒဏ်ခံစေတီပုထိုးများ ပြုပြင်ဆောင်ရွက်မှု လုပ်ငန်းကို အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ အစည်းအဝေးတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ၂၀၂၁ ခုနှစ် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းအတွက် ထုတ်လုပ်သည့် ခုနှစ် သတ်မှတ်ချက်တွင် ယာဉ်အိုယာဉ်ဟောင်း အစီအစဉ်၊ တစ်ဦးချင်းအစီအစဉ်ဟူ၍ ကန့်သတ်ထားခြင်းမရှိတော့ဘဲ လူစီးယာဉ်တင်သွင်းခြင်းတွင် (၃) နှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်၊ လုပ်ငန်းသုံးယာဉ် တင်သွင်းခြင်းတွင် (၅) နှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်များ တင်သွင်းခြင်းတွင် (၁၀) နှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်နှင့် လုပ်ငန်းသုံးယန္တရားများအတွက် လွန်ခဲ့သည့် (၁၅) နှစ်အတွင်း ထုတ်လုပ်သည့် ယာဉ်များ တင်သွင်းရန် သတ်မှတ်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး တက်ရောက်စဉ်။ သတင်းစဉ်

ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်/ စစ်မှုထမ်းကောင်းတံဆိပ်/ ရဲမှုထမ်းကောင်းတံဆိပ် ရရှိပြီးသော ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရာထူးအဆင့်အလိုက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းအတွက် ကြော်ငြာချက်ထုတ်ပြန်ခဲ့ပြီး ခွင့်ပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၂၁ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ ၁၂၃ ဦး ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများ အရောင်းပြခန်းမှ မော်တော်ယာဉ် ဝယ်ယူခြင်းအတွက်လည်း လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

( ဂ ) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၈၂။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်နာယက က ခေါ်ယူကျင်းပနိုင်သည်။

၈၃။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၈၄။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးလေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယက က အထူး အစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။"

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၃ နှင့် ၈၄ ပါ ပြဋ္ဌာန်းချက်များအရ အထူး၊ အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန်မှာ အဓိကလိုအပ်ချက် ဖြစ်ပါသည်။

တင်ပြစာပါ အထူးအစည်းအဝေးအတွက် အဓိကအကြောင်းပြချက်ကို စိစစ်ရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲဆိုင်ရာ တိုင်ကြား၊ ကန့်ကွက်မှုများအတွက် ပြည်သူ့ကိုယ်စားလှယ်များနှင့် စုပေါင်းတိုင်ပင် အဖြေရှာဆုံးဖြတ်နိုင်ရန်ဟု တွေ့ရှိရပြီး လက်ရှိ လွှတ်တော်သက်တမ်းကို မှန်ကန်စွာ အဆုံးသတ်ပိတ်သိမ်း၍ သက်တမ်း အသစ်တစ်ခုကို ဥပဒေနှင့်အညီ ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရန်လည်း တင်ပြထားပါသည်။

ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

"၄၀၂။ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

( ခ ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

( ဂ ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သောကိစ္စရပ်များ။"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၁ တွင်လည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

"၁၁။ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

( ခ ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

( ဂ ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သောကိစ္စရပ်များ။"

ထို့အပြင် လက်ရှိအချိန်တွင် နိုင်ငံအတွင်း Covid-19 ကမ္ဘာ့ကူးစက်ရောဂါ ပျံ့နှံ့ဖြစ်ပွားနေဆဲဖြစ်ပြီး လွှတ်တော်များ၏ ဒုတိယသက်တမ်းကာလ ရက် ၂၀ ခန့်သာ ကျန်ရှိပါသည်။ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ အထူးအစည်းအဝေးကို အနည်းဆုံး ၁၅ ရက် ကြိုတင်ဖိတ်ကြားရမည်ဖြစ်၍ အစည်းအဝေး ပြုလုပ်ရန် ၃ ရက် ခန့်သာ ရှိနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်မနေကျင်းပရန် လိုအပ်သည့် တတိယအကြိမ် လွှတ်တော်များ၏ ပထမပုံမှန် အစည်းအဝေးများကိုလည်း ၁-၂-၂၀၂၁ ရက်တွင် စတင်ကျင်းပပြုလုပ်ရန် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ၆-၁-၂၀၂၁ ရက်တွင် ခေါ်ယူဖိတ်ကြားထားပြီးဖြစ်ပါသည်။

အထူးအစည်းအဝေး ခေါ်ယူကျင်းပပေးရန် တင်ပြတောင်းဆိုစာပါ အကြောင်းပြချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ အတည်ပြုချက် ရယူရမည့်ကိစ္စရပ်မဟုတ်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂ နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၁ တို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ စုပေါင်းတိုင်ပင် အဖြေရှာဆုံးဖြတ်ရမည့်ကိစ္စမဟုတ်ခြင်း၊ ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်သို့ တိုင်ကြားကန့်ကွက်ခြင်းများအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်ခြင်းတို့ကြောင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူကျင်းပပေးရန် မလိုအပ်ပါကြောင်း ပြန်ကြားအပ်ပါသည်။"

၂။ သို့ပါ၍ အထူးအစည်းအဝေးခေါ်ယူကျင်းပရန် မရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓါတ်ပုံ)

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျန်းမာရေးနှင့်မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် မိတ်ဆက်ခြင်းအခမ်းအနားတက်ရောက်





နေပြည်တော် ဇန်နဝါရီ ၁၂

ကျန်းမာရေးနှင့်မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် မိတ်ဆက်ခြင်းအခမ်းအနား (Launching ceremony of the National Strategic Framework (NSF) on Health and Drugs) ကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မူးယစ်ဆေးသုံးစွဲမှုများသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သော လူငယ်လူရွယ်များတွင် ပိုမိုများပြားသဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအား၊ ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍအားလုံးကို အထူးထိခိုက်ဆုံးရှုံးစေနိုင်ပါကြောင်း၊ ဤမဟာဗျူဟာမူဘောင်တွင် (၁) မူးယစ်ဆေးသုံးစွဲမှုကို ကာကွယ်တားဆီးရေး၊ (၂) မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်လျှော့ချရေး၊ (၃) အထောက်အထား အခြေပြု မူးယစ်ဆေးစွဲရောဂါ ကုသရေး၊ (၄) ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် (၅) ဥပဒေများ၊ မူဝါဒများနှင့် အထောက်အပံ့ဖြစ်စေသော ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးတို့အား ဦးစားပေး နည်းဗျူဟာ (၅) ရပ်အဖြစ် ထည့်သွင်းထားရှိပါကြောင်း။

ဤမဟာဗျူဟာမူဘောင်ကို အကောင်အထည်ဖော်ရန်လိုအပ်မည့် ဘဏ္ဍာငွေနှင့် ရန်ပုံငွေများကို ရှာဖွေရမည့် နည်းပုံစံများနှင့် ရရှိလာပါက ဦးစားပေး နည်းဗျူဟာ (၅) ရပ်အတွက် ကျိုးကြောင်းဆီလျော်စွာဖြင့် မည်သို့ခွဲဝေချထား သုံးစွဲမည်တို့ကိုလည်း ယခုအချိန်မှစတင်၍ သုံးသပ်စဉ်းစားထားရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ အပါအဝင် နီးနွယ်ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး ဌာန/ အဖွဲ့အစည်းတစ်ခုချင်းစီမှ မဟာဗျူဟာမူဘောင်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ခံ (focal person) သတ်မှတ်ထားရှိခြင်းနှင့် တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို အမြန်ဆုံး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းများပိုမိုကောင်းမွန်တိုးတက်စေရေးအတွက် မဟာဗျူဟာမူဘောင်ပါ လုပ်ငန်းများအား အကောင်အထည်ဖော် လုပ်ဆောင်သည့်အခါ လက်တွေ့သုတေသနပြုဆန်းစစ်ခြင်းများကိုလည်း တစ်ပါတည်း မဖြစ်မနေ တွဲဖက်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဤမဟာဗျူဟာမူဘောင်တွင် ပါဝင်သော လုပ်ငန်းများသည် နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သဖြင့် ဦးဆောင်ကော်မတီ (steering committee) ကိုလည်း ဖွဲ့စည်းသွားရန်လိုအပ်ပြီး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် လုပ်ငန်းအဖွဲ့များက ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ပိုမိုအောင်မြင်ထိရောက်မည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အားလုံးကို တစ်ပြိုင်နက်တည်းဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ လက်တွေ့အမှန်တကယ် နိုင်နင်းစွာလုပ်ဆောင်ရန် ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို "အဆင့်လိုက်၊ အပိုင်းလိုက်" အဆင့်ဆင့် ဆောင်ရွက်သွားခြင်းပုံစံဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

ဤမဟာဗျူဟာမူဘောင်ကို ဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်ငါးခုရှိ လူမှုရေးနှင့် ကာကွယ်ရေးဆေးပညာဌာနများသို့ ပေးပို့ကာ သင်တန်းသား၊ သင်တန်းသူများအား ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်စေခြင်းဖြင့် မဟာဗျူဟာမူဘောင်နှင့် ပတ်သက်၍ သင်တန်းသား/ သင်တန်းသူများ သိရှိနားလည်ကြကာ လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ ထိရောက်စွာ ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ဤမူဘောင်သည် အမျိုးသားအဆင့်မူဝါဒများ၊ အစီအစဉ်များနှင့် နည်းဗျူဟာများကို အားဖြည့်ပေးပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများမှ ကြေညာချက်များ၊ ဆုံးဖြတ်ချက်များ၊ ကတိကဝတ်များနှင့်လည်း ကိုက်ညီမှုရှိကြောင်းကို အသိပေးပြောကြားလိုပါကြောင်း။

ဤအမျိုးသားအဆင့် မဟာဗျူဟာမူဘောင်တွင် မူးယစ်ဆေးထုတ်လုပ်မှုလျှော့ချရေး၊ မူးယစ်ဆေးများ ထိန်းချုပ်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေး စသည့် ကဏ္ဍများ ပါဝင်ခြင်းမရှိသေးဘဲ အဆိုပါကဏ္ဍများအတွက် သက်ဆိုင်ရာ ကဏ္ဍ၊ ဝန်ကြီးဌာနများမှ မူဘောင်များ ဆက်လက်ရေးဆွဲ ချမှတ်လုပ်ဆောင်စေလိုပါကြောင်း၊ မူးယစ်ဆေးသုံးစွဲမှုကို တားဆီးကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ယခင်ကကိုယ်တိုင်သုံးစွဲခဲ့ပြီး သုံးစွဲမှု၏ဆိုးကျိုးများကို သိရှိဖြတ်တောက်ခဲ့သူများက အသိပညာပေးခြင်းနှင့် စည်းရုံးပြောကြားခြင်းများ လုပ်ဆောင်ပါက ပိုမိုထိရောက်နိုင်မည်ဖြစ်ပါကြောင်း။

မူးယစ်ဆေးသုံးစွဲမှု၏ ဆိုးကျိုးများကို သိရှိတားဆီးသူများ ပိုမိုများပြားလာကာ အချင်းချင်းသတိပေး ပြောဆိုခြင်းအားဖြင့် မူးယစ်ဆေးသုံးစွဲမှု လျော့ကျလာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ၉ ဒသမ ၇ သန်းခန့်ရှိသော အခြေခံပညာကျောင်းသား၊ ကျောင်းသူများတွင် မူးယစ်ဆေး၏ ဆိုးကျိုးများသိရှိကာ မူးယစ်ဆေး တားဆီးကာကွယ်ရေးအသိပညာများ ကြွယ်ဝခြင်းဖြင့် ၎င်းတို့မှတစ်ဆင့် အခြားသူများထံ ပျံ့နှံ့ရောက်ရှိသွားရန်ကို မိမိတို့အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဤအမျိုးသားအဆင့် မဟာဗျူဟာမူဘောင်ပါလုပ်ငန်းများကို ပါဝင်ဆောင်ရွက်သူများအားလုံးက မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားကာ လက်တွဲပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ အဖိုးတန်သော လူ့စွမ်းအားအရင်းအမြစ်များအား အတွင်းလှိုက်စားဖျက်ဆီးနေသည့် မူးယစ်ဆေးစွဲမှု ပြဿနာအား ဦးတည်ဖြေရှင်းကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် UNAIDS ၏ Country Director Mr. Oussama Tawil က ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး The United Nations General Assembly Special Session (UNGASS) on the World Drug Problem in 2016 တွင် "၂၀၃၀ ခုနှစ်၌ မူးယစ်ဆေးသုံးစွဲသူများနှင့် မူးယစ်ဆေးထိုးသုံးစွဲသူများအကြား ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် တီဘီရောဂါသာမက အသည်းရောင်အသားဝါရောဂါနှင့်အခြား ကူးစက်ရောဂါများမှ ကင်းဝေးရေး" ကို မြန်မာနိုင်ငံမှ ကတိကဝတ်ပြုခဲ့ကာ အဆိုပါ ကတိကဝတ်ကို အခြေခံ၍ ဤမဟာဗျူဟာမူဘောင်ကို ရေးဆွဲခဲ့ပါကြောင်း ပြောကြားသည်။ ထို့နောက် ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် ဖြစ်ပေါ်လာပုံအကျဉ်းချုပ်နှင့် မူးယစ်ဆေးသုံးစွဲခြင်းနှင့် ၎င်း၏ နောက်ဆက်တွဲ ဆိုးကျိုးများသာမက ခုခံအားကျဆင်းမှုရောဂါနှင့် ဆက်နွယ်နေပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာမူဘောင် ဖြစ်ပေါ်လာပုံနှင့် ၎င်းမူဘောင်တွင် ပါဝင်သော မဟာဗျူဟာလမ်းညွှန်ချက် (၅) ရပ်နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားပြီး မဟာဗျူဟာလမ်းညွှန်ချက် တစ်ခုစီအတွက် အဓိက လိုအပ်ချက်/ ကွာဟချက်များနှင့် ရှေ့လာမည့် နှစ်နှစ်တာကာလအတွင်း ဆက်လက်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစုများကို ဆွေးနွေးတင်ပြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် မဟာဗျူဟာမူဘောင်၏ ဦးစားပေး နည်းဗျူဟာ (၅) ရပ်အား လက်တွေ့အကောင်အထည်ဖော်ရေးအတွက် ဦးစားပေးလုပ်ငန်းများ၊ ကဏ္ဍအလိုက်ဆောင်ရွက်မည့် ဌာန/ အဖွဲ့အစည်းများ၊ လုပ်ငန်းအလိုက်ဆောင်ရွက်မည့် အချိန်ကာလသတ်မှတ်ချက်များ၊ လုပ်ငန်းဆန်းစစ်ခြင်း ဆောင်ရွက်ရန်အချက်များအား ချထားသတ်မှတ်ရန်အတွက် ဦးစားပေးနည်းဗျူဟာအလိုက် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အဖွဲ့ငယ်များဖွဲ့ကာ ဆွေးနွေးခြင်း၊ ဆွေးနွေးချက်များအား တင်ပြခြင်းနှင့် တက်ရောက်လာကြသူများက အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရှိ မူးယစ်ဆေးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အသုံးပြုခြင်းကြောင့် ကျန်းမာရေး၊ လူမှုရေးနှင့် ဥပဒေဆိုင်ရာ အပြန်အလှန်ဆက်စပ်ဖြစ်ပေါ်နေသည့် နောက်ဆက်တွဲ အကျိုးဆက်များကို ပိုမိုထိရောက်စွာ အရေးယူတုံ့ပြန်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် UNAIDS သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ ကျန်းမာရေးနှင့် မူးယစ်ဆေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် ရေးဆွဲခြင်းလုပ်ငန်းကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်တွင် ထုတ်ဝေထားသည့် စာတမ်းအများအပြားအား ပြန်လည်သုံးသပ်ခြင်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သူများစွာတို့ထံမှ အကြံဉာဏ်များရယူခြင်းတို့ဖြင့် အချက်အလက်များ စုစည်းတင်ပြထားခြင်း ပါဝင်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဗဟိုမှ ရဲမှူးချုပ်နှင့် ရဲမှူးကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်မှ တက်ရောက်ကြသော နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ မူးယစ်ဆေးစွဲကုနှင့်သုတေသနဌာနမှ စီမံချက် မန်နေဂျာနှင့် တာဝန်ခံဆရာဝန်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းနှင့် ပြည်ပ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# မိတ်ကောင်းဆွေလာနှစ်သစ်မှာ ငြိမ်းချမ်းမင်္ဂလာတိုးပါစေ

ဒေါက်တာမြတ်မိုး

**“မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။" ပဏ္ဍိတဝဂ် ( ဓမ္မပဒ -၇၈ ) ဟူ၍ပြဆိုထားသည့် “မိတ်ဆွေကောင်းနှင့် ပေါင်းသင်းအပ်ပုံ” စာပိုဒ်လေးတစ်ခု၊ နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာမျက်နှာဖုံးများမှာ နေရာယူဖော်ပြခြင်းခံရသည်ကို သတိပြုမိသည်မှာ လပေါင်းအတော်ကြာပါပြီ။**

**ဗုဒ္ဓအဆုံးအမဒေသနာတစ်ခုပါ**

ဂါထာအသွင် သိမ်းဆည်းထားတဲ့ ကျေးဇူးရှင် မြတ်စွာဘုရား၏ တရားဒေသနာများစွာထဲက ကလျာဏမိတ္တ မိတ်ဆွေကောင်းနဲ့ မိတ်ဆွေတုကို ခွဲခြားတတ်အောင် ဟောကြားထားလေတဲ့ အဆုံးအမ ဒေသနာတစ်ခုပင် ဖြစ်ပါတယ်။ မိတ်ဆွေတု၊ မိတ်ဆွေယောင်တွေပေါ်များပြီး မိတ်ဆွေအစစ်အမှန်ရှားပါးတဲ့ ယနေ့ခေတ်အတွက် မိတ်ဆွေပီသသူကို တန်ဖိုးထားအပ်တဲ့ ဒေသနာတစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း စာရေးသူအနေနဲ့ ယခုလိုနှစ်ဦးအခါသမယ၊ အသစ်အသစ်တွေ ကူးပြောင်းတဲ့ကာလတစ်ခု ကြုံကြိုက်စဉ်မှာ ရတနာတမျှ ထိုက်တန်လှတဲ့ မိတ်ဆွေကောင်းများစွာ ပိုင်ဆိုင်နိုင်ဖို့၊ အဆိုးအကောင်းမှန်သမျှ မျှဝေခံစားနိုင်မယ့် မိတ်ဆွေစစ်များစွာ ရှာတွေ့နိုင်ဖို့၊ အဖျက်သဘောဆောင်လေတဲ့ မိတ်ဆွေယုတ်၊ မိတ်ဆွေညံ့တွေကို ရှောင်ခွာ သွေဖည်နိုင်ဖို့အတွက် စေတနာကောင်းဖြင့် ဖွေရှာရေးသားမိခြင်းပဲဖြစ်ပါတယ်။

**မိတ်ဆွေစစ်နဲ့မိတ်ဆွေတုဆိုတာ**

ကျွန်တော်တို့ တစ်ဦးချင်းအနေနဲ့ပဲကြည့်ကြည့် လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံအနေနဲ့ပဲဖြစ်ဖြစ် မိတ်ဆွေအစစ်အမှန်ရဖို့ရှိဖို့ အင်မတန်အရေးကြီးပါတယ်။ မွေးကတည်းက တစ်ယောက်တည်းဆိုပေမယ့် ဘဝတစ်ခုဖြတ်သန်းတဲ့အခါ မဖြေရှင်းနိုင်တဲ့အခက်အခဲတွေများစွာ ရှိကြမှာပါ။ နိုင်ငံမှာလည်း ထိုနည်းလည်းကောင်းပဲပေ့ါ၊ ညှိရခက်တဲ့ ပြဿနာတွေ၊ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းရမယ့် အခြေအနေတွေများစွာ ရှိနိုင်ပါတယ်။ အထူးသဖြင့် အကျပ်အတည်းကာလတစ်ခုမှာဆို ပိုအရေးကြီးပါတယ်။ ဘေးကျပ်နံကျပ် အနေအထားမှာစစ်မှန်တဲ့ မိတ်ဆွေတစ်ယောက်ရဲ့ တန်ဖိုးဟာ ပိုလို့အရေးပါလာပါတယ်။ မိတ်ဆွေတစ်ယောက်ဟာ ဘယ်လောက်အရေးပါသလဲ၊ အလင်းရောင်ရှိစဉ်မှာထက် အမှောင်ကာလမှာ သူ့ရဲ့တန်ဖိုးကို အမြတ်တနိုးနဲ့ တန်ဖိုးဖြတ်ကြည့်လို့ရပါတယ်။ ဘယ်နေရာ ဘယ်ဒေသမှာပဲဖြစ်ဖြစ် ကြောက်စရာအကောင်းဆုံးနဲ့ ရွံစရာအကောင်းဆုံး သတိထားရမယ့်အရာဟာ မိတ်ဆွေတု၊ မိတ်ဆွေယောင်များပဲဖြစ်ပါတယ်။

မိတ်ဆွေကောင်းမရှိတဲ့ ဝန်းကျင်ဟာ ငြီးငွေ့ဖွယ်ဖြစ်သလို အပျက်သဘောလည်းဆောင်တတ်ပါတယ်။ ကိုယ်ဒုက္ခရောက်နေစဉ်မှာ ဖယ်ခွာရှောင်ပြေးတတ်သူဟာ အစစ်အမှန်ကို ဖုန်းကွယ်ထားတတ်တဲ့ မိတ်ဆွေတုပဲပေ့ါ၊ ဟန်ဆောင်လိမ်ညာမှုတွေနဲ့ ချဉ်းကပ်တတ်ပြီး ကိုယ်ဒုက္ခရောက်နေစဉ်မှာ အားကိုးရာမဖြစ်ဘဲ ကျောချမှ ဓားပြမှန်းသိရတဲ့ နောက်ကျောဓားနဲ့ထိုးတတ်သူဟာလည်း တကယ့်ကို မိတ်ဆွေ မပီသသူလို့ ဆိုရပါမယ်။

**မြိန်ရာဟင်းကောင်း ခင်ရာဆွေကောင်းဆိုသလို**

နိုင်ငံတစ်နိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင်လည်း နိုင်ငံတွင်းမှီတင်းနေထိုင်ကြတဲ့ ကိုယ့်တိုင်းရင်းသား လူမျိုးတစ်စုတစ်ဖွဲ့ဟာ အခက်အခဲအကျပ်အတည်းများစွာတွေ့နေရပြီး ဒုက္ခရောက်နေပြီဆိုရင် ကျန်အဖွဲ့အားလုံးနဲ့လည်း အနည်းနဲ့အများဆိုသလို သက်ဆိုင်ပတ်သက်နေတာမို့ အရေးကြီးသွေးနီးပြီး အားလုံးက မျှဝေခံစားပေးတတ်ဖို့လိုပါတယ်။ အဖွဲ့တစ်ဖွဲ့ပျက်စီးပြီဆိုရင်၊ ဒုက္ခရောက်ပြီဆိုရင် ကျန်အဖွဲ့တွေလည်း တစ်ပါတည်း ပျက်သုဉ်းနိုင်တာမို့ အားလုံးကဝိုင်းပြီး ပြစ်တင်ရှုတ်ချနေတာထက် “မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးကောင်း” ဆိုသလို အားပေးကူညီဖေးမတဲ့ စိတ်ထားနဲ့ စည်းစည်းလုံးလုံး သစ္စာရှိရှိ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းသည်သာလျှင် မိတ်ဆွေကောင်း ပီသတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် မတူညီတဲ့ သဘောထား ရပ်တည်ချက်တွေနဲ့ နောက်ခံအကြောင်းတရားအမျိုးမျိုး၊ ခံယူချက်အမြင်မတူညီမှုတွေ ရှိနေတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေမှာဆိုရင် ခက်ခက်ခဲခဲနဲ့ တည်ဆောက်ရယူထားရတဲ့ ပြန်လည် သင့်မြတ်မှုရပြီးမှ၊ မိတ်ဆွေတွေ ဖြစ်နေကြပြီးကာမှ နားလည်မှုလွဲတာရယ်၊ သံသယစိတ်တွေ ဝင်လာတာရယ်ကြောင့် ရင်းနှီးမှုရပြီးသား မိတ်ဆွေတွေအဖြစ်ကနေ ရန်သူတောင်ပြန်ဖြစ်သွားတတ်ကြတာမျိုးရှိပါတယ်။ ဒါကြောင့် တကယ့်နားလည်မှုကောင်းကောင်းပေးနိုင်ဖို့နဲ့ သံသယစိတ်ထား စိုးစဉ်းမျှ မထားကြဖို့ဆိုတာ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းတွေရဲ့ အမှန်အကန် အရေးပါတဲ့အချက်တွေဆိုတာ သိသာထင်ရှားလှပါတယ်။

ဒီနေ့ ဒီအချိန်မှာ လူ့အသိုင်းအဝိုင်းတစ်ခုမှာပဲ ဖြစ်ဖြစ်၊ ကမ္ဘာပေါ်မှာပဲဖြစ်ဖြစ် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်း၊ မိတ်ဆွေမှန်ဆိုတာ တကယ့်ရှားပါးကုန်ပစ္စည်းတစ်ခုလို ဖြစ်သွားပါပြီ။ မွေးသည်မှ သေသည်အထိ ချမ်းသာမှုတွေနောက်လိုက်၊ လူတွေဟာ လိုချင်တပ်မက်မှုနောက်လိုက်ရာကနေ လောဘဇောတွေ ကိုယ်ကျိုးစီးပွားအလေးထားမှုတွေနဲ့ ကမ္ဘာမီးလောင် သားကောင်ချနင်းသူတွေ များလာပြီး မိတ်ဆွေစစ် မိတ်ဆွေမှန်တွေရှားပါးလာတာကြောင့် တစ်ဦးချင်းစီမှာရော၊ ကမ္ဘာပေါ်မှာပါ အထီးကျန်ဆန်မှုတွေ၊ တင်းမာမှုတွေ၊ ပဋိပက္ခတွေ အမြောက်အမြား တွေ့မြင်လာနေရပါတယ်။ မိတ်ဆွေအစစ်အမှန် ရှားပါးလာပေမယ့် ကိုယ့်အပေါ်ခုတုံးလုပ်မယ့် မိတ်ဆွေတု၊ မိတ်ဆွေယောင်တွေတော့ ပိုပိုပြီးများလာသလို ခံစားမိကြမှာပါပဲ။

**မိတ်ဆွေပွားဖို့ အတ္တတွေလျှော့ကြစို့**

ဒါကြောင့်လည်း ယခုလိုနှစ်ဆန်းကာလမှာ တစ်ဦးနဲ့တစ်ဦး မိတ်ဆွေဖွဲ့ကြပြီး လှိုက်လှိုက်လှဲလှဲနဲ့ အပြန်အလှန်နှုတ်ဆက်ကြစေချင်ပါတယ်။ သူ့အပြုံး ကိုယ့်အပြုံးတွေ ဖလှယ်ကြစေချင်ပါတယ်။ ဖိတ်မန္တကပြုတာတွေ၊ ကြိုဆိုတာတွေ၊ ကမ်းလင့်မှုတွေ အပြန်အလှန်ပေးခြင်းဖြင့် တစ်ယောက်အကြောင်းတစ်ယောက် သတင်းစကားပါးနိုင်အောင်၊ တစ်ဦးနဲ့တစ်ဦးသိနေအောင် ခင်မင်နေအောင် ကြိုးစားကြစေချင်ပါတယ်။ ပတ်ဝန်းကျင်နဲ့ကင်းကွာလို့ မရနိုင်ဘဲ အပြန်အလှန် အမှီသဟဲပြုနေရတဲ့ လူ့လောက လူ့အသိုင်းအဝိုင်းမှာ မိမိလိုအင်ဆန္ဒပြည့်ဝဖို့အတွက်တော့ အများနဲ့ ပေါင်းသင်းဆက်ဆံ နေထိုင်ရမှာပဲ ဖြစ်ပါတယ်။ ဒီလိုပဲ အဖွဲ့အစည်းတစ်ခု၊ ဒေသတစ်ခု၊ လူမျိုးတစ်ခုဟာလည်း လုံခြုံစိတ်ချရမှု၊ စိတ်အေးချမ်းသာယာပျော်ရွှင်လိုမှု၊ ဖွံ့ဖြိုးတိုးတက်လိုမှု၊ တည်ငြိမ်အေးချမ်းလိုမှု စတာတွေအတွက် အခြားသောတစ်ပါးသူတွေ၊ အဖွဲ့တွေနဲ့ နားလည်မှုတွေ၊ ယုံကြည်မှုတွေ တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ဘယ်လောက်ပဲ ဝေးကွာနေပါစေ အဆင်ပြေပြေဆက်ဆံပြောဆိုပြီး တစ်ဦးနဲ့တစ်ဦး အထောက်အကူပြုနိုင်ဖို့ဆိုရင် ကိုယ်ချင်းစာနာစိတ်အပြည့်နဲ့ အတ္တကိုရှေ့တန်းမတင်တတ်တဲ့ မိတ်ဆွေစစ် မိတ်ဆွေမှန်တွေကို ရှာဖွေမိတ်ဖွဲ့တတ်ကြဖို့တော့ လိုအပ်ပါတယ်။

**အဖွဲ့တစ်ဖွဲ့ပျက်စီးပြီ ဆိုရင်၊ ဒုက္ခရောက်ပြီဆိုရင် ကျန်အဖွဲ့တွေလည်း တစ်ပါတည်း ပျက်သုဉ်းနိုင်တာမို့ အားလုံးကဝိုင်းပြီး ပြစ်တင်ရှုတ်ချနေတာထက် “မြိန်ရာဟင်းကောင်း၊ ခင်ရာ ဆွေမျိုးကောင်း” ဆိုသလို အားပေးကူညီဖေးမတဲ့ စိတ်ထားနဲ့ စည်းစည်းလုံးလုံး သစ္စာရှိရှိ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းသည်သာလျှင် မိတ်ဆွေကောင်းပီသတယ်လို့ ဆိုနိုင်ပါတယ်**

**အမုန်းတွေချုပ်ဖို့ သံသယတွေလျှော့ကြစို့**

ယနေ့ကာလဟာ လူသစ်စိတ်သစ်နဲ့ ကိုယ်စီပိုင်ဆိုင်ထားကြတဲ့ အခွင့်အလမ်းကောင်းတစ်ခုကို အသုံးချအမှီပြုပြီး၊ တစ်ဦးနဲ့တစ်ဦးအကြား၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့အကြား သံသယတွေလျှော့ချပြီး ချစ်ခြင်းတရားတွေကို တိုးသည်ထက် တိုးတည်ဆောက်ကြရမယ့် ကာလတစ်ခုပါ။ ကိုယ့်ဘက်ကသာစတင်ပြီး ဖော်ရွေပြုံးရွှင်တတ်သူ၊ ကူညီဖေးမတတ်သူ၊ ကိုယ်ချင်းစာနားလည်ပေးတတ်သူ၊ အပေးအကမ်းရက်ရောသူ၊ အလိုက်သိ အလျှော့ပေးတတ်သူ၊ ဘာသာတရားကိုင်းရှိုင်းပြီး ရိုသေလေးစားတတ်သူ၊ နူးညံ့သိမ်မွေ့ပြီး စိတ်ထားမြင့်မြတ်သဘောထားကြီးသူ၊ မေတ္တာတရားကြီးမားပြီး မျှဝေခံစားတတ်သူများဖြစ်အောင် ကြိုးစားအားထုတ်ကြစေချင်ပါတယ်။

မွန်မြတ်တဲ့ စိတ်ထားများ ကိုယ်စီကိုယ်စီ ရင်ဝယ်စွဲထင်နေပြီဆိုရင်တော့ အနုတ်လက္ခဏာဆောင်တဲ့ အမှုအကျင့်ဆိုးတွေဟာ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းထံကနေ ငုပ်လျှိုးပျောက်ကွယ်သွားမှာပဲ ဖြစ်ပါတယ်။ မိတ်ဆွေကောင်းတစ်ယောက်ဆိုတာ အငြိုးထား အာဃာတတရားတွေ ချုပ်ငြိမ်းအောင်ပေးနိုင်ခဲ့တဲ့အရာကိုတောင် ပေးဆပ်နိုင်အောင် အနစ်နာခံစွန့်စားတတ်သူပါ။ ဒုက္ခရောက်နေသူ တစ်ဦးတွေ့ရင်တောင် ကူညီဖို့ ကိုယ့်ဘက်က အခက်အခဲရှိနေတယ်ဆိုဦးတော့ စာနာကရုဏာစိတ်လေးထားပြီး ကူညီတတ်သူပါ။ ကိုယ်ကပေးဆပ်လိုစိတ်များပြီး ရယူလိုမှု နည်းတယ်ဆိုရင်တော့ သူ့ဆီက အဖိုးမဖြတ်နိုင်တဲ့ မိတ်ဆွေစိတ်ထားလေးတွေ မကြာမီရရှိလာပါလိမ့်မယ်။ ယဉ်ကျေးတဲ့၊ အတ္တမများတဲ့၊ အလျှော့အတင်းအပေးအယူလုပ်တတ်တဲ့၊ သည်းခံနိုင်သမျှ သည်းခံနိုင်စွမ်းများတဲ့ အနာဂတ်မျိုးဆက်သစ်များကို မွေးမြူလေ့ကျင့်ပေးကြရင်းနဲ့ တစ်ဦးမေတ္တာတစ်ဦး ထားနိုင်ကြပါစေ၊ အမုန်းတရားတွေကို ဖယ်ရှားနိုင်ကြပါစေလို့လည်း ဆန္ဒပြုမိပါတယ်။

**စိတ်ကောင်းထားမှ စိတ်ထားကောင်းမှာ**

စစ်မှန်တဲ့ မိတ်ဆွေကောင်းတစ်ယောက်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ကိုယ့်ရဲ့အတ္တကို ရှေ့တန်းမတင်ပါနှင့်လို့ ဆိုပါရစေ။ ကိုယ်ကိုယ်တိုင်တော့ မိတ်ဆွေကောင်းလိုချင်ပြီး ကိုယ့်ဘက်က မိတ်ဆွေမပီသတာမျိုး ဖြစ်နေသလားဆိုတာ သတိထားပါ၊ မမေ့ပါနဲ့လို့ ဆိုပါရစေ။ မိတ်ဆွေစစ်ရချင်ရင်တော့ မိမိထံက ဒေါသအစား မေတ္တာကိုသာ ပေးလိုက်စေချင်ပါတယ်။ မိမိရဲ့စိတ်ထားပြည့်ဝမှုကို မှန်မှန်ကန်ကန် ပြသပေးနိုင်ဖို့ လိုပါတယ်။ စိတ်ကောင်းထားတတ်မှသာ ကိုယ့်စိတ်ထားလည်းကောင်းလာမှာပါ။ တကယ့် ကိုယ့်အတွင်းစိတ်ထဲက ဖြစ်ပေါ်လာတဲ့ ရိုးသားယဉ်ကျေးတဲ့ စိတ်ထားကောင်း ရှိမှလည်း စိတ်ကောင်းရှိတဲ့မိတ်ဆွေတွေနဲ့ တွေ့နိုင်မှာ ဖြစ်ပါတယ်။ ကိုယ်အမူအရာ ယဉ်ကျေးမှုနဲ့အတူ နူးညံ့သိမ်မွေ့တဲ့ စိတ်နှလုံးသား ခံစားမှုကို တစ်ပါးတည်း ပြသသင့်ပါတယ်။

အကျိုးစီးပွားချင်းမတူရင် ရန်သူမည်တတ်တာမို့ သူ့အကျိုးကိုယ့်အကျိုး အပြန်အလှန်လေးစားမှုပြ ပြီး အကျိုးစီးပွားချင်း နီးစပ်အောင် ညှိနှိုင်းပြုပြင်ကြပြီးတော့ မိတ်ဆွေဖြစ်အောင် တည်ဆောက်သင့်ပါတယ်။ သူ့အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးမှာကို မလိုလားတဲ့ ကျေးဇူးပြုတတ်တဲ့၊ ကောင်းမွန်တဲ့ စိတ်နှလုံးကောင်းမျိုး တကယ်မွေးမြူထိုက်တဲ့စိတ်ထားမျိုးပါ။ ကိုယ်တစ်ယောက်တည်းနဲ့ ကိုယ်လိုချင်တာရဖို့၊ ကိုယ်လုပ်ချင်တာလုပ်နိုင်ဖို့ ခက်ခဲတတ်တာမို့ တစ်ဦးတည်း ခွဲထွက်လို့မရတဲ့ လူ့ဘောင်အဖွဲ့အစည်းမှာ လူတွေအားလုံးကို ကိုယ့်ဘဝရဲ့ လက်တွဲခရီးဖော်တွေအဖြစ်သတ်မှတ်ပြီး လူတိုင်းကို မထီမဲ့မြင်မပြုဘဲ လေးလေးစားစား ဆက်ဆံကြမယ်ဆိုရင် စစ်မှန်တဲ့မိတ်ဆွေမှန်ကို တွေ့ရပါလိမ့်မယ်။ အမုန်းတရားမဖွဲ့ဘဲ အပြုံးနဲ့ပြသနိုင်တဲ့ မိတ်ဆွေကောင်းဆိုတဲ့ စိတ်နှလုံးကို မွေးမြူနိုင်ဖို့ပဲ လိုတာပါ။

ထိုသို့ဆိုလျှင် ဒီနေ့ဒီအချိန် ဒီအခါသမယမှာ မိမိရဲ့ မိတ်ဆွေအနည်းအကျဉ်းလေးနဲ့ စတင်စုဖွဲ့ပြီး မိမိအခန်းကျဉ်းလေးထဲမှာပဲဖြစ်ဖြစ်၊ ကိုယ့်ရပ်ရွာ ကိုယ့်ဒေသ၊ ကိုယ့်အဖွဲ့အစည်းလေးတစ်ခုမှာပဲဖြစ်ဖြစ်၊ ပျော်ရွှင်စရာပွဲလေးတွေပြုလုပ်ပြီး ပျော်စရာကောင်းတဲ့ဘဝကို တည်ဆောက်ကြပါလို့ အမှာပါးချင်ပါတယ်။ အချင်းချင်း ယုံကြည်ရတဲ့သူငယ်ချင်းမျိုး၊ အချင်းချင်းမှီခိုအားထားရတဲ့ မိတ်ဆွေမျိုးနဲ့ ဘဝတစ်ကွေ့မှာ ခင်မင်ခွင့်၊ တွေ့ကြုံခွင့် ရနိုင်ကြပါစေ။ အများသူငါနဲ့ ကိုယ့်ပတ်ဝန်းကျင်အတွက်လည်း စစ်မှန်တဲ့ မိတ်ဆွေကောင်းတွေအဖြစ် ပြသနိုင်ကြပါစေ။ မိတ်မပျက်ယုံကြည်မှုတည်ဆောက်ပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝတွေနဲ့ တည်ငြိမ်အေးချမ်းသာယာတဲ့ လူ့ဘောင်တစ်ရပ်အတွက် အတူခရီးဆက်ချီတက်ကြပါစို့ဟုသာ နှိုးဆော် တိုက်တွန်းလိုက်ရပါတယ်။ ။

---

## သထုံခရိုင်အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**သထုံ ဇန်နဝါရီ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ် သထုံ၊ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျောက်ခင်းလမ်း လေးမိုင်၊ ကတ္တရာလမ်း တစ်မိုင်၊ ကွန်ကရစ်လမ်းတစ်မိုင်၊ ပေ ၂၀ အာစီတံတားတစ်စင်း၊ ပေါင်းကူး တံတားလေးစင်း၊ ကွန်ကရစ်ရေပြွန် နှစ်စင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှစ်ခု၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းနှစ်ခုတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၉၃၀ ဒသမ ၄၅၇ သန်းဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အချို့လုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ ယင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**သီဟစည်သူ**

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၂

**နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားသို့ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်း ဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ် များ၊ တာဝန်ရှိသူများသည် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားသားအမြဲ နေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင် အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲ နေထိုင်ခွင့်စနစ် ကျင့်သုံးအကောင် အထည်ဖော်ရာတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူ များနှင့် ပတ်သက်သည့် လိုအပ်ချက် များ၊ စနစ်တစ်ခုလုံးအတွက် လိုအပ် ချက်များကို တည်ဆဲဥပဒေများဖြင့် လည်းကောင်း၊ နိုင်ငံတကာစံနှုန်း များဖြင့်လည်းကောင်း ကိုက်ညီစေရေး အတွက် နိုင်ငံတကာတွင် ဆောင်ရွက် နေသည့်စနစ်များကို ကျယ်ကျယ် ပြန့်ပြန့် လေ့လာမှီငြမ်း၍ စီမံခန့်ခွဲနိုင် ရန် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြု ခြင်းဆိုင်ရာ အကောင်အထည်ဖော် ရေးဗဟိုကော်မတီကို ပြည်ထောင်စု အစိုးရအဖွဲ့က ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါ ကြောင်း။

### စိစစ်ခွင့်ပြုပေးလျက်ရှိ

နိုင်ငံခြားသား အမြဲနေထိုင်ခွင့် ဆိုင်ရာ နည်းဥပဒေများကို အလုပ် သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်တွင် ထုတ်ပြန် ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းနည်းဥပဒေ ကို ပြင်ဆင်သည့် နည်းဥပဒေအား ၂၀၁၇ ခုနှစ် ဧပြီ ၂၇ ရက်တွင် ပြင်ဆင် ထုတ်ပြန်ခဲ့သည့်အတွက် နိုင်ငံခြား သား အမြဲနေထိုင်ခွင့် ကနဦး လျှောက်ထားခြင်းကို မြန်မာနိုင်ငံတွင် သာမက ပြည်ပရှိ မြန်မာသံရုံးများ တွင်ပါ လျှောက်ထားနိုင်ပြီဖြစ်ပါ ကြောင်း၊ နိုင်ငံခြားသား အမြဲနေထိုင် ခွင့်စနစ်ကို ၂၀၁၅ ခုနှစ်မှစတင်၍ ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့ နှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြား သားဟူ၍ အမျိုးအစား လေးမျိုး ခွဲခြား သတ်မှတ်ကာ လျှောက်လွှာများ လက်ခံဆောင်ရွက်၍ ကော်မတီ အဆင့်ဆင့် စိစစ်အကဲဖြတ် ခွင့်ပြု ပေးလျက်ရှိပါကြောင်း၊ စတင် ဆောင်ရွက်ချိန်မှ ယခုအထိ နိုင်ငံခြား သားအမြဲနေထိုင်ခွင့် ၇၀၅ ဦး လျှောက်ထားရာ ၆၁၇ ဦးအား အမြဲ နေထိုင်ခွင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါ ကြောင်း၊ ယင်းကဲ့သို့ လျှောက်ထား တင်ပြလာသူများအား နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အမှတ်ပေး စည်းမျဉ်းများအရ စိစစ်ခွင့်ပြုပေး လျက်ရှိရာ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ စိစစ်တင်ပြလာ သူများအား ဗဟိုကော်မတီအဖွဲ့ဝင် များက ထပ်မံ စိစစ်အတည်ပြု ဆောင်ရွက်ပေးကြရန်ဖြစ်ပါကြောင်း နှင့် ဗဟိုကော်မတီမှ စိစစ်သုံးသပ် အတည်ပြုပြီးပါက ၎င်းတို့အား လူတွေ့မေးမြန်း အကဲဖြတ်ရန် ဆက်လက် ဆောင်ရွက်သွားရမည် ဖြစ်ပြီး လူတွေ့မေးမြန်းအကဲဖြတ်ခြင်း လုပ်ငန်းစဉ်အား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေပေါ် မူတည် ချင့်ချိန်သုံးသပ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်း ပြောကြား သည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံခြားသားအမြဲ နေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင် အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူးကိုယ်စား လုပ်ငန်း တာဝန်ခံအရာရှိက နိုင်ငံခြားသားအမြဲ နေထိုင်ခွင့်စနစ် လုပ်ငန်းဆောင်ရွက် မှု၊ အမှတ်ပေးစနစ်နှင့် လက်ရှိ လျှောက်ထားမှု၊ ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးပါက လူတွေ့အစစ် ဆေးခံနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြ သည့် ဗဟိုကော်မတီဝင်များက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြု နိုင်ရေးအတွက် လုပ်ငန်းကော်မတီမှ အတည်ပြုတင်ပြသည့်လျှောက်ထား သူ တစ်ဦးချင်းအား သုံးသပ်ချက်များ ဖြင့် အသီးသီးဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားသည်။

### အတည်ပြုဆောင်ရွက်ခဲ့

ယခုအစည်းအဝေးတွင် နိုင်ငံခြား သား အမြဲနေထိုင်ခွင့် ထပ်မံ လျှောက်ထားသူများအနက် လုပ်ငန်း ကော်မတီမှ ပဏာမစိစစ်ပြီးသည့် ကျွမ်းကျင်ပညာရှင် တစ်ဦး၊ ရင်းနှီး မြှုပ်နှံသူ နိုင်ငံခြားသားသုံးဦး၊ မြန်မာ နိုင်ငံသားဟောင်း ၃၀၊ သွေးချင်း ဆက်စပ်သူ နိုင်ငံခြားသား ၁၅ ဦး၊ ယင်းတို့နှင့် တွဲ၍လျှောက်ထားသည့် မိသားစုဝင် ၂၁ ဦး စုစုပေါင်း ၇၀ အား ဗဟိုကော်မတီမှ စိစစ်အတည်ပြု ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ စိစစ်ပြီးသူ ၇၀ တို့အား လူတွေ့ အကဲဖြတ် စစ်ဆေးနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေ အနေကို ချင့်ချိန်သုံးသပ်ကာ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ရပ်ရွာစေတနာ့ဝန်ထမ်းသင်တန်းသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ် များတွင် ပူးပေါင်းပါဝင်ဆောင်ရွက် ကြမည့် ရပ်ရွာစေတနာ့ဝန်ထမ်း (Community Covid Volunteer–CCV) များ လေ့ကျင့်မွေးထုတ် အကောင် အထည်ဖော်ရေး အသိပညာပေး အွန်လိုင်းသင်တန်း အစီအစဉ်ကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

သင်တန်းတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းကို ရင်ဆိုင် ကျော်လွှားနေရဆဲဖြစ်ပြီး မျိုးရိုးဗီဇ ပြောင်း ကိုဗစ်-၁၉ မပြန့်ပွားရေးကို လည်း အထူးအလေးထားဆောင်ရွက် နေရချိန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ကူးစက်ပုံနည်းလမ်းများနှင့် ကြိုတင် ကာကွယ်ရေးနည်းလမ်းများကို သိရှိ နားလည်ကြပြီးဖြစ်သော်လည်းအလေ့ အထဖြစ်အောင် အလေ့အကျင့် ပြုလုပ်ခြင်းတွင် လိုအပ်နေကြဆဲဖြစ် ကြောင်း၊ မိမိကစ၍ သတိမလွတ်ဘဲ စည်းကမ်းလိုက်နာ ကာကွယ်နိုင်ရန် အားပေးတိုက်တွန်းခြင်း၊ ပညာပေး ခြင်းများကိုမူ ဆောင်ရွက်ရဆဲ ဖြစ်ပါ ကြောင်း။

ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ တားဆီးထိန်းချုပ် ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှား မှုစီမံချက်ကို အကောင်အထည်ဖော် နေရခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထု အတွင်း ရပ်ကွက်၊ ကျေးရွာများအထိ အမှန်တကယ် လိုက်နာကြရန် ပညာ ပေးမှု အပိုင်းများကို ပိုမိုမြှင့်တင် ဆောင်ရွက်ရန်လည်း လိုအပ်ဆဲဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ရပ်ကွက်၊ ကျေးရွာများမှ လူငယ်ကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသမီးကော်မတီ အဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများနှင့် လူမှု အဖွဲ့အစည်းများ အပါအဝင် ပြည်သူ များ၏ အင်အားဖြင့် ကျယ်ကျယ် ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန် ရပ်ကွက်၊ ကျေးရွာ ပြည်သူများပါဝင်သော ရပ်ရွာစေတနာ့ ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန် အတွက် စီမံချက်ကိုရေးဆွဲပြီး ပူးပေါင်း ပါဝင်ဆောင်ရွက်မည့် စေတနာ့ ဝန်ထမ်းများကို သင်တန်းပေးဆောင် ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်း စီမံချက်၏ ရည်ရွယ်ချက်အရ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်ရေးလုပ်ငန်း များကို ရပ်ရွာအလိုက် ပြည်သူအများ ပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ထိန်းချုပ်ရေး အထူး စီမံချက်တွင် ရပ်ရွာအလိုက် ပြည်သူ အများ ပါဝင်မှုဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နိုင်သော Community Covid Volunteer – CCV များ၏ကဏ္ဍ သည် အဓိကတစ်နေရာကပါဝင်ပြီး အလွန်အရေးကြီးပါကြောင်း၊ အထူး သဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများ အတွင်း ကိုဗစ်-၁၉ ဆိုင်ရာထိရောက် သော ပညာပေးခြင်းတွင် လူတိုင်း အပြင်ထွက်လျှင် ပါးစပ် နှာခေါင်း စည်း မဖြစ်မနေ တပ်ဆင်ရေး ပညာပေးစီမံချက် အောင်မြင်ရေး၊ ကိုဗစ်-၁၉ သံသယလူနာများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ စစ်ဆေးခြင်း၊ လိုအပ်ပါက ထိန်းချုပ် ကုသမှုခံယူ ရရှိစေရေး၊ ရပ်ကွက်၊ ကျေးရွာအတွင်း သံသယလူနာများ၊ ရောဂါပိုးရှိသူနှင့် ထိတွေ့သူများ၊ ရောဂါပိုး စစ်ဆေးတွေ့ရှိသူများကို လိုအပ်သော သယ်ယူပို့ဆောင်ပေးခြင်း နှင့် ပံ့ပိုးကူညီမှုပေးနိုင်ရေး စသည် တို့ကို မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက် ပေးနိုင်ခြင်းဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း စဉ်များကို အကောင်းဆုံးကူညီမှု ပေးနိုင်ပြီး ကူးစက်မှုနှင့် သေဆုံးမှု နှုန်းကျဆင်းရေးကို ဆက်လက် ဦးတည်စေမည် ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ဆေး စတင် ထိုးပေးနိုင်သော အချိန်တွင်လည်း ရပ်ကွက်၊ ကျေးရွာအလိုက် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနက စေတနာ့ဝန်ထမ်းများအား သတ်မှတ် ပေးမည့် တာဝန်များကိုလည်း ပူးပေါင်း ဆောင်ရွက်နိုင်ကြရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်ကွက်၊ ကျေးရွာ စေတနာ့ဝန်ထမ်း (Community / Village Volunteer) များအနေ ဖြင့် ဆက်လက်၍ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ယခုသင်တန်း သည် ရည်ရွယ်ချက် အလွန်ကောင်းမွန် ပြီး ပြည်သူလူထု အခြေပြုလုပ်ငန်း တစ်ခုဖြစ်ပါကြောင်း၊ သင်တန်းပြီးဆုံး ၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့ရပ်ကွက်၊ ကျေးရွာနှင့် သက်ဆိုင်သော ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးဌာန၊ တိုက်နယ် ဆေးရုံ၊ မြို့နယ်ဆေးရုံ စသည့်ဌာန များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် အလိုက်ဌာနများ၊ လူမှုအဖွဲ့အစည်း များနှင့် အချိတ်အဆက်မိမိ ပူးပေါင်း ဆောင်ရွက်နိုင်ကြစေရန် လည်း တိုက်တွန်းအပ်ပါကြောင်း။

ယနေ့ကျင်းပသော ပထမအကြိမ် Community Covid Volunteer – CCV အသိပညာပေးသင်တန်း အစီ အစဉ်တွင် မန္တလေးတိုင်းဒေသကြီးမှ ရပ်ရွာစေတနာ့ဝန်ထမ်း ၁၃၉ ဦး ပါဝင် မည်ဖြစ်ပါကြောင်း၊ ဤသင်တန်းကို အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံးနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီဝင်များ၊ အမျိုးသမီး ကော်မတီတာဝန်ရှိသူများ၊ သက်ဆိုင် ရာ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်း တာဝန်ရှိသူများနှင့် ပူးပေါင်း၍ စေတနာ့ဝန်ထမ်းများကို စုဆောင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် အသိပညာပေး သင်တန်းအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်တိုင်း ဒေသကြီးအတွက် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယနေ့ အသိပညာပေး အစီအစဉ်တွင် ပါဝင် ဆွေးနွေးပေးကြမည့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတို့မှ ပညာရှင် ဆရာ ဆရာမများအား ကျေးဇူးအထူး တင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း၊ အသိပညာပေးသင်တန်း အစီအစဉ်မှ တစ်ဆင့် ဆောင်ရွက်ရမည့် အခြေ အနေများနှင့် သိလိုသည်များကို အပြန် အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက် ကြမည်ဖြစ်၍ လက်တွေ့ ပြည်သူ့ အကျိုးကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းများနှင့် အတူ ပူးပေါင်းဖော်ဆောင်နိုင်ကြ မည်ဟု အလေးအနက် ယုံကြည်ပါ ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာမြသီတာက အသိပညာပေးသင်တန်းအစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့မှ ပညာရှင်ဆရာ ဆရာမများက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ရှင်းလင်းပို့ချခဲ့ကြပြီး စေတနာ့ဝန်ထမ်း များနှင့် အပြန်အလှန်ဆွေးနွေးကြ ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ၏ဆဋ္ဌမအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာ့ကမ်းရိုးတန်း သယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် ကမ်းရိုးတန်းဒေသများတွင် ဖြစ်ပေါ်နေသည့် ဒီရေတောနှင့် ကမ်းရိုးတန်း သယံဇာတ ထုတ်ယူသုံးစွဲမှုပြဿနာ၊ ပဋိပက္ခများကို ဖြေရှင်းနိုင်ရန် အတွက် နိုင်ငံအဆင့်/ ဗဟိုအဆင့်မှ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်အဆင့်အထိ ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီများကို အဆင့်အဆင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအချိန်အထိ ဗဟိုကော်မတီ အစည်းအဝေးကို (၇)ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်ပေါင်း (၅၄) ချက် ချမှတ်ကာ ကမ်းရိုးတန်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာနယ်မြေဒေသများနှင့် အခန်းကဏ္ဍအသီးသီး၏ ပူးပေါင်းပါဝင်ဆုံးဖြတ်ဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်ဆောင်နိုင်ရန် လုပ်ငန်းကော်မတီ အစည်းအဝေးများ ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၆) ကြိမ်မြောက် ဖြစ်ပါကြောင်း။

မြန်မာ့ကမ်းရိုးတန်းသယံဇာတ တည်ရှိမှုအခြေအနေများ၊ လူမှုစီးပွားရေးနှင့် နိုင်ငံ့စီးပွားရေးအပေါ် အထောက်အပံ့ပြုမှု အခြေအနေများနှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ရေရှည်တည်တံ့ရေးအတွက် ကျင်းပပြီးစီးခဲ့သည့် လုပ်ငန်းကော်မတီ အစည်းအဝေး (၅) ကြိမ်တွင် ကမ်းရိုးတန်းသယံဇာတများ ဘက်စုံပူးပေါင်းစီမံအုပ်ချုပ်ခြင်း “Integrated Coastal Management”(ICM) အစီအမံများ ဖွံ့ဖြိုးရေးကို တစိုက်မတ်မတ် ဦးတည်ဆွေးနွေးခဲ့ကြပါကြောင်း။

### အစီအမံများ ချမှတ်ဆောင်ရွက်

မြန်မာနိုင်ငံတွင် ICM စနစ်ကို ချမှတ်ကျင့်သုံးနိုင်ရေးအတွက် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်ကြီး (၁၀) ရပ်အနက် တာဝန်တစ်ရပ်အနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်နေသည်ကို ကော်မတီဝင်များအားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ Integrated Coastal Management Programme (မူကြမ်း)ကို လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး မဏ္ဍိုင်ကြီး (၃) ရပ်လုံး ဟန်ချက်ညီညီ စီမံအုပ်ချုပ်ရန်နှင့် ဒေသစုံ၊ ကဏ္ဍစုံ၊ ဌာနစုံ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ပြီး ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် သစ်တောဦးစီးဌာနမှ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အနေဖြင့် ကမ်းရိုးတန်းဒေသရှိ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ၊ ခရိုင်ကော်မတီများ၊ နည်းပညာအကြံပေးကော်မတီဝင်များ နှင့် ဒေသအဖွဲ့အစည်းများ၏ အကြံဉာဏ်များရယူကာ IUCN အဖွဲ့၏ အကူအညီဖြင့် ရေးဆွဲလျက်ရှိပါကြောင်း၊ ICM ၏ အခြေခံကျသည့် လုပ်ငန်းတစ်ရပ်အနေဖြင့် မြန်မာ့ကမ်းရိုးတန်းဒေသ နယ်နိမိတ်သတ်မှတ်နိုင်ရေးအတွက် ICM ဇုန်နယ်မြေ (မူကြမ်း)ကို ရေးဆွဲဖော်ထုတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ICM အစီအမံများ ရေးဆွဲရာတွင် ကမ်းရိုးတန်းဒေသတွင်ရှိသည့် ဂေဟစနစ်များ၊ သယံဇာတများနှင့် အဏ္ဏဝါဒေသရှိ ဂေဟစနစ်များနှင့် သယံဇာတများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းအသုံးချနိုင်ရန် ဦးတည်ချက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### အထူးဂရုစိုက်ထိန်းသိမ်းရန်လို

ကမ်းရိုးတန်း ဂေဟစနစ်များ၊ သယံဇာတများ ပျက်စီးဆုံးရှုံးမှုနှင့် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ချက်များသည် ထင်သာမြင်သာရှိသော်လည်း အဏ္ဏဝါဒေသရှိ ဂေဟစနစ်များနှင့် သယံဇာတများ ပျက်စီးဆုံးရှုံးနေမှုအပေါ် အထူးဂရုစိုက်ပြီး ထိန်းသိမ်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဏ္ဏဝါညစ်ညမ်းမှု အခြေအနေများသည် အဓိကအားဖြင့် ကုန်းတွင်းပိုင်းမှ စွန့်ပစ်ပစ္စည်းများဖြစ်သည့် မိလ္လာစွန့်ပစ်မှုများ၊ စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများမှ ဓာတုစွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ညစ်ညမ်းနေရကြောင်းကို နော်ဝေနိုင်ငံရေး သုတေသနအဖွဲ့ (NIVA) ၏ ၂၀၁၁ ခုနှစ် အစီရင်ခံစာက ဖော်ပြထားရှိပြီး ကမ်းရိုးတန်းဒေသ အမှိုက်နှင့် အညစ်အကြေး စွန့်ပစ်စနစ်များကို ထိထိရောက်ရောက် စီမံအုပ်ချုပ်နိုင်ပါက မြန်မာ့အဏ္ဏဝါညစ်ညမ်းမှုကို အထိုက်အလျောက် လျှော့ချနိုင်ခြေရှိကြောင်းကို ဖော်ပြထားပါကြောင်း။

### ရေရှည်မျှော်မှန်းချက်များ ချမှတ်

မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးရေးရည်မှန်းချက် မဏ္ဍိုင်များနှင့် လိုက်လျောညီထွေဖြစ်စေသည့် နိုင်ငံ့ကမ်းရိုးတန်းသယံဇာတများ ဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအမံများ ဖွံ့ဖြိုးစေရေးအတွက် ရေရှည်မျှော်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်တည်ထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကမ်းရိုးတန်းဒေသများ၌ ထိရောက်သည့် စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျန်ရှိနေသေးသည့် ဆောင်ရွက်ဆဲကိစ္စရပ်များကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်နှင့် ယနေ့အစည်းအဝေးတွင် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ကော်မတီဝင်များအားလုံး ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့အစည်းအဝေးမှ ရရှိသည့် ဆွေးနွေးတင်ပြချက်နှင့် အစည်းအဝေးဆုံးဖြတ်ချက်များကို ရှေ့လာမည့် အဋ္ဌမအကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေးတွင် မပျက်မကွက် တင်ပြဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီဝင်အားလုံးအနေဖြင့်ကမ်းရိုးတန်းသယံဇာတများ ဘက်စုံစီမံအုပ်ချုပ်နိုင်ရေးအတွက် ရေရှည်ရည်မှန်းချက် ချမှတ်ဆောင်ရွက်ရမည့်အစီအမံများ၊ ကိုဗစ်-၁၉ ကာလအလွန် ပြန်လည်တည်ထောင်ရေးနှင့်ဖွံ့ဖြိုးရေး ဆောင်ရွက်မည့် အစီအမံများအပေါ် မိမိတို့ဒေသနှင့် ကဏ္ဍအခြေအနေများအလိုက် အကြံပြုဆွေးနွေးပေးကြရန်နှင့် ကမ်းရိုးတန်း သယံဇာတများ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန် တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် စစ်ဦးစီး ဗိုလ်မှူးချုပ်(ရေ)၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိတို့ကော်မတီများအလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် စစ်ဦးစီး ဗိုလ်မှူးချုပ်(ရေ)၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁ ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

**တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရည်ရွယ်၍ တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁ ကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် Virtual စနစ်ဖြင့် ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က အွန်လိုင်းစနစ်ဖြင့် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပထမအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ လည်းကောင်း ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး ယခု တတိယအကြိမ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ်လ ၅ ရက်အထိ Virtual စနစ်ဖြင့် ကျင်းပနိုင်ရန် နိုင်ငံတော်သမ္မတရုံးနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြခဲ့ပြီး အဆိုပါ တင်ပြချက်အရ သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁ ပွဲတော်ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ်လ ၅ ရက်အထိ MRTV၊ MRTV-4၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (NRC)၊ Web portal၊ Webiner (Web program)၊ Facebook platform တို့မှ Virtual စနစ်ဖြင့်ဆောင်ရွက်မည့် အစီအစဉ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနများသို့ လိပ်မူပြီး အကြောင်းပြန်လာခဲ့သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ပွဲတော်ကျင်းပနိုင်ရန် ယခုအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း။

သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကို ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးရေး၊ ရိုင်းပင်းကူညီရေး၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ တောတောင်ရေမြေအလှများ၊ တိုင်းရင်းသားဒေသအခြေပြုခရီးသွားလုပ်ငန်းများအပြင် ရိုးရာအဝတ်အထည်များ၊ ဒေသထွက်ကုန်များကို နိုင်ငံတကာသို့ တင်ပို့နိုင်ရေး ရည်ရွယ်၍ ကျင်းပဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုပွဲတော်ကဲ့သို့ တိုင်းရင်းသားများ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ရင်းရင်းနှီးနှီး ဆုံစည်းရာ ရိုးရာယဉ်ကျေးမှုများ ဖော်ထုတ်ရာပွဲတော်ဖြစ်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် ယခုလိုကာလတွင် သွေးချင်းတို့ရဲ့ပွဲတော်ဆီကို မြေပြင်၌ ကျင်းပခြင်းမပြုလုပ်ဘဲ ရုပ်သံလိုင်းများတွင် ကျင်းပရမည့်အတွက်ကြောင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအရလည်း အခက်အခဲများဖြင့် ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများအားလုံးကို လူစုလူဝေးမဖြစ်ပေါ်စေရေး၊ ကူးစက်ရောဂါပြန့်ပွားမှု မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုကျင်းပမည့် ပွဲတော်သည် တိုင်းရင်းသားများအတွက် အကျိုးအမြတ်၊ အသိပညာများ ရရှိစေရန် ဆောင်ရွက်ရခြင်းသည် ကောင်းမွန်သောအရာများ ဖြစ်သော်လည်း တိုင်းရင်းသားပြည်သူများ ထိခိုက်စေမည့် အရာများကိုလည်း ရှောင်ရှားရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများအတွက် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့် ကိစ္စဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ အကျိုးစီးပွား၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားဒေသ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ဒေသထွက်ကုန်များ ပိုမိုမြှင့်တင်နိုင်ရေး စသည်များကို အထောက်အကူပြုစေရန် အားလုံး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးလှမော်ဦး က သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်သည် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ကြည်မှုကိုဖော်ဆောင်ပေးရာ ရောက်ပါကြောင်း၊ ယခုကာလသည် ကိုဗစ်ကာလဖြစ်သည့်အတွက် မြေပြင်တွင် ကျင်းပခြင်းမပြုတော့ဘဲ Virtual စနစ်ဖြင့် ကျင်းပပါက တိုင်းရင်းသားများ ပါဝင်မပတ်သက်နိုင် သော်လည်း ယခင်ကဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပြီး ကဏ္ဍအလိုက် ကျင်းပပါက မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်မည်ဟု ယုံကြည်ပါကြောင်းနှင့် တိုင်းရင်းသားလူမျိုးများအကြား ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာနှင့် တာဝန်ရှိသူများက “သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၁” ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အကျဉ်းချုပ် တင်ပြခဲ့သည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာအယ်လ်တူးမိန်းဂေါင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလေး၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်နှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများက အထွေထွေ ဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေး-ကျောက်ဖြူ ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း ဖြစ်မြောက်နိုင်ခြေ လေ့လာမှုဆောင်ရွက်ရန် မြန်မာ့မီးရထားနှင့် China Railway Eryuan Engineering Group Co.,Ltd (CREEC) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် China Railway Eryuan Engineering Group Co.,Ltd (CREEC) တို့အကြား မန္တလေး-ကျောက်ဖြူရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း ဖြစ်မြောက်နိုင်ခြေလေ့လာမှု (Feasibility Study) ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန်ဦးဝင်းခန့်၊ မြန်မာ့မီးရထားခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် တာဝန်ရှိသူများ၊ CREEC မှ Chief Representative of CREC Myanmar, Mr. Wang Guoliang နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မူဆယ်-မန္တလေး-ကျောက်ဖြူရထားလမ်းစီမံကိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်၏ One Belt-One Road အစီအစဉ်အရဖြစ်ပေါ်လာသည့် China- Myanmar Economic Corridor တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ စီမံကိန်းများထဲတွင် တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ယခုကဲ့သို့ ငွေကြေး ကုန်ကျမှုများစွာ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံကိန်းတစ်ခုအပေါ် စီမံကိန်း၏ ဖြစ်နိုင်စွမ်းအခြေအနေများကိုလည်း သတိကြီးစွာ အသေးစိတ်လေ့လာမှုပြုလုပ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းများကိုပါ တစ်ပါတည်း အသေးစိတ် လေ့လာရမည်လည်း ဖြစ်ပါကြောင်း။

ယခု မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်း ဖြစ်မြောက်နိုင်ရေး လေ့လာမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရခြင်းဖြစ်ပါကြောင်း၊ မန္တလေး-မူဆယ် ဖြစ်မြောက်နိုင်စွမ်း အခြေအနေများလေ့လာပြီးစီးခဲ့မှုနှင့် ပတ်သက်၍ တစ်ဆက်တစ်စပ်တည်း သုံးသပ်မှုများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း၊ အဆိုပါ ရထားလမ်းစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး စိတ်ဓာတ်နှင့်အညီ ညီအစ်ကိုမောင်ရင်း စိတ်ဓာတ်ဖြင့် နှစ်ဦးနှစ်ဖက် ယုံကြည်မှု၊ သစ္စာရှိမှု၊ ချစ်ခင်ရင်းနှီးမှု၊ နှစ်ဦးနှစ်ဖက်၏ အကျိုးရှိမှု၊ နှစ်ဦးနှစ်ဖက် အပြန်အလှန် နားလည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်သည်လည်း သမိုင်းဝင်ခရီးစဉ် ဖြစ်ခဲ့ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ပြန်ကြည့်မည်ဆိုပါက သမ္မတ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ် ရလဒ်များကို တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၁ ခုနှစ်သည် တရုတ်နိုင်ငံ၏ (၁၄) ကြိမ်မြောက် (၅) နှစ်စီမံကိန်းဖြစ်ပါကြောင်း၊ တရုတ်ပြည်တွင်း ယူနန်ပြည်နယ်ရှိ Dali မှ ရွှေလီ (Ruili) အထိ ရထားလမ်းသည် ၂၀၂၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးပါက စတင်ပြေးဆွဲနိုင်မည်ဖြစ်၍ တရုတ်-မြန်မာ ရထားလမ်း ချိတ်ဆက်ပြီးပါက မြန်မာနိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄ ဘီလီယံ ဈေးကွက်ကို ဝင်ရောက်နိုင်မည် ဖြစ်ပါကြောင်း၊ ကျယ်ပြန့်သည့်အာရှနှင့် ဥရောပဒေသကို ပိုမိုနီးကပ်စွာ ချိတ်ဆက်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုဘဝကိုလည်း တိုးတက်ရရှိစေမည် ဖြစ်ပါကြောင်း၊ ယခုလို စီမံကိန်း ဖြစ်မြောက်နိုင်ခြေ လေ့လာဆောင်ရွက်မည့် တရုတ်နိုင်ငံမှ CREEC ကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံးကုမ္ပဏီ ၅၀၀ စာရင်းပါဝင်သော China Railway Group Co., Limited (CRGC) ၏ အဓိကနည်းပညာကုမ္ပဏီဖြစ်ပါကြောင်း၊ CREEC ကုမ္ပဏီက ကြိုးပမ်းမှုနှင့်အတူ မန္တလေး- ကျောက်ဖြူ ရထားလမ်း ဖြစ်မြောက်နိုင်ခြေ လေ့လာမှုလုပ်ငန်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက် အတူတကွ ကြိုးစား၍ ဖြစ်မြောက်နိုင်ခြေ လေ့လာမှုအပေါ် အခြေခံကာ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထား ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် CREEC မှ Chief Representative of CREC Myanmar တို့က ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့ ရှေ့မှောက်၌ နားလည်မှုစာချွန်လွှာအား လက်မှတ် ရေးထိုးကြပြီး **(အပေါ်ဝဲပုံ)** စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ သက်တမ်းအား (၂)နှစ် သတ်မှတ်ထားရှိပြီး စီမံကိန်းလေ့လာမှု အစီရင်ခံစာအား ၁၈ လအတွင်း ပြန်လည်တင်ပြရမည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှု ဆန်းစစ်ခြင်းတို့ကိုပါ တစ်ပါတည်းထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## စွမ်းအင်ကဏ္ဍရှိ ဦးစီးဌာနနှင့် လုပ်ငန်းများ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေသုံးစွဲခြင်းဆိုင်ရာ အစီအမံများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စွမ်းအင်ကဏ္ဍရှိ ဦးစီးဌာနနှင့်လုပ်ငန်းများ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဘဏ္ဍာငွေသုံးစွဲခြင်းဆိုင်ရာ အစီအမံများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများအနေဖြင့် လုပ်ငန်းနှင့် စီမံကိန်းများအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် ဆောင်ရွက်လိုသော လုပ်ငန်းတစ်ခုချင်းအလိုက် အမှန်ကျခံသုံးစွဲမည့် ပမာဏနှင့် အနီးစပ်ဆုံးခန့်မှန်း ပြုစုနိုင်ရေး၊ ဘတ်ဂျက်လျာထားစီမံခန့်ခွဲမှု စနစ်တကျရှိစေရေး၊ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်အတွက် တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်များ၊ တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် စာချုပ်များချုပ်ဆို ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းများကို သတ်မှတ်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း အတိအကျ လိုက်နာဆောင်ရွက်ရေး၊ ပစ္စည်းတင်ပို့မှု၊ ရောက်ရှိမှုနှင့် လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရေး၊ ဘတ်ဂျက်ခွင့်ပြုငွေများကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ရရှိထားသော ဘတ်ဂျက်များကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် ကမ္ဘာ့ကပ်ရောဂါကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်သည့်ကာလဖြစ်သည့်အတွက် မိမိတို့လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် ဌာနအကြီးအကဲ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သက်ဆိုင်ရာ ဝန်ထမ်းအားလုံး အလေးထား ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တင်ဒါခေါ်ဆိုခဲ့မှု အခြေအနေ၊ performance base ငွေပေးချေရေး ဆောင်ရွက်မှုများ၊ ပစ္စည်းများအချိန်မီ ရောက်ရှိရေး ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၏ ရငွေများကောက်ခံရရှိမှု အခြေအနေ၊ မူလခန့်မှန်းခြေစာရင်းအရ ခွင့်ပြုဘဏ္ဍာငွေအပေါ် ပထမ(၃) လပတ်အတွင်း သုံးစွဲနိုင်မှု အခြေအနေ၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် လက်ကျန်အခြေအနေများကို လုပ်ငန်းတစ်ခုချင်းအလိုက် သုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး (စွမ်းအင်) ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စီမံရေးနှင့် ဘဏ္ဍာရေးဌာနများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းရေလှောင်တမံမှ ယခုနှစ်နွေသီးနှံစိုက်ပျိုးရေပေးဝေမည့်အခြေအနေများအား ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၁၂**

နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းရေလှောင်တမံမှ ယခုနှစ် စိုက်ပျိုးရေ ပေးဝေရန် ဆောင်ရွက်နေသည့် အခြေအနေများအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူး ဦးခင်ဇော်က ယခုနှစ်မိုးရွာသွန်းမှုနည်းပါး၍ ရေဆင်းရေလှောင်တမံအတွင်းသို့ ရေဝင်ရောက်မှုမှာ ရေလှောင်တမံ သက်တမ်းတစ်လျှောက် ဒုတိယအနည်းဆုံးနှစ်ဖြစ်ခဲ့သော်လည်း စိစစ်ဧက ပြည့်မီလုနီးပါးအထိ မိုးစပါး ၈၈၄၅ ဧက အားအောင်မြင်စွာ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါကြောင်း၊ မိုးရာသီကုန်ဆုံးချိန်တွင် ရေဆင်းရေလှောင်တမံအတွင်းသို့လှောင်ထားရှိသည့် လက်ကျန်ရေပမာဏအနက်မှ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်တို့အတွက် နွေရာသီကာလ သုံးစွဲမည့်သောက်သုံးရေနှင့် လာမည့်မိုးစပါးစိုက်ပျိုးရာသီအတွက် ပျိုးထောင်ရေတို့ကို တွက်ချက်ချန်လှပ်၍ ကျန်ရှိရေပမာဏဖြင့် မိုးကြို နှမ်းဧက ၆၀၀ အား ယခုနှစ် မတ် ၁ ရက်တွင် စတင်ပေးဝေသွားနိုင်ရန် လျာထားစီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် က ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးရွာသွန်းမှုများ လျော့နည်းလျက်ရှိသဖြင့် ရေအရင်းအမြစ်များစုံစမ်းရှာဖွေ၍ ရေကူဖြည့်တင်းပေးနိုင်မည့်နည်းလမ်းများကို ကြံဆရှာဖွေရန်၊ ယခုလာမည့် နွေရာသီကာလအတွင်း ရေငွေ့ပျံဆုံးရှုံးမည့် ပမာဏကို မှတ်တမ်းထား၍ တိတိကျကျတိုင်းတာရန်နှင့် ရေလှောင်တမံအတွင်း သိုလှောင်ထားသည့်ရေအား စနစ်တကျစီမံခန့်ခွဲ၍ အလေအလွင့်မရှိထိထိရောက်ရောက် ပေးဝေနိုင်ရေးအတွက် စီမံဆောင်ရွက်ကြရန် မှာကြားပြီး နွေသီးနှံစိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မွေး**



## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၁၂**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းသုံး ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ခိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ Economic and Commercial Counsellor of Chinese Embassy to Myanmar ဖြစ်သူ Mr. Tan Shufu၊ First Secretary, Ms. Zhou Nan၊ First Secretary , Mr. Zhang Long၊ Mr. Xiao Hongxuan၊ Ms. Wang Kun၊ Mr. Huang Taijing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယနေ့ ပေးအပ်လှူဒါန်းသည့် ဆေးပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးစဉ်တွင် အထူးလေယာဉ်ဖြင့် သယ်ဆောင်လာခြင်း ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးပြီးနောက် ပထမဆုံးအဖြစ် ရောက်ရှိလာသည့် နိုင်ငံခြားရေးဝန်ကြီး ဖြစ်ပါကြောင်း၊ ယခုလှူဒါန်းသည့် ဆေးပစ္စည်းများ၏ တန်ဖိုးမှာ ယွမ်ငွေ ၂၅၀၀၀၀ တန်ဖိုးရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆက်လက်ပေးအပ်မည့် ယွမ်ငွေ သုံးသန်းတန်ဖိုးရှိ ပစ္စည်းများအနက် ပထမအသုတ်ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားမည်

မိမိတို့အနေဖြင့် မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို လေးစားပြီး "တစ်လှေတည်းစီး၊ တစ်ရေတည်းသောက်၊ အေးအတူပူအမျှအသိုက်အဝန်း" အဖြစ်ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်စဉ်တွင်လည်း မြန်မာနိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အကူအညီများ ပေးအပ်ခဲ့သကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံသို့ ကျန်းမာရေးပညာရှင်အဖွဲ့များ စေလွှတ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများပံ့ပိုးပေးခြင်းများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာ-တရုတ် လုပ်ငန်းအသီးသီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် အေးအတူပူအမျှနေထိုင်ရေးတို့ဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကလည်း မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ရေး၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့် တွန်းအားပေးရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီဆောင်ရွက်ရေးတို့ကို အရေးကြီးသတ်မှတ် သဘောထားပါကြောင်း၊ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက စဉ်ဆက်မပြတ် ကူညီလျက်ရှိရာ ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးသိန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။




မြန်မာနိုင်ငံ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာန (Center for Disease Control, Training and Research, Myanmar) တည်ဆောက်ရေးလုပ်ငန်းကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီပေးလျက်ရှိပါကြောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### များစွာအကျိုးရှိမည်ဖြစ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ဆယ်စုနှစ်ပေါင်းများစွာ ကဏ္ဍများစွာတွင် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ပူပေါင်းဆောင်ရွက်နေမှုများနှင့် ယခုကဲ့သို့ လှူဒါန်းမှုများနှင့် ကူညီပံ့ပိုးပေးမှုများအတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် နိုင်ငံသားများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းပေးအပ်မှုကြောင့် မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍအတွက် နယ်စပ်ဒေသကျန်းမာရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ သုတေသနပူးပေါင်းဆောင်ရွက်မှုများ၊ ရာသီတုပ်ကွေး (H1N1) ကူးစက်မှုဖြစ်စဉ်တွင် ပံ့ပိုးခဲ့မှုများ၊ ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးနှင့် အသည်းရောင် အသားဝါ-ဘီ ရောဂါကာကွယ်ဆေးများ ပေးအပ်မှုများအပါအဝင် ပံ့ပိုးမှုများစွာပြုလုပ်ခဲ့သောကြောင့် မြန်မာနိုင်ငံ ပြည်သူများအတွက် အကျိုးများစွာရှိခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်စဉ်တွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျန်းမာရေးပညာရှင်များ မြန်မာနိုင်ငံသို့လာရောက်ကာ ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးအတွေ့အကြုံများဝေမျှခြင်း၊ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုအတွက် သင်တန်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပံ့ပိုးမှုဖြင့် တည်ဆောက်နေသည့် မြန်မာနိုင်ငံ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာန (Center for Disease Control, Training and Research, Myanmar) တို့သည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း။

### နှစ်ပေါင်းများစွာ တည်ရှိသွားမည်

အဆိုပါ ဗဟိုဌာနကြီးပြီးစီးပြီးနောက် ပြည်သူ့ကျန်းမာရေး ပညာရှင်များနှင့် သုတေသနပညာရှင်များစွာကို လေ့ကျင့်သင်တန်းများ ပေးအပ်နိုင်ကာ ဗဟိုဌာနတွင် ပါဝင်သည့် ဇီဝလုံခြုံမှု အဆင့်မြင့်ဓာတ်ခွဲခန်းများဖြင့် အဆင့်မြင့်ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများလည်း ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ အဆင့်မြင့်သုတေသနများကိုလည်း လုပ်ဆောင်သွားနိုင်မည်ဖြစ်သဖြင့် အဆိုပါ ဗဟိုဌာနကြီးသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပြယုဂ်အဖြစ် နှစ်ပေါင်းများစွာ တည်ရှိသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆက်လက်ပေးအပ်မည့် ယွမ်ငွေ သုံးသန်းတန်ဖိုးရှိ ပစ္စည်းများကို အသုတ်လိုက် ပေးပို့သွားမည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိစွာဖြင့် လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် က ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ စုစုပေါင်း ယွမ်ငွေ ၂၅၀၀၀၀ တန်ဖိုးရှိ ပါးစပ်နှင့်နှာခေါင်းစည်း (mask) ခုရေ တစ်သိန်း၊ KN95 mask ခုရေ သုံးသောင်းနှင့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ နှစ်ထောင်တို့ကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# (၁၇) ကြိမ်မြောက် မြန်မာ- တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

**(၁၇) ကြိမ်မြောက် မြန်မာ-တရုတ်နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (NNCC) ၌ အိမ်ရှင်နိုင်ငံအဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**




အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြပြီး **(အပေါ်ပုံ)** တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင်(NNCC) မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဗျူရို (NCB) ညွှန်ကြားရေးမှူးချုပ် Mr.Liang Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင်(NNCC)မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဗျူရို (NCB) ညွှန်ကြားရေးမှူးချုပ် Mr.Liang Yun က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

### စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေဆဲ

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က (၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အခြေအနေကြောင့် Online စနစ်ဖြင့် ကျင်းပခဲ့ရပါကြောင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်းဖြင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်၍ မရဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများဖြင့် အပြန်အလှန် ကူညီထောက်ပံ့မှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှသာ ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိတ်ပြောင်းဆေးဝါးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ပရီကာဆာဓာတုပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှုတွင် လွန်စွာမြင့်မားလာသဖြင့် ပရီကာဆာ ဓာတုပစ္စည်းထိန်းချုပ်မှုလုပ်ငန်းတွင် အရေးတကြီး ဆောင်ရွက်ရမည့် ကိစ္စတစ်ခုဖြစ်လာကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပရီကာဆာထုတ်လုပ်သည့် နည်းပညာများနှင့် စက်ရုံ၊ အလုပ်ရုံများမရှိသော်လည်း နိုင်ငံ၏ရှည်လျားလှသည့် နယ်နိမိတ်တွင် ဝင်/ထွက်ပေါက်များကို အပြည့်အဝ ထိန်းချုပ်ရန်ခက်ခဲခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သူများအနေဖြင့် နယ်စပ်ဒေသတွင်ရှိနေသည့် အချို့သောအဖွဲ့အစည်းများကို အသုံးချအခွင့်ကောင်းယူ၍ ပရီကာဆာဓာတုပစ္စည်းများအား နယ်စပ်ဒေသမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေမှုကလည်း မိမိတို့အတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မိမိတို့၏ အင်အားနှင့် စွမ်းရည်ရှိသမျှ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသော်လည်း မူးယစ်ဆေးဝါးဈေးကွက်သည် နိုင်ငံတကာတွင် ဝယ်လိုအားမြင့်တက်လျက်ရှိသည့်အတွက် ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ နည်းမျိုးစုံဖြင့် ထိုးဖောက်ဝင်ရောက်လာမှုကလည်း အဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုအခြေအနေနှင့် လမ်းကြောင်းအခြေအနေတို့အား သုံးသပ်ပြီး လိုအပ်သည့်နယ်မြေများတွင် တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော နယ်စပ်ဒေသများတွင် မိမိတို့အနေဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်နိုင်မှု အားနည်းနေသေးသဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တရားမဝင် ဝင်/ထွက်ပေါက်များရှိရာဒေသများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ တရားခံပြေးများ ဖမ်းဆီးရမိရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ တရားမဝင်မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှု တိုက်ဖျက်ရေးအတွက် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အစီအမံများ၊ ပရီကာဆာ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေး ထိန်းချုပ်ဆောင်ရွက်ရမည့် အခြေအနေများ၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး (၁၈) ကြိမ်မြောက် အစည်းအဝေးအတွက် ကျင်းပမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# တာချီလိတ်မြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိ





**နေပြည်တော် ဇန်နဝါရီ ၁၂**

တာချီလိတ်မြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် တာချီလိတ်မြို့နယ် ဝမ်ပုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့နယ် ဟိုနား (အာခါ) ကျေးရွာအနီး တာချီလိတ်- ဝမ်ပုံသွားကားလမ်းတွင် တာချီလိတ်ဘက်မှ မောင်းနှင်လာသည့် Outlander အမျိုးအစား ယာဉ်ကို စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ နံနက် ၇ နာရီတွင် ဝမ်ပုံနယ်မြေရဲစခန်းရှေ့တွင် ဖမ်းဆီးရမိခဲ့ပြီး ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်မောင်း ဂျူလိုင်နှင့်အတူ ငွေကျပ် တစ်ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၇၀ ကီလိုကို လည်းကောင်း၊ စစ်ဆေးချက်အရ ၇ နာရီခွဲတွင် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝမ်ဆောက်ခုံ (ရှမ်းရွာဟောင်း)နေ အိုက်ရီ (ခ)ခမ်းကျောက်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်အတွင်းမှ တူမီးသေနတ် တစ်လက်၊ ကျည် ၁၈ တောင့်တို့အား လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ဂျူလိုင်၊ အိုက်ရီ (ခ) ခမ်းကျောက် (ဖမ်းမမိ)တို့အား ဥပဒေအရ အရေးယူထားကြောင်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း ဆိုင်ကယ်ဖြင့်လိုက်လံ၍ ဆွဲကြိုးဖြတ်လုယက်သူသုံးဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်း ဆိုင်ကယ်ဖြင့် လိုက်လံ၍ ဆွဲကြိုးဖြတ်လုယက်သူသုံးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီခွဲက တရားလို ---- သည်



ပြစ်မှုကျူးလွန်သူ ကျော်သက်ပိုင်၊ ရန်နိုင်နှင့် အောင်သူတို့ကို တွေ့ရစဉ်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၈၉)ရပ်ကွက် သမာဓိလမ်းသွယ်(၂)တွင် လမ်းလျှောက်နေစဉ် အမျိုးသားသုံးဦး ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ၎င်းဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးတစ်ကုံးအား ဆွဲယူထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်ရှိလူများနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်းမှ လှည့်ကင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးရာ သုံးဦးအနက် ကျော်သက်ပိုင်(ခ) ခေးနှစ်လက်ကို ဖမ်းဆီးရမိသောကြောင့် အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ ကျော်သက်ပိုင်(ခ) ခေးနှစ်လက် (၂၈ နှစ်)၊ ဇကားဝါလမ်း (ကျူးတဲ) (၈၈)ရပ်ကွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နေသူကို ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ် ဇော်မိုးနှင့် အဖွဲ့က စစ်ဆေးရာ ရန်နိုင်(ခ)ကိုနိုင်၊ အောင်သူတို့နှင့်အတူ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ရန်နိုင်(ခ)ကိုနိုင်နှင့် အောင်သူတို့နှစ်ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ရန်နိုင် (ခ)ကိုနိုင် (၂၇ နှစ်) မ/၃၇၆ သုခိတာလမ်း (၈၇)ရပ်ကွက် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နေသူကို ဇန်နဝါရီ ၁၁ ရက်တွင် လည်းကောင်း၊ အောင်သူ (၃၃ နှစ်) မေတ္တာလမ်း (၈၇)ရပ်ကွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူကို ဇန်နဝါရီ ၁၂ ရက်တွင် လည်းကောင်း ဖမ်းဆီးရမိပြီး ၎င်းတို့သုံးဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီတွင် ကွတ်ခိုင်မြို့နယ် မန်လွယ်ကျေးရွာအနီး လားရှိုး-မူဆယ်သွားကားလမ်းတွင် ချောင်ကွမ်း မောင်းနှင်ပြီး မမာခွမ် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ မမာခွမ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၂၂ ကီလိုကို လည်းကောင်း၊ အလားတူ ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျီးရေကျေးရွာအနီး နောင်ချို-ရပ်စောက်သွားကားလမ်းတွင် မိုးထက် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ နှင့် ကွင်းဆက်အရ ညပိုင်းတွင် ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာနေ ထွန်းစီ(ခ)သာမဲ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့က တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်ရှိ ငြိမ်းချမ်းထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၄၀၀၊ ဘိန်းဖြူ သုည ဒသမ ၂၄ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၁ ကီလိုတို့ကိုလည်းကောင်း၊ အလားတူ ထိုနေ့ ညနေပိုင်းတွင် သိန္နီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သိန္နီမြို့နယ် ပန်လော့ကျေးရွာအနီးတွင် အိုက်ငို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဖလမ်းမြို့၌ နေအိမ်ခြောက်လုံး မီးလောင်ပြီး အမျိုးသမီးနှစ်ဦးသေဆုံး

**ဖလမ်း ဇန်နဝါရီ ၁၂**

ဖလမ်းမြို့ ဖါရ်ထောက်ရပ်ကွက် လမ်းဆုံထီးရိပ်အနီး ဗိုလ်ချုပ်လမ်းဘေးရှိ ဒေါ်မန်းလှယ်ဇိန်း နေအိမ်တွင် လျှပ်စစ်မီးဖိုကို အိပ်ရာဘေးတွင် ဖွင့်၍အိပ်စဉ် အပူလွန်ကဲရာမှ ဇန်နဝါရီ ၁၂ ရက် နံနက် ၄ နာရီ ၁၀ မိနစ်ခန့်က လူနေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးပြီး အမျိုးသမီးနှစ်ဦး သေဆုံးကြောင်း ဖလမ်းမြို့မရဲစခန်းမှ သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ရှင် ဒေါ်မန်းလှယ်ဇိန်း (၆၉ နှစ်) နှင့် ဒေါ်ရဇိန်း (၄၂ နှစ်) တို့ သေဆုံးသွားပြီး ဒေါ်မန်းလှယ်ဇိန်း၏ နှစ်ထပ်နေအိမ်အပါအဝင် နေအိမ်ခြောက်လုံး မီးလောင်ပျက်စီးသွားကြောင်းနှင့် မီးဘေးသင့်အိမ်ထောင်စုများအား နီးစပ်ရာဆွေမျိုးများထံသို့ ပြောင်းရွှေ့ထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကသာမြို့နယ်အတွင်းမှ တရားမဝင် သစ်လုံးများနှင့် သစ်ခွဲသား ၂၇ တန်ကျော် သိမ်းဆည်းရမိ

**ကသာ ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အင်းရွာဘိနယ် အင်ဒေါင်းကြိုးဝိုင်းအတွင်းနှင့် ပိန်းတောကျေးရွာအနီး နေရာများမှ တရားမဝင်သစ်လုံးနှင့် ကျွန်းခွဲသားများအပါအဝင် သစ်ခွဲစက်တစ်လုံးကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီခန့်က ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးစီးသောအဖွဲ့သည် ကသာမြို့နယ် အင်ဒေါင်းကြိုးဝိုင်းအတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် အကွက်အမှတ်(၂)နှင့် ပိန်းတောကျေးရွာအနီး နေရာများမှ တရားမဝင်ကျွန်း၊ ကညင်၊ သစ်ရာ၊ ပျဉ်းမ၊ ဖန်းခါးသတီသစ်လုံးများနှင့် ကညင်၊ သစ်ရာခွဲသား စုစုပေါင်း ၂၇ ဒသမ ၃၈၆ တန်နှင့် သစ်ခွဲရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ပိုင်ရှင်အား စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးကပြောသည်။

**လူအောင်(ကသာ)**

○ *ကျောဖုံးမှ*

ရမှတ် ၃၀ တူ ဂိုးကွာခြားချက်အသာဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေသည်။ ရမှတ် ၃၄ မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသော ဘာစီလိုနာအသင်းသည် နောက်ဆုံးရှစ်ပွဲဆက် မရှုံးအောင် ကစားထားနိုင်သည်။ သို့သော်လည်း ဘာစီလိုနာအသင်းသည် လာလီဂါ (၁၈) ပွဲကစားပြီးချိန်တွင် ရှုံးပွဲ လေးပွဲအထိ ကြုံတွေ့ထားသည်။ အဆိုပါ လေးပွဲတွင် အဝေးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ကိုးပွဲတွင် သုံးပွဲအထိ ရှုံးပွဲ ကြုံတွေ့ထားသည်။ ထို့ကြောင့် ဆိုစီဒက်အသင်းနှင့် ပွဲစဉ်တွင်လည်း အဝေးကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ဘာစီလိုနာအနေဖြင့် နိုင်ပွဲရယူသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယမန်နှစ်က စပိန်စူပါဖလား ဆီမီးဖိုင်နယ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ယခု စူပါဖလား ဆီမီးဖိုင်နယ်တွင် ဆိုစီဒက်အသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာရမလား သို့မဟုတ် ဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။

ဆိုစီဒက်အသင်းသည် အနီးဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ဆီဗီလာအသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ဘာစီလိုနာအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ဂရန်နာဒါအသင်းနှင့် ပွဲစဉ်တွင် လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ မက်ဆီသည် လာလီဂါ ၁၇ ပွဲတွင် ၁၁ ဂိုး သွင်းယူထားနိုင်သူ ဖြစ်သည်။ ဆိုစီဒက်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ယမန်နှစ်က ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်တွင် ဘာစီလိုနာအသင်းကသာ နှစ်ကြိမ်စလုံး အနိုင်ရရှိထားသည်။ ထို့အပြင် နောက်ဆုံးတွေ့ဆုံခဲ့သည့် ရှစ်ကြိမ်တွင် ရှစ်ကြိမ်စလုံး ဘာစီလိုနာအသင်းက အနိုင်ရရှိထားသည်။ သို့သော်လည်း ဒီနှစ်သင်း တွေ့ဆုံတိုင်း ခက်ခက်ခဲခဲကစားရတတ်သည်ကို သတိပြုရပေမည်။

အခြားသော ဆီမီးဖိုင်နယ်ပွဲစဉ်တွင် လက်ရှိချန်ပီယံ ရီးရဲမက်ဒရစ်အသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ဆုံတွေ့နေပြီး ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**

# ရှမ်းယူနိုက်တက်အသင်း ကစားသမားသစ်များ ခေါ်ယူ

**ရန်ကုန် ဇန်နဝါရီ ၁၂**

MNL အမှတ်ပေးချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက် ရယူထားသည့် ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် ကစားသမားသစ်များ ထပ်မံခေါ်ယူခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် တောင်ပံကစားသမား သီဟဇော်ကို ခေါ်ယူပြီးနောက် ရေဝတီအသင်း ညာနောက်ခံလူ ကျော်ဇင်လွင်နှင့် မကွေးအသင်း တောင်ပံကစားသမား စိုးလွင်လွင်တို့ကို ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ကျော်ဇင်လွင်နှင့် စိုးလွင်လွင်တို့ကို ပြီးခဲ့သည့်ရက်ပိုင်းက အပြီးသတ်စာချုပ်ချုပ်ဆိုခဲ့ပြီး စာချုပ်သက်တမ်းမှာ နှစ်နှစ်ဖြစ်ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းပြိုင်ပွဲများတွင် အောင်မြင်မှုရယူနိုင်ရန်အပြင် ပြည်ပပြိုင်ပွဲများတွင် ရလဒ်ကောင်းရန်အတွက် လိုအပ်သည့် နေရာများအား အင်အားဖြည့်တင်းနေခြင်းဖြစ်ပြီး ပြည်တွင်းကစားသမားများ စတင်ခေါ်ယူနေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် ပြည်တွင်းကစားသမားငါးဦးအထိ ခေါ်ယူရန် သဘောတူညီမှုရထားပြီး ယင်းကစားသမားများအနက် သီဟဇော်၊ စိုးလွင်လွင်နှင့် ကျော်ဇင်လွင်တို့ကို စာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် အပြောင်းအလဲများ ပြုလုပ်ထားပြီး နှစ်နှစ်ဆက်ချန်ပီယံဆုရယူပေးခဲ့သည့် နည်းပြ ဦးအောင်နိုင်ကို နည်းစနစ်ဒါရိုက်တာအဖြစ် ပြောင်းလဲတာဝန်ပေးကာ ဦးဟန်ဝင်းအောင်ကို နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ထို့ပြင် အသင်းခေါင်းဆောင် သီဟစည်သူမှာလည်း အသင်းမန်နေဂျာအဖြစ်ပါ ပူးတွဲတာဝန်ယူသွားမည်ဖြစ်ပြီး လိုအပ်သည့် အချိန်များတွင်သာ ဂိုးသမားအဖြစ် ပါဝင်ကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် စာချုပ်ကုန်ကစားသမားအများစုအား သက်တမ်းတိုးမည်ဖြစ်ပြီး ပြိုင်ပွဲစတင်မည့်အပေါ် မူတည်၍ နိုင်ငံခြားသားကစားသမားများ ခေါ်ယူမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အကြမ်းဖက်သမားများအားထောက်ပံ့သည့် နိုင်ငံများစာရင်းတွင် ကျူးဘားကို ပြန်လည်ထည့်သွင်း

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

ကျူးဘားနိုင်ငံကို အကြမ်းဖက်သမားများအား ထောက်ပံ့ပေးနေသည့်နိုင်ငံများစာရင်းတွင် ပြန်လည်ထည့်သွင်းလိုက်သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အစိုးရ အဖွဲ့က ကြေညာခဲ့သည်။

အမေရိကန်သမ္မတ ဘားရတ်အိုဘားမားလက်ထက်တွင် ကျူးဘားနိုင်ငံကို အကြမ်းဖက်သမားများအား ထောက်ပံ့ပေးသည့်နိုင်ငံများ စာရင်းမှ ပယ်ဖျက်ပေးခဲ့သည်။

ကျူးဘားနိုင်ငံကို အကြမ်းဖက်သမားများအား ထောက်ပံ့ပေးသည့်နိုင်ငံစာရင်းတွင် ထည့်သွင်းလိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုက ဇန်နဝါရီ ၁၁ ရက်တွင် ကြေညာခဲ့သည်။

ဆိုးရွားသည့် ရာဇဝတ်မှုကျူးလွန်ထားသည်ဟု သံသယရှိသည့် အမေရိကန်ဝရမ်းပြေးများကို ကျူးဘားအစိုးရက ပြန်လည်လွှဲပြောင်းပေးရန် ငြင်းဆိုသည့်အတွက် ယခုလို ပြုလုပ်ရခြင်းဖြစ်ကြောင်း မိုက်ပွန်ပီအိုက ပြောသည်။

ဗင်နီဇွဲလားသမ္မတ မက်ဒူရိုကို အာဏာဆက်လက် ဆုပ်ကိုင်ထားနိုင်ရန် ကျူးဘားထောက်လှမ်းရေးအေဂျင်စီက ကူညီပေးသည်ဟုလည်း စွပ်စွဲပြောဆိုထားသည်။ ယခုလို ထည့်သွင်းလိုက်ခြင်းကြောင့် အမေရိကန်မှ ကျူးဘားသို့ လက်နက်နှင့်ဆက်စပ်သည့်ပစ္စည်းများ ရောင်းချခြင်းနှင့် တင်ပို့ခြင်းတို့ကို ပိတ်ပင်သွားမည်ဖြစ်သည်။

လူသားချင်း စာနာထောက်ထားမှုကိစ္စရပ်များမှလွဲ၍ စီးပွားရေးဆိုင်ရာ အကူအညီများကိုလည်း ပိတ်ပင်သွားမည်ဖြစ်သည်။ အမေရိကန်သည် ကျူးဘားနိုင်ငံကို အကြမ်းဖက်သမားများအား ကူညီပေးသည့် နိုင်ငံများစာရင်းတွင် ၁၉၈၂ ခုနှစ်က ထည့်သွင်းခဲ့သည်။ သမ္မတအိုဘားမားလက်ထက် ၂၀၁၅ ခုနှစ်တွင် အဆိုပါစာရင်းမှ ပယ်ဖျက်ပေးခဲ့သည်။ နှစ်နိုင်ငံပုံမှန်ဆက်ဆံရေး ထူထောင်နိုင်ရန် ဆွေးနွေးစဉ်အတွင်း ပယ်ဖျက်ပေးခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို။

# ဖို့ဒ်ကားကုမ္ပဏီက ဘရာဇီးရှိ စက်ရုံသုံးရုံကို ပိတ်သိမ်းမည်




ကင်တပ်ကီပြည်နယ်ရှိ ကားတပ်ဆင်စက်ရုံ၌ ဖို့ဒ်ကားများ တပ်ဆင်ထုတ်လုပ်မှုကို တွေ့ရစဉ်။

**ဆော်ပိုလို ဇန်နဝါရီ ၁၂**

အမေရိကန်အခြေစိုက် ဖို့ဒ်ကားကုမ္ပဏီက ၂၀၂၁ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျန်ရှိနေသည့် ကားတပ်ဆင်စက်ရုံသုံးရုံကို ပိတ်သိမ်းကာ ထုတ်လုပ်မှုများအားလုံး ရပ်ဆိုင်းမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

လက်တင်အမေရိက၌ အကြီးဆုံးဈေးကွက်ဖြစ်သည့် ဘရာဇီးနိုင်ငံရှိ ကားဈေးကွက်ကို အာဂျင်တီးနား၊ ဥရုဂွေးနှင့် အခြားဈေးကွက်များမှ ကားတပ်ဆင်စက်ရုံများ ထားရှိမည်ဖြစ်ကြောင်း ဖို့ဒ်ကားကုမ္ပဏီက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ကားတပ်ဆင်စက်ရုံများ၏ ကြွံ့ကြွံ့ခံရပ်တည်နိုင်စွမ်းကို ထိခိုက်စေခဲ့ပြီး အရောင်းကျဆင်းမှုများကြောင့် နှစ်များစွာအတွင်း သိသိသာသာ အရှုံးပေါ်ခဲ့ကြောင်း ကုမ္ပဏီ၏ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဆော်ပိုလိုနှင့် ဘာဟီယာရှိ စက်ရုံများတွင် ထုတ်လုပ်မှုများ ချက်ချင်းရပ်နားတော့မည်ဖြစ်ပြီး ဟော်ရီဇုံတီ စက်ရုံရှိ ထရိုလာအမျိုးအစား ကားထုတ်လုပ်မှုကို ယခုနှစ်၏ စတုတ္ထနှစ်ဝက်အထိ ဆက်လက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ ဖို့ဒ်ကားကုမ္ပဏီသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက ဂရိတ်တားဆော်ပိုလိုရှိ ဆော်ဘာနာဒိုဒိုကမ်ပို ကားစက်ရုံ၌ ကားတပ်ဆင်ထုတ်လုပ်မှုကို ပိတ်သိမ်းခဲ့သည်။

**ဆင်ဟွာ**

## လာမည့်သီတင်းပတ်အတွင်း အမေရိကန်တွင် လက်နက်ကိုင်ဆန္ဒပြမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု အက်ဖ်ဘီအိုင် သတိပေးထား

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

ဝါရှင်တန်ဒီစီနှင့် ပြည်နယ် ၅၀ တို့တွင် လာမည့်သီတင်းပတ်များအတွင်း လက်နက်ကိုင်ဆန္ဒပြမှုများ ပေါ်ပေါက်လာနိုင်သည်ဟု အမေရိကန် ထောက်လှမ်းရေးဗျူရို အက်ဖ်ဘီအိုင်က သတိပေးထားသည်။

ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသူ ဂျိုးဘိုင်ဒင်၏ ရာထူးခန့်အပ်ပွဲ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၁၆ ရက်နှင့် ၂၀ ကြားတွင် လက်နက်ကိုင်ဆန္ဒပြမှုများ ပြုလုပ်ရန် စီစဉ်မှုများရှိနေသည်ဟု အက်ဖ်ဘီအိုင်ရုံးတွင်း ထုတ်ဝေလွှာ၌ ပါရှိသည်ဟု မီဒီယာများတွင် ဇန်နဝါရီ ၁၁ ရက်က ဖော်ပြကြသည်။

အကယ်၍ အမေရိကန် သမ္မတထရမ့်သာ သမ္မတသက်တမ်းမကုန်ဆုံးမီ ရာထူးမှ ဖယ်ရှားခံရပါက ကြီးမားသည့် အုံကြွမှုဖြစ်လာနိုင်သည်ဟု အက်ဖ်ဘီအိုင်က ထောက်လှမ်းမိကြောင်း သတင်းများတွင် ဖော်ပြသည်။

ယခုသီတင်းပတ်အကုန်အထိ အမျိုးသားလုံခြုံရေး တပ်ဖွဲ့ဝင် ၁၀၀၀၀ ဝန်းကျင်မှာ မြို့တော်တွင် လှည့်လည်နေရာချထားမည် ဖြစ်သည်။

- အထက်ဖော်ပြပါ စာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ဓာတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၁၂-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၀၄၇၅၀၈ | ၁၃၆၈၅၈၀၀ | ၃၈၅၃၈၀ |
| ၂။ | အိန္ဒိယ | ၁၀၄၇၉၉၁၃ | ၁၀၁၁၁၂၉၄ | ၁၅၁၃၆၄ |
| ၃။ | ဘရာဇီး | ၈၁၃၃၈၃၃ | ၇၂၀၇၄၈၃ | ၂၀၃၆၁၇ |
| ၄။ | ရုရှား | ၃၄၄၈၂၀၃ | ၂၈၂၅၄၃၀ | ၆၂၈၀၄ |
| ၅။ | ဗြိတိန် | ၃၁၁၈၅၁၈ | ၁၄၀၆၉၆၇ | ၈၁၉၆၀ |
| ၆။ | ပြင်သစ် | ၂၇၈၆၈၃၈ | ၂၀၃၀၇၂ | ၆၈၀၆၀ |
| ၇။ | တူရကီ | ၂၃၃၆၄၇၆ | ၂၂၀၈၄၅၁ | ၂၂၉၈၁ |
| ၈။ | အီတလီ | ၂၂၈၉၀၂၁ | ၁၆၃၃၈၃၉ | ၇၉၂၀၃ |
| ၉။ | စပိန် | ၂၁၁၁၇၈၂ | စိစစ်ဆဲ | ၅၂၂၇၅ |
| ၁၀။ | ဂျာမနီ | ၁၉၄၄၆၁၈ | ၁၅၇၀၀၀၀ | ၄၂၃၄၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂- ၁ - ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၄၆၇၆၅ | ၆၉၅၈၀၇ | ၂၄၆၄၅ |
| ဖိလစ်ပိုင် | ၄၉၁၂၅၈ | ၄၅၈၁၇၂ | ၉၅၅၄ |
| မလေးရှား | ၁၄၁၅၃၃ | ၁၁၀၅၈၄ | ၅၅၉ |
| မြန်မာ | ၁၃၁၇၃၇ | ၁၁၅၀၆၁ | ၂၈၇၈ |
| စင်ကာပူ | ၅၈၉၄၆ | ၅၈၆၆၈ | ၂၉ |
| ထိုင်း | ၁၀၈၃၄ | ၆၇၃၂ | ၆၇ |
| ဗီယက်နမ် | ၁၅၂၀ | ၁၃၆၁ | ၃၅ |
| ကမ္ဘောဒီးယား | ၃၉၂ | ၃၇၄ | ၀ |
| ဘရူနိုင်း | ၁၇၄ | ၁၅၃ | ၃ |
| လာအို | ၄၁ | ၄၀ | ၀ |

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး ၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်




နေပြည်တော် ဇန်နဝါရီ ၁၂

ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားမှု ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင် လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာမျှဝေပေးမည့် “ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်” ကို နိုဝင်ဘာ ၂၅ ရက်မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ မိနစ် ၃၀ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။

ဇန်နဝါရီ ၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေတွင် ဒစ်ဂျစ်တယ်မီဒီယာနှင့် ဈေးကွက်ကဏ္ဍ၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများဆိုင်ရာ ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေး အကြောင်း သိကောင်းစရာအစီအစဉ်အား TODAY Ogilvy Myanmar (Chairman) ဒေါက်တာသာထွန်းဦးနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာ အသင်း ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းတို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ် -၁၉ ကာကွယ်ဆေးဝယ်ယူနိုင်ရန်CB ဘဏ်က ငွေကျပ်သိန်းနှစ်သောင်းလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံရှိ ပြည်သူ ပြည်သားများ ကိုဗစ်-၁၉ ကာကွယ်ဆေး အခမဲ့ ထိုးနှံနိုင်ရေးအတွက် CB Bank က ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (Covid-19 Vaccination Fund) သို့ ငွေကျပ်သိန်းပေါင်း နှစ်သောင်း (နှစ်ဘီလီယံ) ကို ယနေ့ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် OA 013733 သို့ ပေးသွင်းလှူဒါန်းခဲ့ကြောင်း သိရသည်။



CB ဘဏ်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ Covid-19 Positive လူနာများကို ကုသပေးရန်အတွက် ပဲခူး တက္ကသိုလ်အတွင်း ဖွင့်လှစ်ထားရှိသည့် လူနာ ၃၅၀ ဆံ့ CB Center Covid-19 ယာယီကုသရေး ဆေးရုံ အဆောင်(၁)၊ (၂) နှင့် သုံးထပ်ဆောင်တို့ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်မှ စတင်ဖွင့်လှစ်၍ လူနာများကို လက်ခံကုသပေးလျက်ရှိရာ ယနေ့အထိ လက်ခံကုသပေးခဲ့သည့် လူနာပေါင်း ၁၈၁၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

CB Bank အနေဖြင့် ကိုဗစ်-၁၉ ထိန်းချုပ်၊ ကုသရေးတို့နှင့် ကာကွယ်ဆေးဝယ်ယူရန်တို့အတွက် ကိုဗစ် -၁၉ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ CB Bank ၏ လှူဒါန်းမှု စုစုပေါင်းသည် ငွေကျပ်သိန်းပေါင်း သုံးသောင်းရှစ်ထောင် (၃ ဒသမ ၈ ဘီလီယံ) ကို လှူဒါန်းခဲ့ပြီးဖြစ်ပါ၍ မိဘပြည်သူများနှင့် CB ဘဏ်၏ Customer များက ထိုလှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် အသိပေးထားကြောင်းလည်း သိရသည်။

တင်စိုး

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၂ – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ ဇလ

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၃၉) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ဓါတ်ပုံ)



အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၇၈ ဦး၊ ဘရာဇီးလ်မှ တစ်ဦး၊ နော်ဝေမှ တစ်ဦး၊ အီတလီမှ တစ်ဦး၊ တောင်အာဖရိကမှ တစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၀ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၉၂ ဦး လိုက်ပါခဲ့ကြသည်။

ထို့ပြင် အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် အနီးတစ်ဝိုက်တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃၆ ဦးအား မြန်မာသံရုံး၊ ရီယာဒ်မြို့မှစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရွှေပြည်သာမြို့နယ်အတွင်း ကွန်ကရစ်လမ်းသစ်ခင်းခြင်းနှင့် ရေထုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ လမ်းပျက်လမ်းဟောင်းများ ကောင်းမွန်စေရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ အမှတ် (၆) ရပ်ကွက်ရှိ ရွာဝတီပတ်လမ်း (တာမွေချောင်းမှ တော်ဝင်လမ်းအထိ) အရှည်ပေ ၂၈၉၀၊ အကျယ် ၁၈ ပေ၊ ထု ခုနစ်လက်မ လမ်းပခုံးသားဝဲ/ယာ နှစ်ပေစီနှင့် အလျား ၂၂ ပေ၊ အနံ ငါးပေ၊ အနက် ငါးပေရှိ အုတ်စီရေထုတ်ပြွန် လေးလုံးဖြင့် ကွန်ကရစ်ကျောက်လမ်းခင်းကျင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်အထိ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ကြောင်း မြောက်ပိုင်းခရိုင်ခွဲ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ လမ်းခင်းလုပ်ငန်း တာဝန်ခံ ဦးသန့်ဇော်ဝေထံမှ သိရသည်။



ရွှေပြည်သာမြို့နယ်အတွင်း ကွန်ကရစ်လမ်းခင်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အဆိုပါ ကွန်ကရစ်ကျောက်လမ်းသစ်ခင်းကျင်းခြင်းနှင့် ရေထုတ်ပြွန် တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေးကောင်းမွန် ခိုင်ခံ့ရေးနှင့် သတ်မှတ်ချိန်ပြီးစီးနိုင်ရေးတို့ကို မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇံနှင့် ကော်မတီဝင်များ၊ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဌေးနှင့် တာဝန်ခံ ဒေါ်သန်းသန်းဆင့်တို့က ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ယခင်ဘဏ္ဍာနှစ်များက ဗိုလ်ချုပ်လမ်းမကြီးမှ တာမွေချောင်းအထိ လမ်းသစ်ခင်းပြီး ယခုနှစ်တွင် တာမွေချောင်းမှ တော်ဝင်လမ်းအထိ ဆက်လက်ဆောင်ရွက်ခဲ့ရာ ပတ်လမ်းတစ်လျှောက် ကွန်ကရစ်လမ်း ခင်းနေပြီဖြစ်သည်။ ယင်းလမ်းမှာ မြို့တွင်းဖြတ်လမ်းသဖွယ် လမ်းကွန်ရက်ချိတ်ဆက်မိပြီဖြစ်ကာ ယာဉ်သွားလမ်းမကြီးများတွင်လည်း ယာဉ်ကြောပိတ်ဆို့မှု နည်းပါးမည်ဖြစ်ကြောင်း မြို့မိမြို့ဖတစ်ဦးက ပြောသည်။

အမှတ် (၆) ရပ်ကွက်ရှိ ရွာဝတီပတ်လမ်းကို ဇန်နဝါရီ ၁ ရက်တွင် စတင်ခင်းကျင်းခဲ့ပြီး ဇန်နဝါရီလကုန်တွင် လုပ်ငန်းဆောင်ရွက်နေမှုအားလုံး ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **မြင့်သန်းကြည်(ရွှေပြည်သာ)**

# ငရုတ်သီးတင်ပို့ရောင်းချရာတွင် အခက်အခဲမရှိဘဲ အရည်အသွေးပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်နေကြ

**မြစ်သား ဇန်နဝါရီ ၁၂**

ဈေးကွက်တင်ပို့ ရောင်းချရာတွင် ကြီးမားသည့် အခက်အခဲမရှိဘဲ အရည်အသွေးပေါ် မူတည်၍သာ အရောင်းအဝယ် ပြုလုပ်နေကြခြင်း ဖြစ်ကြောင်း ငရုတ်သီးစိုက်ပျိုး ထုတ်လုပ်သူများက ပြောသည်။

"၂၀၁၀ ပြည့်နှစ်က ငရုတ်သီးနှံကို စီးပွားဖြစ် စတင်စိုက်ပျိုးလာတာပါ။ ငရုတ်ကဈေးကွက်တင်ပို့ ရောင်းချရာမှာတော့ အခက်အခဲမရှိပါဘူး။ ငရုတ်အမှည့်၊ အစို ရောင်းချမှုလုပ်ရင်တော့ မနက်ပိုင်းကနေ စခူးဆွတ်ပြီး ညနေ ၄ နာရီအရောက် ပွဲရုံသွားရောင်းရပါတယ်။ ညသိပ်ပြီးရင် ငရုတ်အညှာညှိုးတာတို့၊ အပူလောင်တာတို့ဖြစ်ရင် ရောင်းချလို့ မရတော့ပါဘူး။ ဒီအချက်ကပဲ အခက်အခဲ ဖြစ်စေတာပါ"ဟု မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာမှ ငရုတ်သီးစီးပွားဖြစ် စိုက်ပျိုးသူ ကိုမြင့်ထွန်းဦးက ပြောသည်။

"ငရုတ်သီးဟာ ပြည်တွင်းစားသုံးမှုတင်မကဘဲ ပြည်ပဝယ်လိုအားလည်း များပါတယ်။ ပြည်ပကို ငရုတ်သီး အစိမ်း/ အမှည့်အစို/ ငရုတ်အခြောက် သုံးမျိုးလုံး ရောင်းချကြပါတယ်။ ပြည်ပနိုင်ငံတွေက တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ကိုရီးယားနိုင်ငံတွေအထိ တင်ပို့ကြတယ်လို့ သိရပါတယ်။ လက်ရှိဈေးကွက်မှာ 692 ငရုတ်သီးအမှည့်အစို ရှယ်တစ်ပိဿာ ငွေကျပ် ၈၀၀၀ ဝန်းကျင်နဲ့ ပုံမှန်ငွေကျပ် ၄၅၀၀ ရှိပါတယ်။ ငရုတ်ခြောက်တစ်ပိဿာ ငွေကျပ် ၅၅၀၀/ ၅၈၀၀ (အညှာခြွေ) ကျောက်ဆည် ရွှေထနောင်းပွဲရုံ ပေါက်ဈေးပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ငရုတ်သီးစိုက်ပျိုး ထုတ်လုပ်ရာတွင် တစ်ဧကမျိုးဖိုး၊ သွင်းအားစုစရိတ်၊ အလုပ်သမားခ စုစုပေါင်းပျမ်းမျှငွေကျပ် ၁၅ သိန်းဝန်းကျင် ကုန်ကျကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**





**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၉၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၉၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၃၀/၆၇၅ ကျပ် | ၆၇၅/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၄၀/၆၉၀ ကျပ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၃၅ ကျပ် | ၆၇၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၂၀/၇၅၀ ကျပ် | ၇၉၅/၈၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၂ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၁ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၀၆ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၉ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၉ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၆၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၁၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၀၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၇၀၀ | ၉၇၀၀ | ၁၆၇၉ | ၁၆၂၈၆၃၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၂၀၆၈ | ၇၆၅၁၆၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၅၇ | ၁၂၂၅၄၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၈ | ၁၃၂၀၀၀ |
| EFR | ၃၆၅၀ | ၃၆၅၀ | ၂၁ | ၇၆၆၅၀ |

ခင်ရတနာ - စုစည်းသည်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်အောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၄၈)

# နည်းဥပဒေများထုတ်ပြန်ခြင်း



## ဦးဟန်ညွန့် (ဥပဒေ)

**မောင်ပျင်းရိ၏မေးခွန်း**

"ပြည်ထောင်စုရှေ့နေချုပ်ရုံးက တစ်နှစ်တစ်ခါထုတ်တဲ့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ကြေညာချက်များစာအုပ်ကို ၂၀၁၉ ခုနှစ်အတွက် ယခုရက်ပိုင်းမှာ ထုတ်ဝေတာကို တွေ့ရပါတယ်။ ဒါကြောင့် နည်းဥပဒေများအကြောင်း ဗဟုသုတဆွေးနွေးပေးပါခင်ဗျာ" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေးမြန်းတင်ပြလာပါသည်။ ထို့ကြောင့် ဤစာကို ရေးပါသည်။

**ဥပဒေဆိုသောစကားရပ်**

"ဥပဒေဆိုသောစကားရပ်တွင် ဤဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ၊ ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့်ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင် ဥပဒေကဲ့သို့ အာဏာတည်သော ဓလေ့ထုံးတမ်းများလည်း ပါဝင်သည်"ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၅(က)(၅)တွင် ဖွင့်ဆိုထားပါသည်။

**နည်းဥပဒေဆိုသောစကားရပ်**

"နည်းဥပဒေဆိုသောစကားရပ်တွင် ဥပဒေတစ်ရပ်ရပ်ဖြင့် အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို သုံးစွဲ၍ ပြုလုပ်သော နည်းဥပဒေနှင့် ဥပဒေတစ်ရပ်ရပ်အရ နည်းဥပဒေအဖြစ်ဖြင့်ပြုသော စည်းမျဉ်းဥပဒေပါဝင်သည် "ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅(က) (၆)တွင် ဖွင့်ဆိုထားပါသည်။

**နည်းဥပဒေစသည်တို့ ပြုလုပ်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း**

"ဥပဒေတစ်ရပ်ရပ်အရ နည်းဥပဒေကိုဖြစ်စေ၊ စည်းမျဉ်းဥပဒေကိုဖြစ်စေ၊ စည်းကမ်းဥပဒေကိုဖြစ်စေ၊ အမိန့်ကြော်ငြာစာကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ထုတ်ပြန်နိုင်ခွင့်ရှိလျှင် ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ သို့မဟုတ် အမိန့်ကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်းကိုလည်း ပြုနိုင်ခွင့်ရှိသည်" ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၁၈ တွင် ဖွင့်ဆိုထားပါသည်။

**မဆန့်ကျင်သမျှ**

"ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ရုပ်သိမ်းပြီးနောက် ယင်းဥပဒေပြဋ္ဌာန်းချက်ပါ ကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက် အသစ်တစ်ရပ် ပြဋ္ဌာန်းလိုက်သည့်အခါ အဆိုပါရုပ်သိမ်းခြင်းခံရသော ဥပဒေပြဋ္ဌာန်းချက်အရ ပြုလုပ်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့်တကွ ရာထူးခန့်ထားမှုအသီးသီးသည် ဥပဒေပြဋ္ဌာန်းချက်အသစ်နှင့် မဆန့်ကျင်သမျှ ဆက်လက်အာဏာတည်စေရမည်" ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၂၀ တွင် ဖွင့်ဆိုထားပါသည်။

**၂၀၁၉ ခုနှစ်၊ နည်းဥပဒေများ**

၂၀၁၉ ခုနှစ်၊ နည်းဥပဒေများတွင် –

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ၊ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်း ဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများ၊ အခကြေးငွေပေးချေရေး နည်းဥပဒေများ၊ မြန်မာနိုင်ငံ လေယာဉ်နည်းဥပဒေများ၊ မြန်မာနိုင်ငံလေယာဉ် မတော်တဆ ထိခိုက်ပျက်စီးမှုနှင့် မတော်တဆ ဖြစ်ပွားမှုစုံစမ်းစစ်ဆေးရေးနည်းဥပဒေများ၊ အထူးကုန်စည်ခွန်နည်းဥပဒေများ၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနည်းဥပဒေများ၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနည်းဥပဒေများ၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ၊ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ၊ ရေခွန်နှင့် တာတမံခွန်နည်းဥပဒေများ၊ ဆည်မြောင်းနည်းဥပဒေများ၊ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်နည်းဥပဒေများ၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ စာချုပ်စာတမ်းများမှတ်ပုံတင်နည်းဥပဒေများ၊ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ၊ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနည်းဥပဒေများတို့ ပါဝင်သည်။ စုစုပေါင်း (၂၅)ခု ဖြစ်ပါသည်။

> **"သက်ဆိုင်ရာ နည်းဥပဒေများတွင် လုပ်ငန်းကော်မတီများဖွဲ့စည်းရန်၊ လိုအပ်ပါကဖွဲ့စည်းခြင်း၊ သက်တမ်းဖော်ပြခြင်း၊ ခန့်ထားခြင်း၊ ရုပ်စဲခြင်းများ ဖော်ပြရပါသည်။ အစည်းအဝေးများ ကျင်းပပုံလိုအပ်လျှင် ဖော်ပြရပါသည်။ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရပါသည်။ လုပ်ငန်းစိစစ်ခြင်း၊ ထုတ်ပေးခြင်းများရှိပါက ဖော်ပြရပါသည်။ ဆိုလိုသည်မှာ နည်းဥပဒေပြဋ္ဌာန်းရသည့် အခြေခံအချက်များကို ပေါ်လွင်အောင်ဖော်ပြရခြင်း ဖြစ်"**

**နည်းဥပဒေများ၏သဘာဝ**

နည်းဥပဒေများကို ရေးဆွဲသည့်အခါ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ရပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများကို ထုတ်ပြန်လေ့ရှိပါသည်။

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**




နည်းဥပဒေများ၏ အမည်ကို မည်သို့ ခေါ်တွင်ရမည်ဖြစ်ကြောင်း ကနဦး ဖော်ပြလေ့ရှိပါသည်။ ထို့နောက် အဓိပ္ပာယ်ဖော်ပြချက်များကို မည်သို့ အဓိပ္ပာယ်သက်ရောက်ကြောင်းစကားရပ်တစ်ခုချင်းအလိုက် ဖော်ပြရပါသည်။ ဥပမာ – ဥပဒေ ဆိုသည်မှာ မည်သည့်ဥပဒေကိုဆို ကြောင်းဖော်ပြ မည့်နည်းဥပဒေတွင် ပါရှိသော လုပ်ငန်းများ၏ အဓိပ္ပာယ်အကြောင်း ဖွင့်ဆိုလေ့ရှိပါသည်။

**လုပ်ငန်းကော်မတီ**

သက်ဆိုင်ရာ နည်းဥပဒေများတွင် လုပ်ငန်းကော်မတီများဖွဲ့စည်းရန်၊ လိုအပ်ပါကဖွဲ့စည်းခြင်း၊ သက်တမ်းဖော်ပြခြင်း၊ ခန့်ထားခြင်း၊ ရုပ်စဲခြင်းများ ဖော်ပြရပါသည်။ အစည်းအဝေးများ ကျင်းပပုံလိုအပ်လျှင် ဖော်ပြရပါသည်။ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရပါသည်။ လုပ်ငန်းစိစစ်ခြင်း၊ ထုတ်ပေးခြင်းများရှိပါက ဖော်ပြရပါသည်။ ဆိုလိုသည်မှာ နည်းဥပဒေပြဋ္ဌာန်းရသည့် အခြေခံအချက်များကို ပေါ်လွင်အောင်ဖော်ပြရခြင်း ဖြစ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

ဥပမာအားဖြင့်–

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်၊ ၂၄၁/၂၀၁၈ ကို လေ့လာဖတ်ရှုသင့်ပါသည်။ နိဒါန်းအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ၁၉၄၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း ကွန်ဗင်းရှင်း (ချီကာဂိုကွန်ဗင်းရှင်း) နှင့် ယင်း၏ နောက်ဆက်တွဲများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ၁၉၃၄ ခုနှစ် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပုဒ်မ ၅–က၊ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်ဟု ဖော်ပြထားပါသည်။ မည်သည့်အတွက် အမိန့်ကြော်ငြာစာထုတ်ပြန်ရကြောင်း နိဒါန်းသွယ်ထားခြင်း ဖြစ်ပါသည်။ နည်းဥပဒေများ၏ အမည်ကိုလည်း မြန်မာနိုင်ငံ လေယာဉ်နည်းဥပဒေများဟု ခေါ်တွင်စေရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အခြား အခြားသော နည်းဥပဒေများ ထုတ်ပြန်ပုံကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေသည့် ၂၀၁၉ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ကြေညာချက်များစာအုပ်တွင် နမူနာယူ လေ့လာသင့်ပါသည်။ ရှာဖွေရသည်များ လွယ်ကူနိုင်ပါသည်။

**ဥပဒေရှိလျှင်နည်းဥပဒေရှိသင့်**

ဥပဒေပြဋ္ဌာန်းချက်ရှိလျှင် နည်းဥပဒေများရှိသင့်ကြောင်း ဥပဒေပညာရှင်များက အကြံပြုလေ့ရှိပါသည်။ သို့မှသာ ဥပဒေ၏စွမ်းအင် အသက်ဝင်သည်ဟု ဆိုမိန့်တတ်ကြပါသည်။

**စေတနာ**

နည်းဥပဒေများအကြောင်း အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေးမြန်းလာသောကြောင့် ဆက်စပ်စဉ်းစားတွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ဘုရင်မကြီး၏မွေးနေ့ပွဲသို့တက်ရောက်ရန် ဟယ်ရီနှင့် မီဂန်တို့ ဗြိတိန်သို့ ပြန်လာဖွယ်ရှိ

ဗြိတိန်ဘုရင်မကြီးရဲ့ (၉၅ ) နှစ်မြောက်မွေးနေ့ပွဲကို ဇွန်လအတွင်းမှာ ကျင်းပဖို့ စီစဉ်ထားပြီး အဲဒီပွဲကို တော်ဝင်မင်းသားဟယ်ရီနဲ့ မီဂန်မာကယ်တို့လည်း တက်ရောက်လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ ဘုရင်မကြီးရဲ့ မွေးနေ့ပွဲကိုဂုဏ်ပြုတဲ့အနေနဲ့ ဘာကင်ဟမ်နန်းတော်မှာ နွေရာသီရောက်တိုင်း ချီတက်ပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီချီတက်ပွဲမှာ တပ်ဖွဲ့ဝင် ၁၄၀၀၊ မြင်း ၂၀၀ နဲ့ ဂီတသမား ၄၀၀ ကျော်ပါဝင်ပါတယ်။

ဒါပေမယ့် ယခုနှစ် ဇွန်လမှာတော့ လူမှုဝေးကွာ ကန့်သတ်ချက်တွေ လိုက်နာနိုင်ဖို့အတွက် အရေအတွက်ကို လျှော့ချသွားဖွယ်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ဝင်ဆာရဲတိုက်မှာ အခမ်းအနားကျင်းပခဲ့ပေမယ့် ဘုရင်မကြီးကလွဲရင် ဘယ်တော်ဝင်မိသားစုမှ တက်ရောက်ခဲ့ခြင်းမရှိပါဘူး။ မိသားစုတွေ တွေ့ဆုံကြတဲ့ပွဲလည်းဖြစ်တာကြောင့် ဟယ်ရီနဲ့ မီဂန်မာကယ်တို့ ဇနီးမောင်နှံလည်း အမေရိကန်ကနေ ပြန်လာဖွယ်ရှိတယ်လို့ ခန့်မှန်းထားကြပါတယ်။

ဟယ်ရီနဲ့ မီဂန်တို့သာ ဇွန် ၁၂ ရက်မှာကျင်းပမယ့်ပွဲကို တက်ရောက်ဖြစ်မယ်ဆိုရင် ဇွန် ၁၀ ရက်မှာ ကျင်းပမယ့် ဖိလစ်မင်းသားကြီးရဲ့ အသက် ၁၀၀ ပြည့် မွေးနေ့ပွဲကို တက်ရောက်ဖို့လည်း အလားအလာပိုများသွားပါပြီ။ ဟယ်ရီတို့ဇနီးမောင်နှံရဲ့ပြောရေးဆိုခွင့်ရှိသူနဲ့ ဘာကင်ဟမ်နန်းတော်တို့ကတော့ ဘာမှတ်ချက်မှပြောဆိုခဲ့ခြင်း မရှိပါဘူး။ ဆာဆက်မြို့စားနဲ့ မြို့စားကတော်တို့ဟာ ၂၀၂၀ ပြည့်နှစ်မတ်လအတွင်း တော်ဝင်မိသားစုတာဝန်တွေကို စွန့်လွှတ်တယ်လို့ ကြေညာပြီးတဲ့နောက် အမေရိကန်မှာနေထိုင်ခဲ့ပြီး ဗြိတိန်နိုင်ငံကို ပြန်လာခဲ့ခြင်း မရှိသေးပါဘူး။ **ဟယ်လို**



တော်ဝင်မင်းသား ဟယ်ရီနှင့် ဇနီးဖြစ်သူမီဂန်မာကယ်။

### ဒီပီကာပက်ဒူကောန်နှင့်အတူ ရုပ်ရှင်သစ် ရိုက်ကူးသွားမည်ဟု ရီသိက်ရိုရှန်ကြေညာ

ရီသိက်ရိုရှန်ရဲ့ ရုပ်ရှင်အသစ်ဖြစ်တဲ့ Fighter ဆိုတဲ့ဇာတ်ကားမှာ ရုပ်ရှင်မင်းသမီး ဒီပီကာပက်ဒူကောန်နှင့်အတူ ရိုက်ကူးသွားမယ်လို့ သိရပါတယ်။ ရိုရှန်နဲ့အတူတွဲပြီးဇာတ်ကားရိုက်ချင်တဲ့ ဒီပီကာရဲ့ဆန္ဒလည်း ပြည့်ဝသွားပြီလို့ ဆိုရမှာပါ။ ရိုရှန်ရဲ့ (၄၇) နှစ်မြောက်မွေးနေ့မှာတော့ Fighter ဆိုတဲ့ ရုပ်ရှင်ကားရိုက်သွားမယ်လို့ ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။ ဒီဇာတ်ကားဟာ အက်ရှင်ဇာတ်ကားဖြစ်ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှာ ရုံတင်ပြသနိုင်လိမ့်မယ်လို့ ရက်သတ်မှတ်ထားပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးမယ့် ဒါရိုက်တာ ဆစ်ထ်ဒ့်အာနန်ကတော့ သူသဘောအကျဆုံး မင်းသား၊ မင်းသမီးနဲ့ ရိုက်ရမှာဖြစ်လို့ စိတ်လှုပ်ရှားစရာ အကောင်းဆုံးအချိန်ပဲလို့ ပြောပါတယ်။

ဒီပီကာနဲ့ ခင်ပွန်းသည်ဖြစ်သူ ရမ်ဗီယာဆင်းတို့ နှစ်ဦးစလုံးဟာ ရိုရှန်ရဲ့ အက်ရှင်ဇာတ်ကားဖြစ်တဲ့ War ဆိုတဲ့ဇာတ်ကားကို ကြိုက်နှစ်သက်ကြတယ်လို့ ပြောခဲ့ဖူးပါတယ်။ မကြာခင်မှာရိုက်ကူးတော့မယ့် Fighter ရုပ်ရှင်ဇာတ်ကားမှာလည်း ဒီပီကာအတွက် အက်ရှင်အခန်းတွေ အများကြီးပါဝင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ **ဘောလိဝုဒ်လိုက်ဖ်**



ဘောလိဝုဒ်မင်းသား ရီသိက်ရိုရှန်နှင့် မင်းသမီးဒီပီကာ။

ခြိုး

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

## ထက်လျှံ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၁၂ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး ။ ။** ကိုဗစ် – ၁၉ ရောဂါကို အထိရောက်ဆုံး ကာကွယ်နိုင်ဖို့အတွက် တတ်နိုင်သမျှ မိမိတို့နေအိမ်မှာနေထိုင်ပြီး အပြင်ထွက်တဲ့အခါ Mask ကို မဖြစ်မနေတပ်ဆင်ခြင်း၊ လူစုလူဝေး ရှောင်ကြဉ်ခြင်း၊ လက်ကို မကြာခဏ စနစ်တကျ ဆေးကြောခြင်းစတဲ့ အခြေခံအချက်တွေ လိုအပ်ပါတယ်။

အပတ်စဉ် တင်ဆက်ပေးနေတဲ့ ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်က ပြည်သူတွေသိရှိလိုတဲ့ အကြောင်းအရာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေနဲ့ ပညာရှင်တွေက ဆွေးနွေးတင်ပြလျက်ရှိပါတယ်။

အခုတစ်ပတ်မှာ ပါမောက္ခဒေါက်တာဇော်သန်းထွန်း [ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန] ၊ ဒေါက်တာကျော်စွာမြင့် [ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး] နဲ့ ဒေါက်တာစိုင်းဝင်းဇော်လှိုင် [ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး] တို့က ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ဒေါက်တာကျော်စွာမြင့်ကို ဦးဆောင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာကျော်စွာမြင့် ။ ။** ကျွန်တော့်အနေနဲ့ ကိုဗစ်ရောဂါကုသဆေးတွေနဲ့ ပတ်သတ်တဲ့ မေးခွန်းတွေကို ဖြေကြားပေးဖို့အတွက် ပါမောက္ခဒေါက်တာဇော်သန်းထွန်းကို ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာဇော်သန်းထွန်း ။ ။** မေးခွန်းတွေထဲက ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပြီးတဲ့သူတွေမှာ ကာကွယ်ဆေးထိုးဖို့ လိုအပ်သလား၊ ဆေးထိုးရင် ဘယ်လိုဆိုးကျိုးတွေ ရှိမလဲ၊ ဆေးမထိုးရင် ဘာတွေဖြစ်မလဲဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ကိုဗစ် – ၁၉ ရောဂါဖြစ်ပြီးတဲ့သူမှာ မိမိခန္ဓာကိုယ်ကနေ ကိုဗစ် – ၁၉ ရောဂါပိုင်းရပ်စ်ပိုးကို တိုက်ခိုက်နိုင်တဲ့ ဓာတ်က ခန္ဓာကိုယ်ထဲမှာ ရှိနေပါတယ်။

ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရောဂါပိုးကို တိုက်ခိုက်နိုင်တဲ့ ဓာတ်က ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားသော လူနာရဲ့ ခန္ဓာကိုယ်ထဲမှာ ဘယ်လောက်ကြာကြာနေမလဲဆိုတဲ့ အဖြေကို အခုအချိန်မှာ သိပ္ပံပညာရှင်တွေအနေနဲ့ စူးစမ်းလေ့လာနေဆဲ ဖြစ်ပါတယ်။ ရောဂါပိုးကို တိုက်ခိုက်နိုင်တဲ့ ဓာတ်အနေနဲ့ ခန္ဓာကိုယ်ထဲမှာ သုံးလကနေ အများဆုံး ခြောက်လအထိ ရှိနိုင်တယ်လို့ ယူဆကြပါတယ်။

ဒါကြောင့် ကိုဗစ် – ၁၉ ဖြစ်ပြီးတဲ့ သူတွေအနေနဲ့ အကြမ်းဖျင်း လေးလ၊ ခြောက်လအထိ ကာကွယ်နိုင်စွမ်း ရှိတယ်လို့ ယူဆရပါတယ်။ သို့သော် ကိုဗစ် – ၁၉ ရောဂါသည် တစ်ခါဖြစ်ပြီးရင် ပြန်ဖြစ်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေက အခုတွေ့ရှိနေရပါပြီ။ ဒါကိုဖြေရမယ်ဆိုရင် ကာကွယ်ဆေးထိုးဖို့ လိုအပ်ပါတယ်။ လေးလကနေ ခြောက်လကြာရင် ကာကွယ်ဆေးထိုးမယ်ဆိုရင် ထိုးလို့ရပါတယ်။




ကိုဗစ်–၁၉ အကြောင်းသိကောင်းစရာ အမေး / အဖြေ အစီအစဉ်တွင် ပါမောက္ခဒေါက်တာဇော်သန်းထွန်း၊ ဒေါက်တာကျော်စွာမြင့်နှင့် ဒေါက်တာစိုင်းဝင်းဇော်လှိုင်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

နောက် ကိုဗစ် – ၁၉ ရောဂါက ကူးစက်ခံရပြီး ရောဂါလက္ခဏာပြင်းထန်မှုက သွေးအုပ်စုနဲ့ ပတ်သက်သလား မေးခွန်းနဲ့စပ်လျဉ်းပြီး ဒါနဲ့ပတ်သက်ပြီး ပထမလှိုင်း ဖြစ်ခါစမှာ နိုင်ငံတကာက စစ်ဆေးခဲ့တဲ့ အထောက်အထားတွေ၊ သုတေသနတွေ ရှိပါတယ်။ အဲဒီမှာ သွေးအုပ်စုနဲ့ ပတ်သက်တယ်လို့ အစပိုင်းမှာ သွေးအုပ်စု "အို" တွေက သိပ်မဖြစ်ဘူး၊ ဖြစ်ရင်မဆိုးဘူး။ သွေးအုပ်စု "အေ" တွေက ဆိုးတယ် အစရှိသဖြင့် ဒါမျိုးတွေကို ပြောခဲ့ကြပေမယ့် အခုလက်ရှိမှာ ဒီအထောက်အထားတွေကို သိပ္ပံနည်းကျပြဖို့အတွက် လိုအပ်ချက်တွေ ရှိနေတာကြောင့် ဒီအချက်တွေက သွေးအုပ်စုအမျိုးအစားနဲ့ သက်ဆိုင်တယ်ဆိုတဲ့ တိကျသော သိပ္ပံအထောက်အထား မတွေ့ရှိရသေးဘူးလို့ ဖြေကြားလို့ရပါတယ်။

ယူကေနိုင်ငံ တောင်ပိုင်းကနေပြီး မျိုးဗီဇပြောင်းသွားတဲ့ ရောဂါပိုးက ပိုပြီးကူးစက်နှုန်း မြန်တယ်ဆိုတဲ့ အထောက်အထားတွေ တွေ့ရတဲ့အခါ ရောဂါပိုးရဲ့ ကူးစက်နှုန်းက ဘယ်လောက်အထိ စိုးရိမ်ရသလဲ၊ ဘယ်လိုကာကွယ်ရမလဲ မေးခွန်းနဲ့စပ်လျဉ်းပြီး ယူကေနိုင်ငံမှာရှိတဲ့ ရောဂါပိုးက ယခင်ရှိပြီးသား ရောဂါပိုးထက် ရောဂါကူးစက်နှုန်း ၅၀ ရာခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်း မြန်တယ်လို့ ပြောဆိုနေကြတာ ရှိပါတယ်။ ဒီဗိုင်းရပ်စ်ပိုးရဲ့ကူးစက်မှုက အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါဖြစ်တာကြောင့် ကာကွယ်တဲ့နည်းလမ်းအနေနဲ့ ယခုကျွန်တော်တို့ သိရှိထားပြီးဖြစ်တဲ့ နည်းလမ်းကို တိတိကျကျ မှန်မှန်ကန်ကန် လေးလေးစားစားနဲ့ အားထည့်ပြီး လိုက်နာမယ်ဆိုရင် ကူးစက်နှုန်း ဘယ်လောက်မြန်တဲ့ ရောဂါပိုးဖြစ်ပါစေ ကာကွယ်နိုင်ပါတယ်။

ဒီရောဂါပိုးက ဘယ်လောက်အထိ စိုးရိမ်ရသလဲဆိုရင် ရောဂါပိုးရဲ့ သဘောသဘာဝကလည်း ရောဂါပိုး တစ်ခုတည်းကြောင့် မဟုတ်ဘဲ မိမိခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားတွေ၊ ပြန်လည်တိုက်ခိုက်ပုံတွေ၊ မိမိမှာရှိနေတဲ့ ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်အားနည်းတာတွေ အပေါ်မူတည်ပြီး ဆိုးရွားတာတွေ ဖြစ်နိုင်တာကြောင့် ရောဂါပိုးမဝင်အောင် အဓိကတားဆီးနိုင်ဖို့ အရေးကြီးပါတယ်။

ဒီပိုးတွေက ဘာကြောင့် မျိုးဗီဇ ခဏခဏပြောင်းနေရသလဲဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်း၍ ဗိုင်းရပ်စ်ပိုးရဲ့ သဘာဝက အခုဗိုင်းရပ်စ်ပိုးသာမက ဗိုင်းရပ်စ်ပိုးတွေအနေနဲ့ မကြာခဏ သူ့ရဲ့ဗီဇက ပြောင်းလဲသွားတဲ့ သဘာဝ ရှိပါတယ်။ ဥပမာ – ဆီးထဲပိုးဝင်၊ အဆုတ်ထဲ ပိုးဝင်တယ်ဆိုတဲ့ အရင်က တွေ့ရှိရတဲ့ ဗက်တီးရီးယားပိုးတွေကို ကုသတဲ့ နေရာမှာ ပိုးသတ်ဆေးတွေ ပေးပါတယ်။ ပိုးသတ်ဆေးတွေ ပေါ်လာတဲ့အခါကျရင် ပိုးသတ်ဆေးတွေက ဗက်တီးရီးယားပိုးတွေကို တိုက်လိုက် ဗက်တီးရီးယားက သေသွားပြီး ဒီပိုးသတ်ဆေးတွေကို သုံးစွဲတာကြာလာတဲ့ အမျှ ဗက်တီးရီးယားက ဗီဇပြောင်းလဲတဲ့ သဘောသဘာဝတွေ ရှိပါတယ်။

ဗိုင်းရပ်စ်မှာလည်း ထိုနည်းတူစွာပဲ ကြာလာတာနဲ့အမျှ ပြောင်းလဲတာတွေ များလာတယ်။ ဒါပေမယ့် ပြောင်းလဲခြင်းမှာ တချို့သောပြောင်းလဲခြင်းတွေက ပိုပြီး ကူးစက်နှုန်းမြန်တယ်။ ယခုတွေ့နေရတာမျိုး ပြောင်းလဲသွားတာ ဖြစ်တတ်သလို၊ တစ်ခါတလေ ပြောင်းလဲခြင်းက သူ့ရဲ့ကူးစက်နှုန်းကို အားပျော့သွားစေပြီး ရောဂါဖြစ်ပွားမှုရဲ့ ဆိုးရွားမှုကိုလည်း လျော့နည်းသွားစေတဲ့ ပြောင်းလဲမှုတွေ ရှိတတ်ပါတယ်။ ဒီတော့ ဘယ်ဘက်ကိုသွားမှာလဲ အကောင်းဘက်ကို ပြောင်းမှာလား၊ အဆိုးဘက်ကို ပြောင်းမှာလားဆိုတဲ့ အမေးကို ဖြေဖို့က အလွန်ခက်ခဲပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ဆေးသုတေသနဦးစီးဌာနက ဒါတွေကို တောက်လျှောက် စောင့်ကြည့်နေပါတယ်။

အခုလက်ရှိ အခြေအနေမှာမေးနေကြတဲ့ ကာကွယ်ဆေးတွေက မျိုးဗီဇပြောင်းသွားသော ကိုရိုနာဗိုင်းရပ်စ်ပိုးများဖြစ်ခဲ့ရင် နိုင်ပါ့မလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားရရင် နိုင်တယ်လို့ ဖြေကြားလိုပါတယ်။ ဒါနဲ့ပတ်သက်ပြီး တိကျတဲ့ သိပ္ပံအထောက်အထားတွေက ဆက်လက်စမ်းသပ်နေဆဲ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရပြီးတဲ့ သူတွေအနေနဲ့ သုံးလရှိပြီ အသက်ရှူမဝဘူး။ ဆီးချိုရောဂါ ဝေဒနာရှင်တွေအနေနဲ့ နောက်ဆက်တွဲ ဘာတွေဖြစ်မလဲဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ကိုဗစ်ရောဂါက အဓိက အဆုတ်ကို ထိခိုက်တယ်။ အဆုတ်ကို ထိခိုက်မှုမရှိတဲ့သူတွေလည်း အများကြီးရှိပါတယ်။ အဆုတ်ကို ထိခိုက်သွားတယ်ဆိုရင် အဆုတ်က ရောင်မယ်၊ အနာရွတ်ကျန်ခဲ့မယ်။ အနာရွတ်ဖြစ်တာ နည်းခြင်း၊ များခြင်းအပေါ် မူတည်ပြီး လူနာက မောပြီး ကျန်ခဲ့မလား၊ နည်းနည်း မောမလား၊ များများ မောမလား အစရှိသဖြင့် အဲဒီလိုမျိုး ကျန်ခဲ့တာဖြစ်ပါတယ်။

အနာတစ်ခု ပြန်ကျက်တာက တစ်လခွဲ၊ နှစ်လ ကြာတတ်တာမို့ ဒီလိုလူနာတွေအနေနဲ့ မိမိရဲ့ အဆုတ်အားနည်းမှုကြောင့် အောက်ဆီဂျင်နည်းတယ်၊ မောတယ်ဆိုတဲ့ ခံစားချက်တွေ တဖြည်းဖြည်းနဲ့ ပြန်ပြီးကောင်းသွားဖို့ အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် အသက်ရှူလေ့ကျင့်ခန်းအနေနဲ့ အသက်ဝဝရှူတာ၊ ဆေးလိပ်မသောက်ဘဲ နေတာ၊ မီးခိုးငွေ့တွေ မရှူဘဲနေတာ၊ ဗက်တီးရီးယားရောဂါပိုးတွေ မဝင်အောင်နေတာ၊ ပတ်ဝန်းကျင်မှာ ဖျားနာတဲ့ သူတွေရှိရင် သူတို့နဲ့ နီးစပ်အောင်မနေတာ။ ဆိုလိုချင်တာက ကိုဗစ်ရောဂါဖြစ်ပြီး အဆုတ်အားနည်းသူအနေနဲ့ နောက်တစ်ခါ ပိုးထပ်ဝင်နိုင်ပါတယ်။ ကိုဗစ် ရောဂါပိုးကို ပြောတာမဟုတ်ပါဘူး။ ဗက်တီးရီးယားပိုးတွေ ဝင်တဲ့အခါမှာလည်း ပိုပြီးမောတာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မိမိအဆုတ်ကို ဂရုတစိုက်နေထိုင်သွားဖို့ လိုအပ်ပါတယ်။

ဆီးချိုရောဂါသည်က ကိုဗစ်ရောဂါဖြစ်ပြီး နှာခေါင်းအနံ့ပျောက်ပြီး လောလောဆယ် ဘာမှမဖြစ်ဘူး။ ကြာရင်ဖြစ်လာမှာလားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်၍ ကိုဗစ် – ၁၉ ရောဂါက ၁၁ ရက်လောက်ဖြစ်ပွားပြီး အဆုတ်ကို ထိခိုက်မှု မရှိဘူးဆိုတာသေချာပြီ မောလည်းမမောဘူး၊ လူကောင်းအတိုင်းဖြစ်နေပြီ။ အဆုတ်ကို မထိခိုက်တာကြောင့် သူ့သည်ရေရှည်အကျိုးဆက်အနေနဲ့ ဖြစ်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေ အခုချိန်အထိ မတွေ့သေးပါဘူး။ ဒါကြောင့် သတိထားပြီးနေဖို့ လိုအပ်ပါတယ်။ နောင်တစ်ချိန် ပြန်လည်ကူးစက်နိုင်တယ်ဆိုတာကို သိထားဖို့လိုအပ်သလို၊ ကာကွယ်ဆေး မရခင်အချိန်အထိ မိမိကိုယ်မိမိ ဂရုစိုက်ပြီး ကာကွယ်ရေး နည်းလမ်းတွေကို သေချာလိုက်နာဖို့ လိုအပ်တယ်လို့ ပြောကြားချင်ပါတယ်။

**ဒေါက်တာကျော်စွာမြင့် ။ ။** ဆက်လက်ပြီးကိုဗစ်ရောဂါပိုး ကူးစက်ပုံ၊ ကူးစက်မှုနဲ့ ကွာရန်တင်းကိစ္စတွေကို ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းဝင်းဇော်လှိုင် ။ ။** ကျောင်းသား ဆောင်တွေမှာ Facility Quarantine ထားပြီးရင် အခြားပြောင်းရွှေ့လာတဲ့ ဆရာ/ဆရာမတွေကို ကွာရန်တင်းထားတဲ့အခါ ရောထားဖို့/မထားဖို့ မေးထားပါတယ်။

ကွာရန်တင်းဆိုတဲ့အတိုင်း တစ်ယောက်ကနေ တစ်ယောက် ရောဂါမပြန့်ပွားအောင် သီးခြားခွဲထားဖို့ ရည်ရွယ်ပြီး ကွာရန်တင်းထားခြင်း ဖြစ်ပါတယ်။ ဒီမှာ ရောဂါရှိတဲ့သူနဲ့ ထိတွေ့ထားတဲ့သူတွေရှိမယ်။ ရောဂါဖြစ်ပွားတဲ့ အရပ်ဒေသတွေက လာတဲ့သူတွေရှိမယ်။ ခုနက စံနှုန်းအတိုင်းပြောရမယ်ဆိုရင် Risk တူတဲ့သူတွေကို ထားပါတယ်။ တစ်ယောက်ကနေ တစ်ယောက်ကို ရောဂါပိုး မကူးစက်အောင် ကာကွယ်နိုင်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် သီးခြားထားခြင်းသည် အကောင်းဆုံးဖြစ်ပါတယ်။

နှာစေး၊ ချောင်းဆိုးတဲ့သူတွေ အဓိက Positive ဖြစ်တဲ့သူတွေနဲ့ ဆက်စပ်ပြီး ဘယ်ကနေ ကူးနိုင်သလဲ၊ ဒါမှမဟုတ် ချောင်းမဆိုး၊ နှာမချေခဲ့ရင်ရော မကူးနိုင်ဘူးလားဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး Positive ဖြစ်တဲ့သူတွေကို အနီးကပ် Mask မပါဘဲ စကားပြောရင် ကူးနိုင်ပါတယ်။ အလုံပိတ်အခန်းတွေမှာ ကြာကြာထိတွေ့ပြီး စကားပြောဆိုခဲ့မယ်ဆိုရင် ကူးစက်နိုင်ခြေ ပိုများနိုင်ပါတယ်။ နှာချေ၊ ချောင်းဆိုးရင် ကူးစက်မှု ပိုမိုများပြားနိုင်ပါတယ်။ နှာချေ၊ ချောင်းဆိုးရာက ၅ ပေလောက်အထိ Droplet တွေ သွားနိုင်တာဖြစ်တဲ့အတွက် အရေးတကြီး သတိထားရမှာ ဖြစ်ပါတယ်။ အခုလောလောဆယ်မှာ ဝန်ကြီးဌာနကလည်း တိုက်တွန်းနေပါတယ်။ အပြင်ထွက်တိုင်း Mask တပ်ပါ။ Social Distancing ကို လိုက်နာပါ။ မကြာခဏ လက်ဆေးပါဆိုတဲ့ကိစ္စရပ်တွေက ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုကို ကာကွယ်နိုင်တဲ့ နည်းလမ်းတွေဖြစ်ပါတယ်။

အိမ်ရှင်မတွေ၊ အိမ်မှုကိစ္စနဲ့ပတ်သက်တဲ့ မေးခွန်းပါ။ အဓိက အစားအသောက်တွေက ကူးနိုင်သလား၊ အဝတ်လျှော် ၊ မီးပူတိုက်၊ ဟင်းချက်တာ လုပ်ခိုင်းတဲ့ အိမ်အကူတွေကနေ ကူးနိုင်သလားဆိုတဲ့ မေးခွန်းမေးထားပါတယ်။ CDC က တွေ့ထားတဲ့ အထောက်အထားတွေအရ အစားအသောက်ကနေတစ်ဆင့် ကူးစက်မှု မတွေ့ရှိရကြောင်းကို ဖြေကြားထားပါတယ်။ အစားအသောက် ထုပ်ပိုးတဲ့ အိတ်ကနေတစ်ဆင့် ကူးစက်မှုအလွန်နည်းတယ်ဆိုတာကို တွေ့ရှိထားကြောင်း တင်ပြလိုပါတယ်။ ဒါပေမယ့် အစားအသောက်၊ အဝတ်အထည် အသုံးအဆောင်တွေအပေါ်မှာ ကိုဗစ် – ၁၉ ရောဂါပိုးက ရက်အတန်ကြာ နေနိုင်တယ်ဆိုတာကို သတိပြုစေလိုပါတယ်။

> “ကိုဗစ် – ၁၉ ဖြစ်ပြီးတဲ့ သူတွေအနေနဲ့ အကြမ်းဖျင်း လေးလ၊ ခြောက်လအထိ ကာကွယ်နိုင်စွမ်းရှိတယ်လို့ ယူဆရပါတယ်။ သို့သော် ကိုဗစ် – ၁၉ ရောဂါသည် တစ်ခါဖြစ်ပြီးရင် ပြန်ဖြစ်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေက အခုတွေ့ရှိနေရပါပြီ။ ဒါကိုဖြေရမယ်ဆိုရင် ကာကွယ်ဆေးထိုးဖို့ လိုအပ်ပါတယ်။ လေးလကနေ ခြောက်လကြာရင် ကာကွယ်ဆေးထိုးမယ်ဆိုရင် ထိုးလို့ရပါတယ်”

*စာမျက်နှာ ၂၂ သို့*

# အမေး၊ အဖြေအစီအစဉ်

*စာမျက်နှာ ၂၁ မှ*

ဒါကြောင့် အပြင်က ပြန်လာတိုင်း အဝတ်အထည်တွေကို လဲတာ၊ အသုံးအဆောင်ပစ္စည်းတွေကို ရေနဲ့ ဆပ်ပြာ အသုံးပြုပြီး ဆေးတာတွေကို ပြုလုပ်စေလိုပါတယ်။ အရေးကြီးဆုံးတစ်ခုက အစားအသောက်ကနေ မကူးသော်လည်း၊ ဝိုင်းဖွဲ့စားသောက်တဲ့ အလေ့အထ ယဉ်ကျေးမှုကလည်း ရှိနေပြီး အခုအချိန်ထိလည်း မရှောင်နိုင်ကြတာကို သတိထားဖို့လိုပါတယ်။ အစားအသောက်ကနေ မကူးပေမယ့် အတူတူဝိုင်းဖွဲ့ စားသောက်ရာက ကူးစက်နိုင်တယ်ဆိုတာကို အရေးအကြီးဆုံးအချက် တစ်ချက်အနေနဲ့ သတိထားစေလိုပါတယ်။

**ကိုဗစ်ပိုးကို အိမ်မှာ ပိုးသတ်ဆေးဖျန်းပြီး နေတာ ထိရောက်သလား၊ ပိုးသတ်ဆေးဖျန်းလို့ ကိုဗစ်ရောဂါပိုး သေသလားဆိုတာ မေးထားပါတယ်။** ပိုးသတ်ဆေးဆိုတာကလိုရင်းဖျန်းတာ ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားမှုများတဲ့ ဆေးရုံ/ဆေးခန်းတွေ၊ လူနာတင်ယာဉ်တွေ၊ ရောဂါပိုး Positive ထွက်ထားတဲ့နေရာတွေကို ဖျန်းတာ ထိရောက်ပါတယ်။ ဒါပေမယ့် အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ ဖျန်းတာသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေတယ်ဆိုတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတိအလင်းပြောကြားထားတဲ့အတွက် ဒါကို မကျင့်သုံးသင့်ပါဘူး။ အဓိက ရေနဲ့ ဆပ်ပြာနဲ့ ဆေးကြောခြင်းနဲ့ ကာကွယ်ရင် ပိုကောင်းပါတယ်။

**ဈေးဝယ်ပြီး ပြန်လာတာပဲဖြစ်ဖြစ်၊ အိမ်ကိုပစ္စည်းတွေ ရောက်လာတာပဲဖြစ်ဖြစ် အစားအသောက်၊ ဟင်းသီးဟင်းရွက်တွေကို ဆေးဖျန်းတာကရော ဘယ်လိုပါလဲဆိုပြီး မေးထားပါတယ်။**

အဓိက ပိုးသတ်ဆေးတွေက အစားအသောက်နဲ့ တိုက်ရိုက်မထိတွေ့တာ အကောင်းဆုံးပါ။ ဟင်းသီးဟင်းရွက်တွေ ဝယ်လာရင် ရေနဲ့ သေချာစွာ ဆေးကြောဖို့ တိုက်တွန်းလိုပါတယ်။ ဒါ့အပြင် ထုပ်ပိုးတဲ့ ပလတ်စတစ်ဘူးတွေ၊ အိတ်ခွံတွေကို ရေနဲ့ဆပ်ပြာသုံးပြီး ဆေးကြောရင် အကောင်းဆုံး ဖြစ်ပါတယ်။ ဒီလိုအလေ့အကျင့်တွေကို မိဘပြည်သူတွေ လိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။ အစားအသောက်ကနေ တိုက်ရိုက်ကူးစက်မှု မရှိဘူးဆိုတာကို ကျွန်တော်ထပ်ပြီး တင်ပြလိုပါတယ်။

**နောက်တစ်ခုက ကိုဗစ်ရောဂါကို လုံးဝရာနှုန်းပြည့် ပျောက်ကင်းတဲ့ ဆေးရှိပြီလား** မေးခွန်းနဲ့ စပ်လျဉ်းပြီး မရှိသေးပါဘူးလို့ ဖြေကြားချင်ပါတယ်။

**ဒေါက်တာကျော်စွာမြင့် ။ ။** ကျွန်တော်က ကျန်တဲ့ မေးခွန်းတွေကို ဖြေကြားပေးပါမယ်။ **Stay at Home မြို့နယ်တွေ ရှိသေးလား**ဆိုတော့ ရှိပါသေးတယ်။ အရင်တစ်ပတ်ကလည်း ဆရာကြီးတွေ ဖြေကြားထားတာရှိပါတယ်။ ရောဂါကူးစက်မှု အခြေအနေ အပေါ်မူတည်ပြီး ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ ကချင်၊ မန္တလေး၊ ရခိုင်ဒီနေရာတွေမှာ အနည်းနဲ့အများ ရှိနေပါတယ်။ တချို့တိုင်းဒေသကြီးတွေဆိုရင် တစ်မြို့နယ်လောက်ကို ပူးပေါင်းပါဝင်မှုကောင်းပြီး တွေ့ရှိမှုလည်း နည်းတယ်ဆိုရင် လျှော့ပေးပြီး ကျန်တဲ့မြို့နယ်တွေက Stay at Home မြို့နယ်တွေအနေနဲ့ ဆောင်ရွက်နေပါတယ်လို့ ဖြေကြားလိုပါတယ်။ တော်တော်များများက အကောင်းဘက်ကို ဦးတည်နေတယ်လို့ပဲ ဒီအခြေအနေမှာ ပြောပါရစေ။ ခုန ဆရာကြီးတွေ ပြောခဲ့သလို စည်းကမ်း၊ နည်းလမ်းတွေနဲ့ အညီ နေရဦးမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက **နယ်တွေကို ကားနဲ့ပြန်လို့ရပြီလား၊ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတဲ့** မေးခွန်းနဲ့ စပ်လျဉ်းပြီး ပြီးခဲ့တဲ့ ဒီဇင်ဘာလကစပြီး လေယာဉ်ခရီးစဉ်တွေကို အတတ်နိုင်ဆုံး အရေးပေါ်အခြေအနေမှာ အဆင်ပြေအောင် လုပ်ဆောင်ပေးနေတာ ရှိပါတယ်။ ကားလိုင်းတွေကို ကိုဗစ်ဗဟိုကော်မတီက စည်းကမ်း၊ နည်းလမ်းတွေနဲ့ ဘယ်လိုဖွင့်ပေးနိုင်မလဲဆိုတာ စဉ်းစားနေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အားလုံးမှာရှိတဲ့ မြို့နယ်ကိုဗစ်ကော်မတီတွေက အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တွေက မြို့နယ်ကိုဗစ်ကော်မတီတွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ မေတ္တာရပ်ခံလိုပါတယ်။

**ဆေးရုံဆင်းသူတွေနဲ့ တရင်းတနှီး နေလို့ရလား၊ ဒီလူတွေကရော ရောဂါပြန်ဖြစ်နိုင်သလား** မေးခွန်းနဲ့ ပတ်သက်ပြီး အခုလောလောဆယ်မှာ New Normal နဲ့ နေရမှာဖြစ်ပါတယ်။ ခွဲခြားဆက်ဆံဖို့ပြောတာ မဟုတ်ပါဘူး။ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ နေဖို့ပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တော်တော်များများ ထုတ်ပြန်ထားတာရှိပါတယ်။ အိမ်ပြန်ရောက်ရင် ဘယ်လို၊ ဘယ်နှရက် နေရမယ်ဆိုတာတွေကို ရှင်းပြထားတာ ရှိပါတယ်။ ဒါတွေကို ပြန်ပြီးကြည့်စေချင်ပါတယ်။ ရောဂါပြန်ဖြစ်နိုင်သလားဆိုတော့ နောက်တစ်ကြိမ် ပြန်ကူးစက်နိုင်ပါတယ်။ New Normal လူနေမှုပုံစံအသစ်ကို ဘယ်နေရာမှာဖြစ်ဖြစ်၊ ဘယ်သူနဲ့ဖြစ်ဖြစ် ကျင့်သုံးဖို့လိုတယ်ဆိုတာကို နှလုံးသွင်းထားစေချင်ပါတယ်။

**ကိုဗစ်ကို ဘယ်လောက်အထိ ရင်ဆိုင်ရမှာလဲ။ ဘာတွေဆက်လုပ်ရမှာလဲ** မေးခွန်းနဲ့စပ်လျဉ်းပြီး အခုလောလောဆယ် ကပ်ရောဂါကာလကို ရင်ဆိုင်ဖြတ်သန်းနေရတာ ဖြစ်ပါတယ်။ အရင်လို စဉ်းစားပုံ၊ နေပုံတွေနဲ့တော့ သွားလို့မရပါဘူး။ နောက်တစ်ခုက ထပ်ပြောလိုတာက အချင်းချင်း မကူးစက်ဘူးဆိုတဲ့ ပုံစံမျိုးတွေ အများကြီး တွေ့နေရပါတယ်။ အချင်းချင်း ကိုယ်နဲ့ ထိတွေ့နေတဲ့သူတွေ၊ ဒီနေ့လည်း ထိတွေ့တယ်။ မနက်ဖြန်လည်း ထိတွေ့တယ်။ သန်ဘက်ခါလည်း ထိတွေ့တယ် ဒီလိုလူတွေက မကူးစက်နိုင်ဘူးဆိုတဲ့ ပုံစံမျိုးတွေ တွေ့နေရပါတယ်။

ဒါပေမယ့် တကယ်ဖြစ်တဲ့အချိန်မှာ ဒီလိုလူတွေကနေ တစ်ဆင့် ကူးစက်တာ ဖြစ်ပါတယ်။ လောလောဆယ် ရန်ကုန်တိုင်းဒေသကြီးမှာ လုပ်နေတဲ့ Campaign တွေ ရှိပါတယ်။ ဘယ်လိုနေရမလဲ၊ ဘာဆက်လုပ်ရမလဲဆိုရင် ပုံမှန်အားဖြင့် မလိုအပ်ဘဲ အိမ်အပြင်မထွက်ပါနဲ့။ အိမ်မှာ နေကြပါ။ အပြင်ထွက်မယ်ဆိုရင် အနည်းဆုံး Mask တပ်ပါ။ လက်ကို စက္ကန့် ၂၀ ကြာအောင်ဆေးပါ။ နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ ဒါတွေကို လုပ်ရပါမယ်။ နောက်တစ်ခုက အချင်းချင်းသတိပေးမယ်၊အသိပေးမယ်ဆိုတာကို ဦးစားပေးအနေနဲ့ လုပ်ဆောင်ပါ။ ဒီလိုလုပ်ဆောင်ရင် ကိုဗစ်ကို ရင်ဆိုင်ရမယ့် ကာလကို အများကြီးလျှော့ချသွားနိုင်မယ်လို့ ပြောကြားလိုပါတယ်။

**ကာကွယ်ဆေးရရင် ကိုဗစ်က ပျောက်သွားမှာလား** မေးခွန်းနဲ့ စပ်လျဉ်းပြီး အတိအကျပြောဖို့ ခက်တဲ့ကိစ္စပါ။ ကာကွယ်ဆေးရရင် နံပါတ်တစ် ကာကွယ်မှုတွေရမယ်။ နံပါတ်နှစ် အခုနေတဲ့ လူနေမှုပုံစံအသစ်အတိုင်း ဆက်လက်နေထိုင်ရပါမယ်။ အရင်လိုနေဖို့ မလွယ်သေးဘူးလို့ ယူဆပါတယ်။ ကျွန်တော်တို့ ထပ်ခါထပ်ခါ ပြောနေသလိုပါပဲ မလိုအပ်ရင် အိမ်အပြင်မထွက်ပါနဲ့။ အိမ်ထဲမှာပဲနေပါ။ အိမ်ကနေ ထွက်လာပြီဆိုရင် Mask ကို သေချာစွာ တပ်ပါ။

Mask Campaign တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ အခြားသက်ဆိုင်ရာ ဌာနတွေ၊ အစိုးရအဖွဲ့တွေ ပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် မကူးစက်ရအောင် အပြင်ထွက်ရင် Mask တပ်မယ်။ အမှုန်အမွှားတွေ လက်မှာ မကပ်မိအောင် ဘယ်နည်းနဲ့ဖြစ်ဖြစ် လက်ဆေးမယ်။ လက်ဆေးဖို့ အဆင်မပြေတဲ့နေရာဆိုရင် ရေမလိုတဲ့ လက်သန့်ဆေးရည်နဲ့ သေသေချာချာ စနစ်တကျ ဆေးကြောဖို့ အလွန်အရေးကြီးပါတယ်။

ဒါတွေကို ထပ်ခါထပ်ခါ ပြောနေရတာပါ။ ဒီလိုလုပ်ဆောင်ရင် ဆုံးရှုံးမှုတွေကနေ အများကြီးသက်သာမယ်ဆိုတာ သိနေတဲ့အတွက် တစ်ကမ္ဘာလုံးက ညွှန်ကြားနေတဲ့ကိစ္စ ဖြစ်ပါတယ်။ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ်၊ ဘယ်နေရာမှာဖြစ်ဖြစ်၊ ဘယ်သူနဲ့ဖြစ်ဖြစ် အတတ်နိုင်ဆုံး ခပ်ခွာခွာနေကြပါ။ ဒါတွေကို လုပ်ဖို့လိုပါတယ်။ အချင်းချင်း တွေ့သူ၊ မြင်သူ အားလုံးကို သတိပေးပါ။ ဒီလိုနေရင် ပိုကောင်းတယ်၊ ဒီလိုမနေရင် ကူးစက်မှုတွေ ရနိုင်တယ်ဆိုတာကို အသိပေးပါ။ အခုလုပ်ဆောင်နေကြသူတွေ၊ လိုက်နာပြီးနေထိုင်ကြတဲ့ ပြည်သူတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ဌာနတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။


တကယ့်ကို စနစ်တကျဝိုင်းဝန်းပြီး လုပ်ဆောင်ကြမယ်ဆိုရင် အကောင်းဆုံးအနေအထားကို မျှော်လင့်လို့ရပါမယ်။ မျိုးကွဲပဲဖြစ်ဖြစ်၊ ဘယ်ကိစ္စမဆို ဒီလိုပုံစံနဲ့ပဲ သွားရမှာဖြစ်တဲ့အတွက် လူနေမှုဘဝပုံစံအသစ် New Normal Style နဲ့သွားရင် အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့အတွက် စိတ်ပူရတာတွေ လျော့မယ်၊ အကောင်းဆုံးအခြေအနေကို ရောက်မယ်လို့ တင်ပြလိုပါတယ်။

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၁၂**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**






## မဲဇာချောင်းဖျားရေကြောင်းစီးဆင်းမှု အပြောင်းအလဲဖြစ်ပေါ်

**ဗန်းမောက် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဘူးတောင်းကျေးရွာအနီးဝန်းကျင်တွင် ရှေးယခင်က မဲဇာမြစ် (ယခုအခါ) မဲဇာချောင်းရေ စီးဆင်းလျက်ရှိနေရာ မဲဇာချောင်းဖျား ချောင်းရိုးတစ်လျှောက် မိုးအကုန် ဆောင်းအကူးကာလများတွင် ရေစီးဆင်းမှု နည်းပါးလာသည်။

ဗန်းမောက်မြို့နယ် ဘူးတောင်းကျေးရွာနေ ဦးအိုက်ညဏ်က "အရင်ကတော့ ဘူးတောင်းရွာရဲ့ အထက် မဲဇာချောင်းဖျားတစ်လျှောက် ရေလမ်းကြောင်းဟာ ရေအနက် အနည်းဆုံး လေးပေ၊ ငါးပေလောက် ရှိပါတယ်။ အဲဒီတုန်းကဆိုရင် မဲဇာချောင်းဖျား ချောင်းရိုးတစ်လျှောက်မှာ နေရာမရွေး ငါးတွေပေါပေါများများ တွေ့ရပါတယ်"ဟု ပြောသည်။

မဲဇာချောင်းဖျားတွင် ယခင်နှစ်ကာလများက နွေမိုးဆောင်း ချောင်းရေများ ပြတ်လပ်ခြင်းမရှိဘဲ စီးဆင်းခဲ့ရာ ချောင်းအတွင်း၌ ငါးများပေါများခဲ့ပြီး မဲဇာချောင်းရိုးတစ်လျှောက် နေထိုင်ကြသူများမှာလည်း ငါးဖမ်းလုပ်ငန်းမှရရှိလာသော ငါးများကို ငါးကြီးချဉ်များပြုလုပ်ရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိခဲ့ကြသည်။

သို့သော်ယခုအခါလူဦးရေထူထပ်များပြားလာသည်နှင့်အမျှ မဲဇာချောင်းဘေးတစ်လျှောက် အခင်းခုတ်ခြင်း၊ ဝါးခုတ်ခြင်းများ၊ ထင်းခွေခြင်း၊ လယ်ယာမြေတိုးချဲ့လုပ်ကိုင်လာကြခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုများ ရှိလာသည်နှင့်အမျှ စိမ့်စမ်းရေများခန်းခြောက်ကာ မဲဇာချောင်းရိုးတစ်လျှောက် တဖြည်းဖြည်း တိမ်ကောပျက်စီးလာသည့်အတွက် မိုးရာသီကာလလွန်သည်နှင့် ချောင်းရေစီးဆင်းမှုနည်းပါးလာကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်

( ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက် )

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ စတင်၍ ထီဈေးနှုန်းတည်ငြိမ်ရန်နှင့် ထီဈေးနှုန်းမြင့်တက်မှုကို ထိန်းသိမ်းနိုင်ရန်၊ ဝယ်လိုအားမြင့်တက်မှုကို ဖြည့်ဆည်းရောင်းချပေးနိုင်ရန် ရည်ရွယ်၍ လစဉ် ထီဖွင့်လှစ်မည့်အကြိမ်၊ ရက်စွဲ ပါဝင်သော အရန်ထီကို ထားရှိဆောင်ရွက်ခဲ့ပါသည်။

၂။ (၂၄)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်များကို "က" အက္ခရာမှ အစဉ်လိုက် "ကဇ"အက္ခရာအထိ အက္ခရာ(၄၁)လုံးအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ လ(၁)ရက်နေ့မှ စတင် ရောင်းချခဲ့ရာ ယခုအခါတွင် အက္ခရာအားလုံးကုန်စင်အောင် ရောင်းချခဲ့ပြီးဖြစ်ပါသည်။

၃။ ကျန်ရှိနေသော **အရန်ထီ "ကဈ" အက္ခရာ(၁)လုံး (ထီအုပ်ရေ - ၈၁၈၈ အုပ်)** ကို ထီလက်မှတ် (၁၁) စောင်ပါ ထီစာအုပ် တစ်အုပ်လျှင် ၁၀၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိသည်ဖြစ်ပါ၍ လူပုဂ္ဂိုလ်တစ်ဦးချင်း ဖြစ်စေ၊ အဖွဲ့အစည်းများအနေဖြင့် ဖြစ်စေ ထပ်မံဝယ်ယူလိုမှုများရှိပါက ( ၁၄.၁.၂၀၂၁ )ရက်နေ့မှ (၁၅.၁ .၂၀၂၁) ရက်နေ့အထိ လာရောက် လျှောက်ထားကြရန်နှင့် ဝယ်ယူခွင့်ရရှိသူများသည် ဘဏ်ငွေသွင်းချလန် (TF-1) ဖြင့် ကျသင့်ငွေများ ပေးသွင်း၍ အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၈.၁.၂၀၂၁ ရက်နေ့မှစတင်၍ ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သူ့ငွေးရေအားလျှပ်စစ်စီမံကိန်းတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) ပင်မတမံအုတ်မြစ်ပြုပြင်ရန် စိန်လွင်တွင်းတူးဖော်ခြင်း (ပေ ၂၆၄၀၀)နှင့် ဘိလပ်မြေ ဖိသွင်းခြင်း(ရေစိမ့်နှုန်းတိုင်းတာခြင်းအပါအဝင်) (ပေ ၂၆၄၀၀) လုပ်ငန်း
(Tender No.11/DHPI (P&W)/2020-2021)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် တစ်ဦးသာ Covid-19 ရောဂါဆိုင်ရာအကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်။

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၅-၁-၂၀၂၁ရက်မှ ၂၁-၁-၂၀၂၁ရက်အထိ
**တင်ဒါပုံစံ ရောင်းချမည့်အချိန်** - ရုံးဖွင့်ရက် ၁၃:၀၀နာရီမှ ၁၄:၃၀နာရီအတွင်း
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ရုံးအမှတ် (၂၇)၊ ရှေ့အဝင်ဂိတ်
**တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်၊ အချိန်၊ နေရာ** - ၁၆-၂-၂၀၂၁ရက်၊ ၁၃:၀၀နာရီ လက်ထောက်ညွှန်ကြားရေးမှူး (၅)ရုံး၊ အမှတ်(၁)တည်ဆောက်ရေး၊ ပန်းခင်းလမ်း၊ ပန်းခင်း (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၇/၂ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ် (ကျောက္ကာလမ်း-၆၁)၊ ဧရိယာ ၀ဒသမ၀၇၉ကေအား အမှုတွဲအမှတ် ၁၀၈ V ၂၀၀၇-၂၀၀၈ အရ ၁၂-၉-၂၀၀၇ မှ ၁၁-၉-၂၀၃၇ထိ ဦးအောင်သောင်းအမည်ဖြင့် နှစ် ၃၀ မြေငှားစာချုပ်ရရှိထားသည့် ဝင်းမြေအနက်မှ ဦးပိုင်အမှတ် (၆၁-က)၊ ဧရိယာ ၀ဒသမ၀၃၉ကေမြေအား ဒေါ်မြင့်မြင့်ဌေးအမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ် ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြောင်းမြမြို့၊ မြကန်သာရပ်ကွက်ရှိ မြေစာရင်းရပ်ကွက်အမှတ် (၂၇၅-ခ) ဘုရားချောင်းအရှေ့၊ ဦးပိုင်အမှတ် ၄၀၊ ဧရိယာ ၀ဒသမ၀၅၅ကေရှိ မြေအား ယခင် DOVNO-၂၁၆V/၂၀၁၀-၂၀၁၁ အရ (၂၇-၁-၂၀၁၁)မှ (၂၆-၁-၂၀၂၁)အထိ ဦးမောင်မောင်ချိုအမည်ဖြင့် (၁၀)နှစ် ဂရန်ရရှိထားပြီး ၎င်းထံမှ ဒေါ်ရှုကြည်က အပိုင်ရောင်းချသည့် စာချုပ်အမှတ် (၄၆/၂၀၁၄)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် ဒေါ်ရှုကြည်အမည်ဖြင့် လူနေထိုင်ရန် ဂရန်သက်တမ်းတွင်းအမည်ပြောင်း လျှောက်ထားခဲ့ရာ ဦးမောင်မောင်ချိုအမည်ဖြင့် ထွက်ရှိလျက်ရှိသော ဂရန်စာချုပ်ဟောင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေပါသဖြင့် ဒေါ်ရှုကြည်မှ လူနေထိုင်ရန် ဂရန်သက်တမ်းတွင်းအမည်ပြောင်း လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြောင်းမြမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြောင်းမြမြို့၊ မြရတနာရပ်ကွက်ရှိ မြေစာရင်းရပ်ကွက်အမှတ် (၂၇၆-က)တဇင်ကုန်းကြီး၊ ဦးပိုင်အမှတ် (၅-ဃ)၊ ဧရိယာ ၀ဒသမ၈၄၀ကေရှိမြေအား ယခင် DOVNO-၆၀V/၂၀၁၉ အရ (၁၆-၂-၂၀၁၀)မှ (၁၅-၂-၂၀၂၀)အထိ ဦးဝင်းအောင်အမည်ဖြင့် (၁၀)နှစ် စက်မှုဂရန်ချထားပေးခဲ့ပြီး ၎င်းထံမှ ၃-၁၂-၂၀၁၅ရက်တွင် စာချုပ်အမှတ် (၃၉/၂၀၁၆)ဖြင့် မြောင်းမြမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် (၁၀)နေ ဦးနေလင်း၊ ဦးဝေလင်းနှင့် ဦးအောင်မြင့်မြတ်တို့မှ တရားဝင်ဝယ်ယူခဲ့ပြီး ဆန်စက်လုပ်ငန်းလုပ်ကိုင်ရန်အတွက် စက်မှု/စီးပွားမြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားခဲ့ရာ ဦးဝင်းအောင်အမည်ဖြင့် ထွက်ရှိလျက်ရှိသော စက်မှုဂရန် စာချုပ်ဟောင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေပါသဖြင့် ဦးနေလင်း၊ ဦးဝေလင်းနှင့် ဦးအောင်မြင့်မြတ်တို့၏ ဆန်စက်လုပ်ငန်းလုပ်ကိုင်ရန်အတွက် စက်မှု/စီးပွားမြေငှားဂရန် သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါ က လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြောင်းမြမြို့**

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်တင်တင်မိုး(ဘ)ဦးတင်လှ ၆/ထဝန(နိုင်) ၁၃၇၆၄၈ အမှတ် (၄၂၉)၊ သုခလမ်း၊ ပန္နဲ တောရပ်ကွက်၊ ထားဝယ်မြို့နေသူနှင့် ဒေါ်ဆုသက်ဝါ(ခ)ဒေါ်စုသက်ဝါ (ဘ)ဦးချိုတူး(ခ)ဦးအဏ္ဏဝါ ၆/ထဝန(နိုင်)၀၉၅၀၉၀ အမှတ် (၃၀၈)၊ နတ်စင်လမ်း ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့နေသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါ သည်။

ထားဝယ်မြို့၊ အိမ်ရှေ့ပြင်ရပ်၊ ထားဝယ်အဝေးပြေးကွင်းအတွင်းရှိ ယာဉ်ထွက်လမ်း၊ အခန်းအမှတ် (၂)ရှိ ကားဂိတ်ခန်းကို ပေ ၂၀ အကျယ်ရှိသော အခန်းနှင့် ၁၀ ပေ အကျယ်ရှိသောအခန်းတို့ကို အသီးသီးဖွဲ့ထားရာ မူလပိုင်ရှင် ဦးချိုတူး(ခ)ဦးအဏ္ဏဝါ ၆/ထဝန(နိုင်)၀၁၁၂၀၀ ထံတွင် ပေ ၂၀ အကျယ်ရှိသောအခန်းအား ဒေါ်တင်တင်မိုးမှလည်းကောင်း၊ (၁၀)ပေအကျယ်ရှိသော အခန်းအား ဒေါ်ဆုသက်ဝါ(ခ)ဒေါ်စုသက်ဝါမှလည်းကောင်း၊ ၁-၉-၂၀၁၇ရက်တွင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အသီးသီးဝယ်ယူပိုင်ဆိုင်အကျိုး ခံစားလာခဲ့ပြီးဖြစ်၍ အဆိုပါကားဂိတ်ခန်းများသည် ဦးချိုတူး(ခ)ဦးအဏ္ဏဝါထံတွင် ကျွန်ုပ်မိတ်ဆွေများက ဝယ်ယူခဲ့ပြီးဖြစ်သောကြောင့် ကျွန်ုပ်မိတ်ဆွေတို့ကသာ တရားဝင်ပိုင်ဆိုင်လျက်ရှိကြောင်း ကားဂိတ်ခန်းနှင့် ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူညီချက်မရှိဘဲ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူအား တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

ဒေါ်တင်တင်မိုးနှင့် ဒေါ်ဆုသက်ဝါ(ခ)ဒေါ်စုသက်ဝါတို့၏
လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်အိအိမိုး (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၉၇)
**ဒေါ်စန္ဒာချို (LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၂၆)

**May & Partners Law Firm**
အမှတ် (၉၅/က)၊ နတ်စင်လမ်း၊ ရှမ္မလည်ဆွဲရပ်ကွက်၊ ထားဝယ်မြို့၊
ဖုန်း-၀၉-၂၅၄၈၂၆၄၇၆၊ ၀၉-၆၉၂၁၆၃၂၇၇

## မိဘအမည်ပြောင်းနှင့် သား၏အမည်မှန်ဖြစ်ကြောင်း ကြေညာခြင်း

အထက (၇) ကျောင်းတွင် ပညာသင်ကြားနေသော မိဘအမည် ဦးဇေလတ်မင်းသိန်း-ဒေါ်ဇင်မာနွယ်၊ သားမင်းသန့်ဇင်သည် အမည်မှားဖြစ်ပြီး ဦးစည်သူထွန်း-ဒေါ်နွေနွယ်ဦး၊ သားမင်းသန့်ဇင်ထွန်းသည် အမှန်မှန်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ- ၃၀၇၁၁)၏ နှစ်(၃၀) မြေငှားစာချုပ်စာအုပ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ်စာအုပ် မိတ္တူမှန် မှတ်ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်တိုးတိုးလှ ၁၂/မဂတ(နိုင်)၀၇၀၂၃၈ (ဘ)ဦးလှတင်မှ လျှောက်ထားလာမှုအား ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကန့်ကွက်လွှာ ခေါ်ယူခဲ့ရာ ကန့်ကွက်မှုမရှိခဲ့သဖြင့် မြေငှားစာချုပ် စာအုပ်မိတ္တူမှန် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမှုတွဲအမှတ် ၁၆၀/၂၀၁၀-၂၀၁၁(ပုဗ္ဗသီရိ)၊ စာချုပ်အမှတ်၊ ပဗ္ဗသီရိ/သစ် -၂၀၀/၂၀၁၀-၂၀၁၁ တို့ဖြင့် ထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်စာအုပ်(မူရင်း)အား ပယ်ဖျက်ပြီးဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ် ၁၀၇၉၊ မြေကွက်တည်နေရာ အမှတ် ၁၀၇၉၊ ကြာဝတ်မှုံလမ်းနှင့် ရွှေတဆုပ်လမ်းထောင့်၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်သန်းတင်(CD-၁၂၂၆၂) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၄၁/၂၀၁၉ တွင် တရားလို ဦးဇော်မျိုးသိန်း(၎င်း၏အခွင့်ရကိုယ်စားလှယ် နော်ယဉ်ယဉ်မင်း)မှ တရားပြိုင် ဒေါ်သန်းတင်အပေါ် ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုခဲ့ရာ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် စရိတ်နှင့်တကွ ဒီကရီချမှတ်လိုက်သည့် ၆-၃-၂၀၂၀ရက် ချမှတ်သည့် စီရင်ချက်ဒီကရီနှင့် ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် ၁၃၄/၂၀၂၀ အမိန့်တို့တင်ပြ၍ တရားရှုံးဒေါ်သန်းတင်ကိုယ်စား တရားရုံး ဒုတိယဦးစီးမှူး(ဘိလစ်) ဒေါ်နီနီဝင်းကိုမှ ဂရန်မူရင်း၊ တရားရုံးအမိန့်များနှင့် ဘိလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယ ညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် ၈၁၃၊ မြေကွက်တည်နေရာ အမှတ် ၈၁၃၊ ရွှေနှင်းဆီ ၃ လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစောအာစိန်(ISN- ၀၉၂၅၄၄) အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၄၂/၂၀၁၉ တွင် တရားလို ဒေါ်မြတ်ပန်းအိမ် တရားပြိုင် ဦးစောအာစိန်အပေါ် ပဋိညာဉ်အတိုင်း မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ ဒီကရီချမှတ်လိုက်သည့် ၆-၃-၂၀၂၀ရက် ချမှတ်သည့် စီရင်ချက်ဒီကရီနှင့် ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် ၁၃၅/၂၀၂၀ အမိန့်တို့တင်ပြ၍ တရားရှုံး ဦးစောအာစိန်ကိုယ်စား တရားရုံး ဒုတိယဦးစီးမှူး(ဘိလစ်) ဒေါ်နီနီဝင်း ကိုမှ ဂရန်မူရင်း၊ တရားရုံးအမိန့်များနှင့် ဘိလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယ ညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မေလိခလမ်း (ပါရမီလမ်း)၊ အမှတ် (၂-အေ)ဟုခေါ်တွင်သည့် မြေပေါ်တွင် တည်ဆောက်ထားသော Royal Maylikha Luxury Condominium ၈ ၁/၂' ထပ်၏ 7 Floor (သတ္တမထပ်)၊ အခန်းအမှတ် -C၊ အကျယ် (1931 စ/ပေ)ရှိ ကွန်ဒိုတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်ဇော် ၁၂/တမန(နိုင်)၀၇၄၀၉၅နှင့် ဒေါ်ယဉ်ယဉ်မြတ် ၁၂/ကမရ(နိုင်)၀၄၈၁၇၃တို့မှ မြေပိုင်ရှင်အဖြစ် ကိုယ်တိုင်ဆောက်လုပ်ပြီး အဆိုပါအခန်းအား လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၇)၊ မြေတိုင်း (၃)၊ မြေကွက်အမှတ် (၆၁၀)၊ အကျယ်အဝန်း ၄၀'x၆၀' အကျယ်အဝန်းရှိ ပါမစ်မြေကွက်သည် ကျွန်တော် ဦးဗိုလ်တေဇ အမည်ပေါက်ဖြစ်ပြီး ကျွန်တော်တစ်ဦးတည်းသာလျှင် လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်၏ ပါမစ်မူရင်းသည် ကျွန်တော်၏ လက်ဝယ်တွင် ပျောက်ဆုံးသွားခဲ့သည့်အတွက် သက်ဆိုင်ရာရုံးဌာနများတွင် ပါမစ်မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဗိုလ်တေဇ ၇/ပခန(နိုင်)၁၇၆၁၂၅၊ အမှတ် (၁၁၂/၆)၊ မြို့မကျောင်းလမ်း၊**
**ဈေးပိုင်းရပ်ကွက်၊ ပဲခူး**

# အထူးဂုဏ်ယူဝမ်းမြောက်ကြည်ညိုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ်(၁/၂၀၂၁)ဖြင့် (၇၃)နှစ်မြောက်
လွတ်လပ်ရေးနေ့တွင် ပခုက္ကူမြို့ သာသနစက္ကပ္ပဝတ္တကအသင်းကြီး၏ ဦးစီးနာယက
**ဘဒ္ဒန္တဝီရိယ** (ဗောဓိမဏ္ဍိုင်ဆရာတော်)အား **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ** ဘွဲ့တံဆိပ်တော်နှင့်
ပခုက္ကူမြို့ သာသနစက္ကပ္ပဝတ္တကအသင်းကြီး၏ ဥက္ကဋ္ဌ
**ဦးတင်ဝင်း**(ရတနာဝင်းပွဲရုံ)အား **သဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်
ဆက်ကပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်ကြည်ညိုရပါသည်။
ဆက်လက်၍လည်း ဆရာတော်နှင့် ဥက္ကဋ္ဌကြီး သက်ရှည်ကျန်းမာ၍
သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို တိုးတက်ပြန့်ပွားအောင် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သာသနစက္ကပ္ပဝတ္တကအသင်း(ပခုက္ကူမြို့)**
**အသင်းသား/သူများ**

# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့်
သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့်
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခံရပါသော
ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး **ဒေါက်တာတင့်စိုးလင်း** (ရွှေပုစွန်)အား
အတိုင်းထက်အလွန် ဝမ်းမြောက်ပါကြောင်းနှင့် သာသနာ့အကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို
ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စိန်စည်ဆရာတော်နှင့် တပည့်များ**
**ရန်ကုန်အောင်လံစိန်စည်သာသနာ့ရိပ်သာ**



## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း ၂၇ မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ စတင်ရောင်းချမည့်ရက်မှာ ၁၂-၁-၂၀၂၁ ရက်နေ့မှ ၁၀-၂-၂၀၂၁ ရက်နေ့အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်ရက်မှာ ၁၀-၂-၂၀၂၁ ရက်နေ့ ၁၂:၀၀ နာရီဖြစ်ပြီး အိတ်ဖွင့်တင်ဒါဖွင့်ပွဲအား ၁၁-၂-၂၀၂၁ ရက်နေ့ ၁၀:၀၀ အချိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၊ နေပြည်တော်၊ ရုံးအမှတ်(၈) တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများ တစ်စောင်လျှင် ၁၀၀၀၀/-ကျပ်(တစ်သောင်းကျပ်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဝတ်ပစ္စည်းအရောင်းဆိုင်၊ နေပြည်တော်၊ ရုံးအမှတ်(၈)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီ တစ်ခုလျှင် ကိုယ်စားလှယ်နှစ်ဦးသာ လာရောက်ပါရန်နှင့် အသေးစိတ်အချက် အလက်များ သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၁၄၈၊ ၀၆၇-၃၄၁၂၆၀၄ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

**မြန်မြန်ရောင်းချင်လို့ ဈေးလျှော့လိုက်ပါပြီ။**
ရန်ကုန်မြို့၏နေရာကောင်း၊ လှိုင်မြို့နယ်၊ ပါရမီ မီးပွိုင့်အနီး၊ ဦးသင်းဖေလမ်းတွင်ရှိ ဂရန်အမည်ပေါက် ပေ ၅၀ × ပေ ၇၀ ပေါ်ရှိ RC ၂ထပ်တိုက်၊ Master Bedroom ၄ ခန်း၊ တစ်အိမ်လုံးကျွန်းပါကေး။ ဒီလိုနေရာ၊ ဒီလိုအိမ်မျိုး ရဖို့မလွယ်ပါ။ ကွန်ဒိုတိုက်ခန်းဈေးမျှသာ။ **သိန်း ၄၅၀၀**
**ဒေါ်မိုး ၀၉ ၅၀၄ ၅၈၁၉**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၃/ပန်းလှိုင်ကျုံးရိုးရပ်၊ ဦးပိုင်အမှတ် ၈၂(က)၊ ဧရိယာ ၀.၁၁၃ ဧက ၀.၁၃၄ ကေရှိ ဘိုးဘွားပိုင်မြေကွက်သည် ဦးတင့်လွင် (ကွယ်လွန်)မှ ၁၃-၃-၂၀၀၈ ရက်တွင် ပဲခူးမြို့၊ ပုဗ္ဗာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသကျဝံသာဘိဝံသနှင့်ပဲခူးမြို့ ရွှေဂူကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏိဿရတို့အား ပဲခူးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်၍ ၂၀၀၈ခုနှစ် စာချုပ်အမှတ် ၄၀/လှူဒါန်းစာချုပ်ဖြင့် လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

ယခုအခါတွင် ဆရာတော်များအနေဖြင့် အထက်တွင် လှူဒါန်းခဲ့သော အဆောက်အအုံတည်ရှိရာ မြေနှင့် ပတ်သက်၍ ပဲခူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် အမည်ပြောင်း လျှောက်ထားနိုင်ရေး အရှင်သကျဝံသာဘိဝံသ ၇/ပခန (သ)၀၀၀၆၉၉ နှင့် အရှင်ဉာဏိဿရ ၇/ပခန(သ) ၀၀၄၂၆၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ဌေး B.A(Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၂၂၁၂) (၂၆-၅-၁၉၈၂)
အမှတ် (၁၃၈)၊ မွန်စံပြ(၁)လမ်း၊ ဟသ်ာကုန်းရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၄၂၈၁၆၃၆၄၄

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော ကွန်ပျူတာပစ္စည်း၊ လက်ကိုင်ဖုန်း အမျိုးမျိုး၊ စက်မှုကုန်ကြမ်းနှင့် လူသုံးကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ မည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | **နေ့ရက်/အချိန်** | - | ၂၈-၁-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီ |
| (ခ) | **နေရာ** | - | ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး |
| (ဂ) | **ပစ္စည်းအမျိုးအမည်** | - | ကွန်ပျူတာပစ္စည်း၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ စက်မှုကုန်ကြမ်းနှင့် လူသုံးကုန်ပစ္စည်းများ |
| (ဃ) | **လေလံပုံစံရောင်းချခြင်း** | - | လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၅၀၀၀/-) (ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် ၂၅-၁-၂၀၂၁ ရက်မှ ၂၆-၁-၂၀၂၁ ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ |
| (င) | **ပစ္စည်းပြသမည့်အချိန်** | - | လေလံပုံစံဝယ်ယူပြီးသူများအား ၂၆-၁-၂၀၂၁ နှင့် ၂၇-၁-၂၀၂၁ နံနက် ၁၀:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ (၂)ရက် ပြသပါမည်။ |

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၆၅၂၄၁၊ ၀၉-၄၅၆၉၈၈၄၄၈ သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

သွေးတိုးကျ သွေးတိုးကျ
သန္တိသုခ


ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက (စာနယ်ဇင်း)
014/0819
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012355 (0919)
သွေးတိုးကျ
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

၁၉၃၃ ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်
ရွှေမန်းတောင်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007115(0619)
အကြောပြေ လိမ်းဆေးဆီ
လေဖြတ်၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်း၊ ကျီးပေါင်းတက်ခြင်းများအတွက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေး
ရွှေမန်းတောင်ဆေးဝါးစက်ရုံ-အမှတ်(၁၁၆၅-၆၆-၆၇)၊ စက်မှုလမ်းမကြီး၊ (၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ ရန်ကုန်မြို့။ ဖုန်း(၀၁)၅၉၀၀၃၄
ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး-အမှတ်(၁၀၂)၊ ၃၈လမ်း၊ ရန်ကုန်မြို့။ ဖုန်း-(၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊ ၀၉-၈၅၉၈၄၅၃

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၀
GENEVA GOLD STAR FOR QUALITY
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
LONDON QUALITY CROWN QC 100
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 8392 594

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၄၃၃

ဦးကျော်ဇင်ဝင်း နှင့် ဦးတင်မောင်မြင့်
**တရားလို** **တရားပြိုင်**

ဦးတင်မောင်မြင့် အမှတ်(ဏ-၁/၄၈)၊ ၆၄-၆၅ လမ်းကြား၊ စွယ်တော်လမ်းနှင့် ခွာညိုလမ်းထောင့်၊ ဂုတ်ခြံ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက (၅-၁၁-၂၀၁၈) ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ် ဖောက်ဖျက်သည့်အတွက် ရယူထားသော (၁၃၄၈)သိန်းနှင့် စည်းကမ်းချက်ပါပြီးစီးမှု နောက်ကျကြေး ဒဏ်ငွေကျပ်(၉၉)သိန်းနှင့် နစ်နာကြေးငွေကျပ် သိန်း(၅၀၀) စုစုပေါင်း ငွေကျပ်(၁၉၄၇)သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်)မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဦး)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**မန္တလေးခရိုင်တရားရုံး**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### မြစ်ကြီးနားခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၄၆ နှင့် ဆက်နွှယ်သည့်
### ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် - ၇၆

၁။ ဒေါ်ခင်သူဇာထွေး နှင့် ၁။ ဦးချစ်
(၎င်းကိုယ်တိုင်နှင့် ၂- တရားနိုင် ၂။ ဒေါ်ခွန်ဆီး
ဒေါ်ထွေး၏ အခွင့်ရကိုယ်စားလှယ်)
၂။ ဒေါ်ထွေး
**ဒီကရီအနိုင်ရသူများ** **တရားရှုံးများ**

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အမှတ်(၇၆၈)၊ နယ်မြေ(၈)နေ ဦးချစ်-ဒေါ်ခွန်ဆီး (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိနေသူ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၄၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခု ရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဝီလီ)**
**ခရိုင်တရားသူကြီး**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ် ၂၈၀/ခ ၊မြေကွက်တည်နေရာအမှတ် (၂၈၀/ခ)၊ ကျန်စစ်သားလမ်း၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် မလှလှရီ(ခ)နေခြည်နွေး ၁၂/လမတ(နိုင်)၀၀၅၈၅၈ အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် မလှလှရီ(ခ)နေခြည်နွေးအား(တရားပြိုင်)ထားကာ ဒေါ်လတ်လတ်ဝင်းခိုင်မှ (တရားလို)ပြုလုပ်၍ သဃ်န်းကျွန်းမြို့နယ် တရားရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့်စွဲဆိုသော တရားမကြီးမှုအမှတ်(၅၉/၂၀၁၉)၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၁၁/၂၀၂၀)၏အမိန့်၊ ၁၀-၇-၂၀၂၀ရက်စွဲပါ တရားရုံးဘီလစ်ခန့်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ ဘီလစ်ဦးထွန်းထွန်းအောင် ၉/မလန(နိုင်)၀၉၅၇၆၈ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ဝင့်လွှာဖြူ ၁၄/မအန(နိုင်)၂၁၀၉၇၇၊ ဒေါ်ချိုချိုရွှေ ၁၄/မအန(နိုင်)၁၁၅၄၇၀ တို့နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-နဝဒေးအိမ်ရာ၊ မြေတိုင်းရပ်ကွက် အမှတ် ၃/၄၊ မြေကွက်အမှတ် ၉၅၅ နေ JOHN LU CHUNG YII(Passport No-K54339476)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ်(၃၄/၁၀)သည် ဒေါ်နော်အိအိချော ၁၄/ညတန(နိုင်)၁၀၆၁၄၆ မြေအမည်ပေါက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူနေထိုင်ရန် ဒေါ်ဝင့်လွှာဖြူနှင့်ဒေါ်ချိုချိုရွှေတို့အား ၎င်းကိုယ်စားဆောင်ရွက်မှုများပြုစေခဲ့ပြီး ယခုအခါ ထိုဆောင်ရွက်မှုများကို အပြီးတိုင်ပြန်လည်ရုပ်သိမ်း၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်စီစဉ်လျက်ရှိပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက လုပ်ဆောင်ရန်ရှိသော ဆောင်ရွက်မှုများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းမော် တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၆၆)**
**အမှတ်(၄၂၈)၊သုမာလာ(၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၈၇၂၇၇၀၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါ နေရာများတွင် မြေငှားဂရန်အသစ်၊ အမည်ပြောင်းဂရန် လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | အမည် | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ |
|---|---|---|---|---|
| ၁။ | ဦးစန်းလှိုင် | ၁၆၅၅/အုတ်ဖိုကွင်း | ၉၉၆/၉၉၇ | ၀.၂၃၈ |
| ၂။ | ဦးမျိုးကိုကို | ၁၅/ရွာလေးမြေနီကုန်း | ၉၅ | ၀.၀၃၄ |
| ၃။ | ဒေါ်မိုးငြိမ်းစံ | ၁၆၄၇/အလယ်ရပ် | ၂၆၉ | ၀.၀၆၀ |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါ နေရာများတွင် မြေငှားဂရန်အား(၁-က)၊ စာရင်းရေးသွင်းပေးပါရန် လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း မကွေးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | အမည် | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ |
|---|---|---|---|---|
| ၁။ | ဦးမြလွင် | ၁၆၄၇/အလယ်ရပ် | ၉၅ | ၀.၀၆၀ |
| ၂။ | ဦးတင်ဝင်း | ၁၆၄၇/အလယ်ရပ် | ၂၃၂ | ၀.၀၆၀ |
| ၃။ | ဦးတင်ဝင်း | ၁၆၄၇/အလယ်ရပ် | ၂၃၀ | ၀.၀၆၀ |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြို့သစ်မြို့၊ ရွှေလရောင်ကွက်သစ်ရပ်ကွက်၊ ကွင်းအမှတ်(၇-ရွှေလရောင်ရပ်)၊ ဦးပိုင်အမှတ်(၁၆၆)၊ ဧရိယာ ၀ ဒသမ ၀၃၅ ဧကရှိ မြေကွက်ကို ဒေါ်မြတ်မိုးနွယ်အမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မြို့သစ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁) ရပ်ကွက်၊ တက္ကသိုလလမ်း၊ အမှတ် (၄၁၉)ဟုခေါ်တွင်သော မြေငှားဂရန် ဒေါ်ဝင်းကြည်အမည်ဖြင့် မှတ်သားတည်ရှိသည့် အကျယ်အဝန်း (၄၀ ပေ x ၆၀ပေ)ရှိ မြေကွက်ကို တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်လှလှဝင်း ၁၂/ဥကတ(နိုင်)၁၄၉၉၁၂ က အပြီးအပိုင် ပြန်လည်ရောင်းချသည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးတိုးတိုးက ၁၉-၁၂-၂၀၂၀ ရက်တွင် အရောင်းအဝယ်စရန်ပေးစာချုပ် ချုပ်ဆိုကာ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ယင်းမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတိုးတိုး၏ညွှန်ကြားချက်များအရ-**

| | | |
|---|---|---|
| **ဦးမင်းမင်းဝင်း(LL.B)** | **ဒေါ်ခင်မြမွန် (LL.B)** | **ဦးဝင်းညွှန့်(LL.B)** |
| **(စဉ်-၉၉၂၉)(၂၇-၅-၂၀၁၄)** | **(စဉ်-၁၂၂၀၆) (၁၄-၃-၂၀၁၇)** | **(စဉ်-၃၅၆၂၂)(၁၆-၁၂-၂၀၁၀)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ် (၁၆၁၆)၊ ဦးမင်းလမ်း၊ (၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၂၀၀၅၁၈၁၂၊ ၀၉-၄၂၀၀၆၈၁၇၃**

# အထူး ဂုဏ်ယူဝမ်းမြောက်ကြောင်း လျှောက်ထားလွှာ

ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီး၏နာယက လုရတနာဆရာတော် **ဘဒ္ဒန္တနာရဒါဘိဝံသ** သည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ (၄) ရက်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်သော **"အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်"**၊ နာယကဆရာတော် **ဘဒ္ဒန္တအာသဘ** သည် **"မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်"** ကိုချီးမြှင့်ခြင်းခံရပါသဖြင့် တပည့်ဒါယကာ/ဒါယိကာမမိသားစုများမှ ဝမ်းသာဂုဏ်ယူလျက်ရှိပါကြောင်းနှင့် သာသနာပြုလုပ်ငန်းများကိုသက်တော်ရာကျော်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ လျှောက်ထားအပ်ပါသည်ဘုရား။

**ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့**

## မတည်ငွေရင်း လျှော့ချကြောင်း ကြေညာခြင်း

K.H Techtural Construction Company Limited ၏ အထူးအထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ငွေရင်း ကျပ်သိန်း(၁၀၀၀) မှ ကျပ်သိန်း(၁၀၀)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**K.H Techtural Construction Company Limited**

## ရောင်းမည်

လက်ရှိအသုံးပြုနေသော V9 Roland (Japan) ဖိုင်ပေ စက်

**Model: FJ-740 K**

ဖုန်း-၀၉-၇၆၅၃၅၅၈၈၉

## အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၂)နေ မောင်ထက်လင်း၏ မိခင်အမည်မှန်မှာ မရုံးကျင်လျှင် ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မမိုးစန္ဒာ ၁၀/သထန(နိုင်) ၁၉၈၂၁၆ ၏ Passport-No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

## မြေချပါမစ် ပျောက်ဆုံးကြောင်း

ဦးကျော်လှ အမည်ပေါက်ဖြင့် ဦးအေးဇော် ပိုင်ဆိုင်သော အမှတ်(၉၄၆)၊ ၁၄၉ ရပ်ကွက် ၄၀'x ၆၀' ဒဂုံဆိပ်ကမ်း မြေချပါမစ် ပျောက်ဆုံးသွားပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၁-၂၀၂၁ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်နှင်းနှင်းရည်အစား ဒေါ်နှင်းနွယ်ရည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်-မန္တလေး
## မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ် - မန္တလေးတွင် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီ)ကန်ထရိုက်တာများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဆောင်ရွက်ရမည့်လုပ်ငန်းများ

(က) နှင်းဆီဆောင် မြေညီထပ် သံပန်းကာရံခြင်း(၁၀'၆"x၈'၆")(၁၂)ချပ် (၁၁' x ၁၁'၆") (၃)ချပ် ဆေးသုတ်ခြင်းလုပ်ငန်းအပါအဝင်

(ခ) Intensive Care Unit Rooms (၄၀' x၃၀' x၁၂')(၂)ခန်းပြုပြင်မွမ်းမံခြင်း

(ဂ) B ဆောင်နှင့်Cဆောင်ကြား(၁၅၀' x၂၁' x၁၀')သံတိုင်၊သွပ်မိုး ၁'၆" အမြင့်ယာဉ်ရပ်နားနေရာတည်ဆောက်ခြင်း

(ဃ) ယင်းမာဆောင် (C)ဆောင်(အတွင်း/အပြင် ဆေးသုတ်၊ ရေ၊ မီး၊ မိလ္လာအပါအဝင်) အကြီးစားမွမ်းမံခြင်း(၂၄၀' x၃၀' x၄၆')

(င) စာသင်ဆောင်(A)ဆောင်အတွင်း/အပြင်ဆေးသုတ်မွမ်းမံခြင်း(၂၉၀' x၃၂' x ၄၆')($T_1$ ၊ $T_2$ နှင့် Libraryအပါအဝင် (၃၇၈၆၆စ/ပေ)

၃။ တင်ဒါအချက်အလက်

အထက်ပါလုပ်ငန်းများအား ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ပြီး တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်သွင်းရမည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၁-၂၀၂၁ ရက်

**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၅-၂-၂၀၂၁ ရက်၊ ညနေ ၄:၃၀ နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - သူနာပြုတက္ကသိုလ်-မန္တလေး၊ စီမံရေးရာဌာန

လိုအပ်သည့် ပစ္စည်းအမျိုးအစားပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အတွင်းရေးမှူး တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၂-၈၁၂၇၃ ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သူနာပြုတက္ကသိုလ်- မန္တလေး**
**မန္တလေးမြို့**

## ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ဈေးအရှေ့ရပ်၊ ပတ္တမြားသော့တိုက်နေ ဦးစိန်ဝင်း (ခ)ဦးစိန်မောင်း ၉/မထလ(နိုင်) ၀၄၄၈၃၃ နှင့် ဇနီးဒေါ်နွဲ့နွဲ့ရီ ၉/မထလ(နိုင်)၀၄၄၄၆၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။




ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်ပြုလုပ်ပြီး အဆိုပါကုန်အမှတ်တံဆိပ်တွင်ပါရှိသော "YUMMY YUMMY"တံဆိပ်ဖြင့် ဟင်းချိုမှုန့်ထုတ်လုပ်ဖြန့်ဖြူး ရောင်းဝယ်ခြင်းလုပ်ငန်းကို ဦးစိန်ဝင်း(ခ) ဦးစိန်မောင်းနှင့် ဇနီးဒေါ်နွဲ့နွဲ့ရီတို့က တစ်ဦးတည်းမူပိုင်ဖြင့် ယင်းကုန်အမှတ်တံဆိပ်ကို အသုံးပြုမည်ဖြစ်ပါသည်။

ယင်းသို့ "YUMMY YUMMY" တံဆိပ်ကို အသုံးပြုပြီး ဟင်းချိုမှုန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန် ဖော်ပြပါကုန်အမှတ်တံဆိပ်ကို မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်ပြုလုပ်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယခုအများသိစေရန် ကြေညာချက်သတင်းစာတွင်ပါရှိပြီးနောက် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုများမရှိပါက ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၄၁၅) (၃၁-၁၀-၈၃)**
**အမှတ် (၄/၂၃၃)၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့၊**
**ဖုန်း-၀၉-၂၂၀၀၃၄၃၊ ၀၉-၇၉၂၂၀၀၃၄၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
## တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ စက်ကိရိယာများ၊ (သင်ကြားရေးနှင့် သုတေသနလုပ်ငန်းသုံး)၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုသည့်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်ပါသည်-

| | | | |
|---|---|---|---|
| (က) | Machinery & Equipment (ME) | - | (၂၅) မျိုး |
| (ခ) | Office Equipment (OE) | - | (၄) မျိုး |
| (ဂ) | ပရိဘောဂ | - | (၁၈) မျိုး |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် သတင်းစာကြော်ငြာပါသည့်ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ၅-၂-၂၀၂၁ရက် ညနေ(၄:၀၀)နာရီ နောက်ဆုံးထားလျက် တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို ထပ်မံ၍ ကြေညာပေးပါမည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဤတက္ကသိုလ် ဘဏ္ဍာရေးဌာနခွဲ ဖုန်း-၀၉-၉၄၀၄၀၆၁၃၈ နှင့် maeu.finance2016@gmail.com သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်မှ မြေရေယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၁၆၇၉)၊ ဦးမြင့်ထူး ၉/လဝန(နိုင်)၁၂၀၁၄၁ (ဘ)ဦးအုံးမောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးသန်းထွန်းဇော် ၁၄/ကလန(နိုင်)၀၉၀၃၈၃ (ဘ)ဦးသံချောင်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၈၃/၂၀၂၀) တင်ပြ၍ ဦးကျော်ကျော်ချို၊ ဒေါ်ဇင်သူဇာသိန်း၊ ၁၂/လမန(နိုင်)၁၃၀၁၃၀၊ ၁၀/မလမ(နိုင်)၂၀၆၇၇၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ် (ငါးပါးသီလစာသင်ကျောင်းကွက်)၊ ဦးပိုင်အမှတ် (၉၇၉)၊ ဧရိယာ (၀.၀၆၉)ဧက၊ အမှုတွဲအမှတ် ၅၅၄-၅/၂၀၁၇-၂၀၁၈ (အေ)ဖြင့် ဦးကျန်းပင်ကျောင်း(ကွယ်လွန်)မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရန်ကွေ့ရီမှ အမွေဆက်ခံ၍ စာချုပ်အမှတ် (၃၀၇၊/၂၀၂၀)ဖြင့် ဦးကျန်းကျီးချောက် ၁၃/လရန(နိုင်)၁၈၉၈၀၀ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဦးကျန်းကျီးချောက်မှ အမည်ပြောင်းလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး။ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း။ မြေကွက်အမှတ်(၃၁)၊ အိမ်ခြံအမှတ်(၆) အကျယ်အဝန်း (၆၀x၈၀)ပေ၊ ဒေါ်ရင်မြ (၁၂/မရက(နိုင်)၀၆၂၃၇၃ ကိုင်ဆောင်သူ ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိသောအိမ်နှင့်ခြံအား ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရံငွေတစ်စိတ်တစ်ဒေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စအားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးမြင့်ဦး (LL.B) ဥပဒေတွဲ့**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၅)**
**အမှတ်(၁၄)၊ ပန်းပင်ကြီးလမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ ၅၁၈၈၅၆၄**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၂)၊ စိတ္တရမဟီလမ်းနေ ဦးထိန်ဝင်း ၉/မထလ(နိုင်)၁၁၆၀၉၄ မှ (အလျား ၃၇'-၀" x အနံ ၃၂'-၀") RC (၁)ထပ်အဆောက်အအုံဆောက်လုပ်ရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့်တင်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်**
**စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၆)၊ နယ်မြေ(၄)၊ အကွက်အမှတ် (ကုလားကျောင်းကွက်)၊ ဦးပိုင်အမှတ်(၆၀/ဃ)၊ မြေဧရိယာ (၀.၀၄၆)ဧကရှိ မြေနေရာအား ဦးအောင်မျိုးဟိန်းမှ ၎င်းအမည်ဖြင့် မြို့မြေခပေးဆောင်ထားသောပြေစာများဖြင့် မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးဆွဲ၍ ဦးအောင်မျိုးဟိန်း ၁၃/နမတ(နိုင်)၀၄၃၅၇၃ မှ မြေငှားလိုင်စင်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၅ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

၉-၁-၂၀၂၁ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမှ ကျောက်ပန်းတောင်း (ပုဂံ-ညောင်ဦး)သို့ ကားဖြင့်သွားခဲ့ရာ လမ်းတွင် ဘေးလွယ်အိတ်တစ်လုံး ပျောက်ဆုံးခဲ့ပါသည်။ အိတ်ထဲတွင် 4G/4715 (Wish) အဖြူရောင်၏ ကားလိုင်စင်၊ ဝိုးတက် ယာဉ်မောင်းလိုင်စင် 04417/13 ဦးသက်လွင်ဦး ၉/မမန(နိုင်)၀၇၆၈၁၃ နှင့် ဖုန်း(၃)လုံး ပျောက်ဆုံးခဲ့ပါသည်။ တွေ့ရှိပါက အောက်ပါဖုန်းသို့ ဆက်သွယ်၍ အကြောင်းကြားပေးပါ။

**(ကျေးဇူးဆပ်ပါမည်။)**

ဖုန်း- ၀၉-၄၅၄၄၂၆၇၂၆၊ ၀၉-၇၇၈၉၉၇၈၅၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အမှတ် ၁၀၀၃၂၉၊ ခုံအမှတ်-ဒပန-၄ဖြင့် အောင်မြင်ခဲ့သော ဦးကျော်သာထွန်း၏သမီး မသန္တာရွှေနှင့် မသန္ဒာရွှေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

## ဒေါ်မြမြစိန်(IWTC)

## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၀၀/၁၂) ၊ ဆိပ်ကမ်းသာလမ်းနေ (ဦးမြတ်ကျော်-စား/ဖျော်)၏ဇနီး၊ ဦးဝင်းမြတ်-ဒေါ်ယုယုလှိုင်၊ ဦးဇော်ထွန်းအောင်-ဒေါ်ဝါဝါမြတ်၊ ဦးထွန်းမြတ်တို့၏ချစ်လှစွာသောမိခင်ကြီး၊ (ကိုဘုန်းမြတ်လှိုင်)-မသဇင်ဘုန်းဇော်၊ ကိုကောင်းမြတ်လှိုင်- မအိမွန်ထူး၊ ဗိုလ်ကြီးဇော်မော်ဟိန်း-မမြတ်ယုဇနလှိုင်၊ ဒေါက်တာဟိန်းမြတ်ဇော်၊ မမြတ်သဇင်အောင်၊ မောင်ဘုန်းမြတ်နိုင်တို့၏ချစ်လှစွာသောအဘွား၊မြစ်သုံးယောက်တို့၏ဘွားဘွားဖြစ်သူရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၃/အေ၊ မြသီရိလမ်းသွယ်၊ အေဝမ်းလမ်းနေ ဒေါ်မြမြစိန် သည် ၁၂-၁-၂၀၂၂ရက် နံနက် ၁၁:၂၀နာရီတွင် ၉၆ပါးရောဂါဝေဒနာတို့ဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို မိခင်ကြီး၏ ဆန္ဒအတိုင်း ၁၂-၁-၂၀၂၂ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာမီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတိုအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြမြစိန်

## အသက်(၈၅)နှစ်

စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)မှ ဒုတိယဗိုလ်မှူးကြီးထွန်းမြတ်(ငြိမ်း)(ခ) ဘိုကြီး၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်မြမြစိန် အသက် (၈၅)နှစ်သည် ၁၂-၁-၂၀၂၂ ရက် နံနက် ၁၁:၂၀ နာရီတွင် ၉၆ ပါးသောရောဂါဝေဒနာတို့ဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)မှ**
**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ဦးစောလွင်

### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)

### စာရင်းစစ်ချုပ်ရုံး

### အသက် (၈၁)နှစ်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ သစ်တောလမ်း၊ အမှတ် (၆၁)၊ စွန်မွန်ရပ်ကွက်နေ (ဒေါ်မြမြစိန်) (မုဒုံ) အလယ်တန်းပြဆရာမ(ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာစောကလျာ၊ ဦးမင်းရောထိုက်-ဒေါ်နုနုလှိုင်၊ ဦးမျိုးမြင့်လွင်-ဒေါ်စောမူယာ၊ (ဦးမင်းဇေယျာပိုက်)၊ ဦးအောင်စိုး-ဒေါ်စောနီတြာ၊ ဗိုလ်မှူးမင်းနေဇာဝိုက်-ဒေါက်တာ ဇင်မာမြင့်အောင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေး လေး ယောက်တို့၏ အဘိုးသည် ၁၂-၁-၂၀၂၂ရက် နံနက် ၈:၂၀နာရီတွင် ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ကျိုင်းတုံမြို့ ဟွေ့ဖျန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဇော်မြင့်လှိုင်(ခ)ကိုဇော်

### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း၊ သီရိမင်္ဂလာလမ်းသွယ်၊ (၆)ရပ်ကွက်၊ အမှတ်(၃၅)နေ (ဦးထွန်းလှိုင်)(ဒု-ညွှန်ချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ခင်လှမြင့် တို့၏သား၊ (ဦးဝင်းမြင့်လှိုင်)-ဒေါ်သီဂီလွင်၊ (ဦးလင်းမြင့်လှိုင်)-ဒေါ်မေနှင်းလွင်၊ ဦးကျော်မြင့်လှိုင်(ညွှန်/ချုပ်-ငြိမ်း၊ ဆည်/ရေ)-ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး-ငြိမ်း၊ ယဉ်ကျေးမှု) တို့၏ညီ၊ တူ၊ တူမ (၄)ယောက်တို့၏ဦးလေးသည် ၁၁-၁-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၂:၅၀ နာရီတွင် SSC အထူးကုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဇော်မြင့်လှိုင်(ခ)ကိုဇော်

### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း၊ သီရိမင်္ဂလာလမ်းသွယ်၊ (၆)ရပ်ကွက်၊ အမှတ်(၃၅)နေ (ဦးထွန်းလှိုင်)(ဒု-ညွှန်ချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ခင်လှမြင့်တို့၏သား ဦးဇော်မြင့်လှိုင်(ခ)ကိုဇော်သည် ၁၁-၁-၂၀၂၂ရက် နံနက် ၂:၅၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ(ရန်ကုန်တိုင်းဒေသကြီး-ပဲခူးမြို့)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ရဟန်းဒါယိကာမကြီး

## ဒေါ်ကျင်ရွှေ

### အသက်(၁၀၈)နှစ်

နေပြည်တော်၊ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ဗိုလ်လက်ျာလမ်း၊ အမှတ်(၄/၄၈)နေ (ဦးဝှက်လာ)၏ ဇနီး၊ ဦးစိန်ဝင်း-ဒေါ်အေးကြည်(အေလာ ပွဲရုံ)၊(ဦးစိန်မြင့်-ဒေါ်ကြူကြူ)၊(ဦးငွေး)-ဒေါ်မြမြဝင်း၊(ဒေါ်ခင်ခင်အေး)၊ ဦးတင်အေး-ဒေါ်ခင်မေကြူ၊ ဒေါ်နုနု၊ ဦးစိန်လှိုင်-ဒေါ်မိမိဆွေ၊ ဦးစိန်ငွေး-ဒေါ်လှလှ၊ဦးအောင်ဝင်း-ဒေါ်မြမြမူတို့၏ မိခင်၊ မြေး ၂၅ ယောက်၊ မြစ် ၁၆ယောက်၊တီ သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၁-၂၀၂၂ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၃-၁-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၂၂ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ကြည်

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ် (၃၃/B)၊ ပထမထပ်နေ (ဦးဘအောင်-ဒေါ်ဖွားတင်)တို့၏သမီး၊ (ဦးစိုးရှိန်-ဒေါ်ပြုံးကြည်)တို့၏ညီမ၊ ဦးကျော်ညွန့်-ဒေါ်ခေမာဝတီ(ခ)ဒေါ်ခင်လှမွန်၊ (ဦးမြင့်ဟန်)-ဒေါ်လှကြည်၊ ဦးတင်အုန်း -ဒေါ်မွန်မွန်စိုး တို့၏အစ်မ၊ (ဦးဝင်းမြင့်)၊ ဒေါက်တာဒေါ်သင်းသင်းလှိုင်၊ (ဦးကျော်သူရ(ခ)ဖိုးသူရ)၊ဒေါ်ရွှေဝါလှိုင် AGTI (Civil)၊ ဒေါ်စုစုလှိုင်(ဒု-ညွှန်မှူး၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဒေါ်အေးအေးလှိုင်(ခေတ္တ-ဂျပန်) တို့၏ ချစ်လှစွာသောမိခင်၊ မောင်ကောင်းမြတ်မိုး(အန်တီမို့စားသောက်ကုန်)-မဖူးပွင့်သင်း(စံတျာမေအထည်ချုပ်လုပ်ငန်း)၊ မအေးမို့မိုကျော်(ခ) Ekomi (ခေတ္တ-ဂျပန်)တို့၏အဘွား၊ မောင်သူရလွင်မိုးသန့်(ခ) Woody ၏ အဘွားသည် ၁၂-၁-၂၀၂၂ရက် (အင်္ဂါနေ့)နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၂ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင်ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်

## အလှူ့ဒါယကာကြီး

## ဗိုလ်မှူးဇော်ဝင်း(ငြိမ်း) (လေ-၁၀၉၆)

## မော်ကွန်းဝင် (ဒုတိယဆင့်)

## လူမှုထူးချွန် (ပထမဆင့်)

## အသက် (၉၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံ (၁)လမ်း၊ အမှတ် (၉၉)နေ (ဦးစိန်-ဒေါ်စိုးမေ)တို့၏သား၊ (ဦးဘီယား-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ (ဒေါ်တင်တင်ဝင်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ငွေးဝင်း-ဦးတင့်ထူး၊ ဦးမြင့်ဇော်-ဒေါ်မြတ်မြတ်မွန်၊ ဒေါ်နီနီဝင်း-ဦးတင်မောင်စော၊ ဦးထင်အောင်ဇော်၊ ဒေါ်စပယ်ဝင်း-ဦးတင်ဇော်ညွန့်၊ ဒေါ်ညိုညိုဝင်း-(ဦးစန်းမြင့်)၊ ဒေါ်ပြုံးပြုံးဝင်း- ဦးသန်းအောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီးသည် ၁၁-၁-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၈:၅၅နာရီတွင် ၉၆ ပါးရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးကောင်းထုံတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်

## အလှူ့ဒါယကာကြီး

## ဗိုလ်မှူးဇော်ဝင်း(ခ) Zhān Fú Shēng (ငြိမ်း)

## လေ(၁၀၉၆)

## မော်ကွန်းဝင်(ဒုတိယဆင့်)

## လူမှုထူးချွန် (ပထမဆင့်)

## အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံ ၁လမ်း၊ အမှတ် ၉၉နေ [ ဦးစိန်(ခ)ကျန်းစီလင်း-ဒေါ်စိုးမေ]တို့၏သား၊ (ဦးဘီယား- ဒေါ်ကြည်ကြည်)တို့၏သားသမက်၊(ဒေါ်တင်တင်ဝင်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မေသက်ဇော်(Japanese Translator)၊ ဒေါ်အေးမြတ်ခိုင်(ခ)ပို့ပို့(P.I.E.L.C private school)၊ ဒေါ်ယဉ်လဲ့ဖြူ(ခေတ္တ- စင်ကာပူ)-ဦးရဲနန္ဒာလှရွှေ(ခေတ္တ-စင်ကာပူ)၊ ဦးရဲလင်းအောင် (ခေတ္တ-စင်ကာပူ)၊ကိုအောင်ခန့်မင်း(ခေတ္တ-စင်ကာပူ)၊ ကိုသက်ပိုင်ထက်(ခေတ္တ-စင်ကာပူ)၊ မယဉ်မင်းအေး၊ မောင်ရှင်းသန့်တင်ဇော်(10-E, T.T.C)၊ မဆုရတီတင်ဇော်(7-F, T.T.C)တို့၏ အဘိုးသည် ၁၁-၁-၂၀၂၂ရက် (တနင်္လာနေ့)နံနက် ၈:၅၅ နာရီတွင် ၉၆ ပါးရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ ညနေ၄နာရီတွင်ရေဝေးကောင်းတုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမြေးတစ်စု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်မြိုင်မြိုင် (အထက-၁၊ ကမာရွတ်)

## (အထက -၄ ဗိုလ်တထောင် ဒုကျောင်းအုပ်)

## အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ တိုက်အမှတ် ၂၈၊ ပထမထပ်နေ (ဦးတတ်နီအောင် -ဒေါ်စိန်ဦး)တို့၏သမီး၊ (ဒေါ်ခိုင်ခိုင်)၏ညီမ၊ (ဦးမောင်ကြီး)၊ ဒေါ်ထားခင်၊ ဒေါ်လှကြည်၊ (ဦးစိုးဝင်း)၊ (ဦးစိန်ဝင်း)၊ ဦးသန်းထွန်း၊ (ဦးဝင်း မောင်)တို့၏အစ်မ၊ တူ၊ တူမ ၁၅ယောက်တို့၏အဒေါ်၊ မြေး ၁၆ယောက်၊ မြစ် ငါးယောက်တို့၏အဘွားသည် ၁၁-၁-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၂၀နာရီတွင် လူကြီးရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မြင့်(မော်တင်ဈေး)

### အသက် (၉၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)လမ်း၊ အမှတ် (၆၄)နေ (ဦးအောင်ငြိမ်း)၏ချစ်ဇနီး၊ဦးဝင်းမြင့်(ဥက္ကဋ္ဌ၊လမ်းမတော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်လှ လှအိတို့၏မိခင်၊ ဒေါ်သန်းသန်းထွေး (ဆန်းသစ်မြိုင် ဆန်ရောင်းဝယ်ရေး)၏မိခင်၊ မအေးအေးခိုင်(ခ)ဆရာမမျိုးသင်္ဂီ၊ ကိုဟိန်းထက်ဝင်း-မအိဇင်ကို၊ မခင်ဆုမြတ်ဝင်း၊ မမေဖူးပွင့်ဝင်းတို့၏ချစ်လှစွာသော အဘွားသည် ၁၁-၁-၂၀၂၂ ရက် နံနက် ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက် လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဇော်မြင့်လှိုင်(ခ)ကိုဇော်

### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခုနစ်မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း၊သီရိမင်္ဂလာလမ်းသွယ်၊ (၆)ရပ်ကွက်၊ အမှတ် ၃၅နေ (ဦးထွန်းလှိုင်)(ဒု-ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ခင်လှမြင့်တို့၏သား၊ ဦးကျော်မြင့်လှိုင်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၏ညီ ဦးဇော်မြင့်လှိုင်(ခ)ကိုဇော်သည် ၁၁-၁-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၂:၅၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၇)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု**
**စီမံခန့်ခွဲရေးဦးစီးဌာန**

## ဆည်မြောင်း

## ဝန်ထမ်းဟောင်းများအသင်း

## ဦးဇော်မြင့်လှိုင်

## (ခ)ကိုဇော်

### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခုနစ်မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း၊ သီရိမင်္ဂလာလမ်းသွယ်၊ (၆)ရပ်ကွက်၊ အမှတ် ၃၅နေ ဦးကျော်မြင့်လှိုင်၏ ညီ ဦးဇော်မြင့်လှိုင်(ခ)ကိုဇော်သည် ၁၁-၁-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၂ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## သွေးသည်အသက်

# ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးခေါ်ယူကျင်းပပေးပါရန် တင်ပြတောင်းဆိုလွှာတင်သွင်းထားခြင်းနှင့်စပ်လျဉ်း၍ အထူးအစည်းအဝေးခေါ်ယူကျင်းပရန် မရှိကြောင်း သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
သတင်းထုတ်ပြန်ချက်အမှတ် (၁ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

၁။ ဦးသောင်းအေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပျော်ဘွယ်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီးအပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးခေါ်ယူကျင်းပပေးပါရန် ၁၁-၁-၂၀၂၁ ရက်စွဲပါစာဖြင့် တင်ပြတောင်းဆိုလွှာတင်သွင်းထားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကထံမှ ဦးသောင်းအေးနှင့်အဖွဲ့ထံသို့ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၂-၁-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၂/၄/၁၀ (၅) / ပထစ -၂၀၂၁ ဖြင့် အောက်ပါအတိုင်း ပြန်ကြားထားပါသည်-

"ဦးသောင်းအေး အပါအဝင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၃ ဦး၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၆၀ ဦး၊ ပေါင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၄ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၇ တို့ကို ရည်ညွှန်း၍ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ယူပေးရန် ၁၁-၁-၂၀၂၁ ရက်စွဲပါစာဖြင့် တင်ပြတောင်းဆိုထားပါသည်။

ပြည်ထောင်စုလွှတ်တော် အထူး၊ အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၁၊ ၈၂၊ ၈၃နှင့် ၈၄ တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

"၈၁။ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

( ခ ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူများ၏ အမှတ်စာရင်းကို Website တွင် အခမဲ့ကြည့်ရှုနိုင်မည့် အစီအစဉ် အသိပေးကြေညာ

COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူများ၏ အမှတ်စာရင်းကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက် (၆:၀၀) နာရီမှစတင်၍ Website တွင် အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းအား အသိပေးကြေညာအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် https://mmexamscore.org တွင် ဝင်ရောက်ပြီး မိမိ၏ ခုံအမှတ်နှင့် မွေးသက္ကရာဇ် (ရက်၊ လ၊ ခုနှစ်) တို့ကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ မိမိတို့၏ အမှတ်စာရင်းများကို ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။ ရုံးများသို့ လာရောက်လျှောက်ထားခြင်း မပြုရန်မေတ္တာရပ်ခံပါကြောင်းနှင့် အမှတ်စာရင်းထုတ်ပေးမည် မဟုတ်ပါကြောင်း၊ Covid-19 ကာကွယ်ထိန်းချုပ်တားဆီးနိုင်မှု အခြေအနေအရ အမှတ်စာရင်းများကို ထုတ်ပေးမည့် အစီအစဉ်အား ကြိုတင်အသိပေးမည် ဖြစ်ပါသည်။

အမှတ်စာရင်းကြည့်ရှုနည်း လမ်းညွှန် ရုပ်သံဖိုင်ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ Website နှင့် Facebook Page ဖြစ်သော https://mmexam-score.org နှင့် https://www.facebook.com/exams.mm တို့တွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှစ၍ ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန



## ကယားပြည်နယ်၏ ခရီးစဉ်ဒေသသစ်တစ်ခု ဖြစ်လာမည့် ဒီးမော့ဆိုမြို့နယ်ရှိ ခူးပရာတောင် (ခေါ်) ရွှေတောင်တန်း

**ဒီးမော့ဆို ဇန်နဝါရီ ၁၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ခူးပရာကျေးရွာရှိ ခူးပရာတောင် (ရွှေတောင်တန်း) ကို **(အပေါ်ပုံ)** ကိုဗစ်အလွန်ကာလတွင် ခရီးစဉ်ဒေသအသစ်တစ်ခုအဖြစ် ဖော်ဆောင်နိုင်ရန်အတွက် လေ့လာလျက်ရှိကြောင်း သိရသည်။

"ဒီးမော့ဆိုမြို့နယ် ခူးပရာကျေးရွာမှာရှိတဲ့ ရွှေတောင်တန်းက အမြင့်ပေ ၅၀၀၀ ကျော်ရှိတဲ့ တောင်တန်းတစ်ခုဖြစ်ပါတယ်။ တောင်ပေါ်ကနေကြည့်လိုက်လို့ရှိရင် သဘာဝအလှအပတွေနဲ့ ပြည့်စုံတဲ့နေရာတစ်ခု ဖြစ်ပါတယ်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ✻

## စပိန်စူပါဖလား ဗိုလ်လုပွဲသို့ တက်လှမ်းမည့်အသင်းက ဆိုစီဒက်လား၊ ဘာစီလိုနာလား



စပိန်စူပါဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ရီးရဲဆိုစီဒက်အသင်းနှင့် နာမည်ကြီး ဘာစီလိုနာအသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၁၄ ရက် နံနက် ၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ စပိန်စူပါဖလား လက်ရှိချန်ပီယံမှာ ရီးရဲမက်ဒရစ် အသင်းဖြစ်ပြီး ဗိုလ်လုပွဲတွင် အက်သလက်တီကို မက်ဒရစ်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ်တွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ (၁၁) ကြိမ်မြောက် ဆွတ်ခူးထားနိုင်ခြင်းဖြစ်သည်။

ရီးရဲဆိုစီဒက်အသင်းသည် ရာသီအစတွင် ပုံစံကောင်းပြသထားနိုင်သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ခြေစွမ်း ကျဆင်းလာပြီး ရှုံးပွဲမကြာခဏကြုံတွေ့နေရသည့်အသင်းဖြစ်သည်။ ဆိုစီဒက်အသင်းသည် လာလီဂါအမှတ်ပေးဇယားတွင် ၁၉ ပွဲကစားပြီး ဆီဗီလာအသင်းနှင့်

*စာမျက်နှာ ၁၁ ကော်လံ ၅* ○

## အကြမ်းဖက်သမားများအားထောက်ပံ့သည့် နိုင်ငံများစာရင်းတွင် ကျူးဘားကို ပြန်လည်ထည့်သွင်း

စာ » ၁၂

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း တိုးလာသည့် အခြေအနေကို ထိန်းချုပ်ရန် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာ

စာ » ၁၃

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ » ၁၅